www.burmeseclassic.com

လုံးချင်းဝတ္ထုသစ်

# သင်ငြမြှုတ်ဝန်း

မင်းလေးနဲ့အတူတူ



2013

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


မျက်နှာဖုံး - ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ်(၂)၊
ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျင်ရင် (မြ-၁၀၀၉၈)
(ရွှေခြသေ့်ပုံနှိပ်တိုက်)
အမှတ်-၁၇၉၊ ၃၁လမ်း၊ (၁၁)ရပ်ကွက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း - ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ။

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၁၀၀ ကျပ်

ဖြန့်ချိရေး - စိုးလပြည့်စာပေ
အမှတ်-၂၂၇၊ ၃လွှာ၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၈၉၈၉၄

၈၉၅·၈၃

သင်မြတ်နိုး
မင်းလေးနဲ့အတူတူ/သင်မြတ်နိုး၊ ရန်ကုန်။
ရဲအောင်စာပေ၊ ၂၀၁၃။
(၂၅၆)စာ၊ ၁၂ စင်တီမီတာ × ၁၇·၇ စင်တီမီတာ
(၁) မင်းလေးနဲ့အတူတူ


အခန်း ( ၁ )

ဒေါ်တိမ်နန်းစံ ... အသက်(၇၀)အရွယ်။ အရွယ်နှင့်မမျှအောင် နုပျိုချောမောသန့်စင်နေဆဲ။ အတွန့်တွေ၊ မာနတွေ၊ မောက်မာထောင်လွှားမှုတွေနှင့် ရောပြွမ်းနေတဲ့ မာထန်နေတဲ့မျက်ဝန်းအစုံ။

လွန်ခဲ့တဲ့ တစ်နှစ်လောက်က ယာဉ်တိုက်မှုတစ်ခုဖြစ်ပြီး အောက်ပိုင်းတစ်ခုလုံး အကြောတွေ တုန့်ဆိုင်းသွားခဲ့ရ၍ ဘီးတပ်ကုလားထိုင် Wheel Chair ပေါ်တွင် ထိုင်နေရတဲ့ဘဝ။

မာန်တွေ ပြည့်နှက်လွန်းတဲ့ မျက်နှာထားနှင့် တစ်လောကလုံးကို အံတုစိန်ခေါ်နေဆဲပင်။

"ဒေါ်တိမ်နန်းစံက စိတ်ဓာတ်မာကျောသူပါ ... လေ့ကျင့်ခန်းတွေ လုပ်ပေးရင်း အကြောတွေကပြန်ပြီး ရှင်သန်နိုးထလာနိုင်ပါတယ်၊ အသက်က စကားပြောတော့ နည်းနည်းလေး အချိန်ယူ

စိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ယ်ထင်တယ် _ လိုအပ်မယ်ဆိုရင်တော့ မိသားစုဆရာဝန်တစ်ယောက်လောက် အိမ်မှာခေါ်ထားစေချင်ပါတယ်”

မိမိကို ဆေးကုသပေးနေတဲ့ ဆရာဝန်ကြီးရဲ့ အကြံပြုချက်နှင့် ထိုဆရာဝန်ကြီးကပင် ရွေးချယ်ပေးတဲ့ ဆရာဝန်မလေး ဒေါက်တာ ချစ်ခြင်းဘုံကို ဒေါ်တိမ်နန်းစံ လက်ခံတွေ့ဆုံနေခြင်းဖြစ်သည်။

“ဒေါက်တာ့နာမည်က ချစ်ခြင်းဘုံနော် … အင်း … အရွယ်က နုပျိုလန်းဆန်းတဲ့ အရွယ်လေးပဲ၊ ကျူပ်ထင်ထားတာက ဝါရင့်သဘာရင့်ဆရာဝန်တစ်ယောက် ပို့ပေးမယ်လို့ထင်တာ … ဒေါက်တာက ဆရာဝန်ဖြစ်တာ မကြာသေးဘူးထင်တယ်နော်”

မိမိကို ဆေးကုသပေးနေတဲ့ အထူးကုဆရာဝန်ကြီးက ဘာဖြစ်လို့များ ဒေါက်တာ ချစ်ခြင်းဘုံလို ငယ်ရွယ်နုပျိုလန်းဆန်းနေတဲ့ ချောချောလှလှ မိန်းကလေးကိုမှ ရွေးချယ်စေလွှတ်လိုက်ရတာလဲ။

စဉ်းစားမရ။

ဒေါက်တာ ချစ်ခြင်းဘုံက အရမ်းလှပလွန်းတယ်။

အသားအရည် ဝင်းအိအိဖန့်ဖန့်လေးပေါ်မှာ ပါတိတ်အနက်ရောင်နှင့် အဖြူရောင်အရွက်အခက်တွေ ရောယှက်နေတဲ့ အင်္ကျီလက်ပြတ်လေးနှင့် ဝမ်းဆက်ဝတ်ဆင်ထားတာ လိုက်ဖက် ပဏာရလွန်းနေသည်။

“ကောင်းပြီလေ … ကျူပ်ကို ဆေးကုသပေးနေတဲ့ ဆရာဝန်





ကြီးက သင့်တော်မယ်ထင်လို့ လွှတ်ပေးလိုက်တာပဲ … ကျူပ် လက်ခံရမှာပေါ့၊ ကျူပ်က သမားတော်ဆို အိုမှသဘောကျတယ် … အင်းလေ … ညည်းကတော့ ကျူပ်ကို သူနာပြုအဆင့်လောက် ပြုစုပေးနိုင်မှာပဲ ရှိလိမ့်မယ်”

“ရှင် … ”

“ဘာပဲဖြစ်ဖြစ်လေ … ကျူပ်လက်ခံပါတယ် ဒေါက်တာ၊ ညည်းနေရမယ့်အခန်းက ကျူပ်ဘေးခန်းမှာ စီစဉ်ပေးထားတယ်လေ … အခုလောက်ဆိုရင်တောင် ညည်းပစ္စည်းတွေ နေသားတကျထားပြီးပြီထင်တယ်”

“ဟုတ်ကဲ့ အဖွားစံ”

“ဒေါက်တာ … ”

“ပြောပါ”

“ကျူပ်တို့မိသားစုဝင်တွေအကြောင်းတော့ မစပ်စုဖို့ ကျူပ်သတိပေးထားချင်တယ် ဒေါက်တာ … ”

“ရှင် … သြော် … ဘုံ မစပ်စုတတ်ပါဘူး အဖွားစံ … ”

“ဒါပါပဲ ဒေါက်တာ … ကိုယ့်အခန်းကိုသွားနားလို့ ရပါပြီ”

ဒေါ်တိမ်နန်းစံဆိုတဲ့ အဖွားကြီးအနားကနေ ချစ်ခြင်းဘုံထလာခဲ့သည်။

အဖွားကြီးနှင့်ကပ်လျက် ချစ်ခြင်းဘုံအခန်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲဝင်လိုက်သည်နှင့် မွေးပြန့်ထုံသင်းကြိုင်နေပြီး တန်ဖိုးကြီး အသုံးအဆောင်ပစ္စည်းတွေနှင့် ပြည့်နှက်နေသည်။

နေချင့်စဖွယ်လေး။

အပြာနုနုလေးတွေ လွှမ်းနေတဲ့ အိပ်ရာလေး ဘုံနှစ်သက်သည့်အရောင်။

"ချစ်ခြင်းဘုံ ... သွားချင်တယ်ဆိုလို့ ဆရာက လွှတ်ပေးတာပါ။ အိမ်ရှင် ဒေါ်တိမ်နန်းစံက လူမှုရေး နားမလည်ဘူး၊ သူပြောချင်တာရှိရင် မညှာမတာပြောဆိုတတ်တယ် ... မောက်မောက်မာမာလည်း ဆက်ဆံတတ်တယ်"

"ရပါတယ်ဆရာ ... မဟာစံခြိကြီးထဲကို ဘုံသွားချင်ပါတယ်၊ အဲဒီထဲမှာ ဘုံ့မေမေရှိတယ်၊ ဖေဖေ မသေခင် ဘုံ့ကိုပြောပြတာက မဟာနွယ်ခြံကြီးထဲက ဒေါ်တိမ်နန်းစံရဲ့သားကြီးနဲ့ယူသွားတာတဲ့"

မေမေ ဒေါ်သီရိရှင်းက ဘုံသုံးနှစ်သမီးအရွယ်မှာ နောက်အိမ်ထောင်ပြုသွားသဖြင့် မဟာနွယ်ခြံကြီးထဲမှာ ရှိနေသည်။

ဝီးချဲလ်ပေါ်မှာထိုင်နေတဲ့ ဒေါ်တိမ်နန်းစံရဲ့ ချွေးမအဖြစ်ပါ။

ဘုံ့အနေနှင့် မေမေ့ကို လုံးဝမှတ်မိနိုင်မှာမဟုတ်ပေမယ့် ဘုံနှင့်တူလွန်းသူတဲ့။

ကျောက်မဲမြို့လေးရဲ့ အစွန်အဖျား ခြံကြီးထဲ ချစ်ခြင်းဘုံ စွန့်စွန့်စားစား ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။





"အဖွားကြီးက ငယ်ငယ်က တော်တော်လေးထက်မယ့်ပုံပဲ၊ မျက်နှာကြောက တင်းနေတာပဲ ... မစပ်စုနဲ့တဲ့၊ မေမေ ဘယ်လောက်များ နှိမ်ချဆက်ဆံခံနေရလဲ"

ဖေဖေ လက်ထဲကနေ မေမေ့ကို လုယူသွားတာက ဖေဖေ့သူငယ်ချင်း ဦးရဲမာန်ပါ။

နာမည်အပြည့်အစုံက ဦးတိမ်ရဲမာန်။

"ဖေဖေက သမီးမေမေကို စိတ်နာကြီးခဲ့ပေမယ့် တကယ်တမ်းတွေးကြည့်တော့လည်း ဖေဖေ့အမှားတွေလည်း ပါတယ်ဘုံ၊ အောင်မြင်တဲ့လုပ်ငန်းရှင်ကြီးဆိုတော့ အလုပ်တွေအရမ်းများပြီး မိသားစုအပေါ် နွေးနွေးထွေးထွေးမရှိခဲ့ဘူးလေ ... သမီး မေမေကို ချောင်ထိုးထားတယ်ဆိုပါတော့၊ နောက်ဆုံး ... သူငယ်ချင်းတိမ်ရဲမာန်နဲ့ ဖောက်ပြန်တယ်၊ အဖေနဲ့သမီးကို ထားခဲ့တယ်လေ"

ဖေဖေ့ကျန်းမာရေး ချို့တဲ့လာသောအချိန်တွင် မေမေနှင့်တွေ့ဆုံခွင့်ရလျှင် သွားရောက်တွေ့ဆုံဖို့ မှာကြားခဲ့သည်။

ချစ်ခြင်းဘုံလည်း ဓါတ်ပုံလေးတောင် အမှတ်တရမရှိ။

မေမေနှင့်ပတ်သက်သမျှ အမှတ်တရတွေအားလုံးကို ဖေဖေ မီးရှို့ဖျက်စီးပစ်ခဲ့သည်။

ဒါပေမဲ့လည်း ချစ်ခြင်းဘုံ အရွယ်ရောက်လာတဲ့အခါမှာတော့ မေမေ့ကို တမ်းတမ်းတတ တွေ့ချင်လာသည်။

www.burmeseclassic.com



"ချစ်ခြင်းဘုံ သွားချင်တဲ့ ကျောက်မဲမြို့အစွန်က မဟာနွယ်ခြံကြီးထဲမှာ ဆရာဝန်တစ်ယောက် လိုအပ်နေတယ် ချစ်ခြင်းဘုံ သွားမလား ..."

"သွားပါ့မယ် ဆရာ ... ဘုံ့အတွက် အကြီးမားဆုံးအခွင့်အရေးပါပဲ ... ကူညီပါနော်"

ကျောက်မဲမြို့လေးဖာတိ ... ချစ်ခြင်းဘုံရဲ့ ဆရာဒေါက်တာဥာဏ်သာရဲ့ အကူအညီနှင့်ပင် ချစ်ခြင်းဘုံ မဟာနွယ်ခြံကြီးထဲ ရောက်ရှိလာခဲ့ရသည်။

"မေမေ ဘယ်မှာလဲ ... ကွယ်လွန်သွားပြီလားပဲ၊ ဘုံတွေ့ချင်တယ် ... ဘုံကိုထားခဲ့ပေမယ့် ဘုံရဲ့သွေးသားရင်းဆိုလို့ မေမေပဲရှိတော့တာပါနော်"

ဖေဖေ တော်တော်လေး ဝမ်းနည်းကြေကွဲသွားရပြီး စီးပွားပျက်မတတ်ဖြစ်ခဲ့ရသည်။

မေမေ မရှိတော့မှ မိန်းမအပေါ် အဖေ ဘယ်လောက်အထိ ချစ်မိနေကြောင်း သိလိုက်ရသည်တဲ့။

"သမီးမေမေကို ပြန်ခေါ်ဖို့ ဖေဖေ အကြိမ်ကြိမ်ကြိုးစားခဲ့တယ်၊ မဟာနွယ်ခြံကြီးနားကပ်လို့တောင် မရခဲ့ဘူး၊ တိမ်ရဲမာန် သစ္စာမရှိတဲ့ကောင်က ဖေဖေ့ကို လူမိုက်တွေနဲ့ဝိုင်းပြီး အရိုက်ခိုင်းတယ်လေ ... ဖေဖေ စိတ်ထိခိုက်ရလွန်းပြီး သမီးတစ်ယောက်နဲ့





ယောင်ချာချာ စီးပွားရေးလည်း မလုပ်နိုင်၊ သမီးကြောင့်သာ ဖေဖေ ပြန်ရပ်တည်နိုင်ခဲ့တာပါ"

ချစ်ခြင်းဘုံ မုန်းတီးဆုံးက မေမေကိုယူသွားတဲ့ ဦးတိမ်ရဲမာန်ကိုပင်။

ချစ်ခြင်းဘုံတို့ မိသားစုဘဝလေး ပြိုကွဲစေခဲ့တဲ့လူ။

သူမ လူမှန်းသိတတ်ကာစထဲက မေမေနှင့်ပတ်သက်ပြီး သိလိုက်ရတာက မေမေ သေဆုံးသွားပြီဟုပင်။

ဖေဖေ ကျန်းမာရေး ချို့တဲ့လာတဲ့အချိန်မှ မေမေနှင့် ပတ်သက်တာတွေ အမှန်အတိုင်း သိလိုက်ရသည်။

"မေမေရှိနေတဲ့ မဟာနွယ်ခြံကြီးထဲကို ချစ်ခြင်းရောက်နေပြီလေ ... မေမေ ဘယ်မှာလဲ၊ သမီးကိုတွေ့ရင် မေမေ မှတ်မိနေမလားဘဲ"

ဘုံ့ကို အိမ်ကြီးရှင် ဒေါ်တိမ်နန်းစံက မစပ်စုရဘူးဆိုပေမယ့်လည်း မေမေ့ကို ရှာဖို့အတွက် ဘုံလေ့လာစပ်စုရမည်ဖြစ်သည်။

တိုက်ကြီးက ရဲတိုက်ကြီးတစ်ခုလိုပါပဲ။

အဆောင်အဆောင် အခန်းခန်းတွေနှင့် ဘုံသိရသလောက် မိသားစုဝင်တွေ အများကြီးနေထိုင်ကြသည်တဲ့။

ဒေါ်တိမ်နန်းစံက စပ်စုတာ မကြိုက်လို့ အသေအချာတော့ ဆရာမသိခဲ့ရဘူးတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းဘုံ ပထမဆုံး စတင်သိရတာက ဒေါ်တိမ်နန်းစံပြီးလျှင် အိမ်ဖော်ကောင်မလေး မြခင်ပင်။

"မမဒေါက်တာ လိုအပ်တာရှိရင် စားသောက်ခန်းကို ဖုန်းဆက်လိုက်ပါနော် ... ဆက်သွယ်လို့ရမယ့် ဖုန်းနံပါတ်တွေ ဖုန်းစာအုပ်လေးထဲမှာ ရှိပါတယ်"

"ကောင်းပါပြီ"

"မမဒေါက်တာက အရမ်းချောတာပဲ၊ မျက်တောင်လေးတွေက ကော့ညွတ်နေတာပဲ ... ဒီမဟာနွယ်မှာလေ အရမ်းချောပြီး အရမ်းခန့်ညားတဲ့ အစ်ကိုလေးငွေလထိန်ဆိုတာလေ၊ ဘဘကြီးတိမ်လရဲ့သားပါ"

အိမ်ဖော်မလေး မြခင်က သူမအခန်းထဲ ထပ်ရောက်လာပြီး သန့်ရှင်းရေးတွေ လုပ်ပေးရင် မိသားစုဝင်တွေအကြောင်း ပြောပြနေသည်။

ချစ်ခြင်းဘုံ သိချင်တာက ဦးတိမ်ရဲမာန်နှင့် ဇနီးဒေါ်သီရိရှင်းတို့အကြောင်းပဲ။

ဒါပေမဲ့လည်း ...

အိမ်ဖော်ကောင်မလေးဆိုတော့ ချစ်ခြင်းဘုံ မမေးမြန်းရဲပါဘူး။

အိမ်ရှင် ဒေါ်တိမ်နန်းစံက ကြိုကြိုတင်တင် ပြောထားခဲ့





သည်။

မစပ်စုနဲ့တဲ့။

မေမေ့အကြောင်း မသိရဘဲနဲ့တော့ ချစ်ခြင်းဘုံ ဒီခြံကြီးထဲကနေ ထွက်သွားရလို့ မဖြစ်သေးဘူး။

"ဒီတိုက်ကြီးထဲမှာရှိတဲ့လူတွေအားလုံးထဲမှာလေ အစ်ကိုလေး ငွေလထိန်က ချောလည်းချော၊ ခန့်လည်းခန့် အရမ်းလည်းသဘောကောင်းတယ် ... ဒါပေမဲ့လေ အစ်ကိုလေး ငွေလထိန်ရဲ့အမေ ဒေါ်နှင်းသခင်ကတော့ အရမ်းမောက်မာတယ်၊ သူ့သားကိုဘယ်လိုမိန်းမမျိုးနဲ့မှ မတူမတန်ဘူး ထင်နေတာပါ။ ကျွန်မတို့လိုအိမ်ဖော်တွေကိုဆိုရင်လေ အရမ်းနှိမ်ချဆက်ဆံချင်တယ်"

မြခင်ပြောနေတာတွေကို သိပ်စိတ်မဝင်စားသလို့လို၊ ချစ်ခြင်းဘုံ မသိမသာ နားစွင့်နေလိုက်သည်။

စိတ်ဝင်စားတဲ့ အရိပ်အယောင်လည်း မပြရဲ။

အဖွားစံဆီ သူမ စပ်စုနေတာတွေ သတင်းပေါက်ကြားလို့ မဖြစ်ဘူး။

"အစ်ကိုလေး ငွေလထိန် အဖေကတော့ သဘောကောင်းပါတယ်၊ အဖွားစံရဲ့သား အလတ်လေ ... "

"မမြခင်က ဒီမှာနေတာ ကြာပြီလားဟင်"

"ကြာပြီလေ ... မြခင် ငါးနှစ်သမီးထဲက ရောက်နေတာပါ။



www.burmeseclassic.com

www.burmeseclassic.com



အမေနဲ့အတူတူလေ၊ ဆယ်နှစ်လောက် ကြာပြီပေါ့ ... "

"ဟုတ်လား"

မြခင်ပြောနေတဲ့စကားတွေထဲမှာ ဦးတိမ်ရဲမာန်တို့ မိသားစု အကြောင်း ထည့်မပြောခဲ့။

ဘာကြောင့်လဲ ...

မေမေ့နာမည်လေးများ ကြားရမလားလို့ ဘုံ နားထောင်နေမိ၏။

မြခင်ပြောတဲ့ အကြောင်းတွေက ကိုငွေလထိန် အကြောင်းတွေပဲ ဖြစ်နေ၏။

ကိုငွေလထိန်ဆိုတာ ဘယ်လိုလူမျိုးလဲ။

ချစ်ခြင်းဘုံ စပ်လည်းမစပ်စုရဲ။

"မမဒေါက်တာကလဲ လုတယ် ... အဖွားစံကလေ မမဒေါက်တာကို မလွဲမရှောင်သာလို့ လက်ခံလိုက်တာသိလား၊ မိန်းမချောလေးတွေဆိုရင် လက်မခံဘူး ... သူ့မြေးတွေနဲ့ရော သူ့သားတွေနဲ့ရော ငြိစွန်းသွားမှာ ကြောက်လို့လေ"

ချစ်ခြင်းဘုံမှာ ချစ်သူရှိသည်။

မောင်ကလဲ ဆရာဝန်ပါပဲ။

ရန်ကုန်မှာ သူမ ကျောက်မဲကိုသွားမယ်ဆိုတော့ မောင်က အကြီးအကျယ် ကန့်ကွက်ခဲ့၏။





စိတ်မချဘူး။

မောင်နဲ့ဝေးရာကို မသွားပါနဲ့တဲ့။

ချစ်ခြင်းဘုံတို့ မိသားစုအကြောင်းတွေက တော့စိတ်စီးရက်ပဲ။

"မိသားစု စီးပွားရေးကိုလေ အစ်ကိုလေးထိန်ပဲ ဦးစီးလုပ်ဆောင်ရတာပါ ... အရမ်းတော်တယ်"

သူမ ...

မဟာနွယ်ခြံကြီးရဲ့ မိသားစုဝင်တွေရဲ့နာမည် အချို့တစ်ဝက်ကို သိလိုက်ရသည်။

ချစ်ခြင်းကတော့ ဘာမှမမေးပါဘူး။

ပစ္စည်းတွေကို နေသားတကျ ထားနေလိုက်၏။

မြခင် လုပ်စရာရှိတာတွေ လုပ်ပြီးသည်နှင့် ပြန်ထွက်သွားသည်။

"မမဒေါက်တာ လိုအပ်တာတွေ ဖုန်းဆက်ပါနော် ... အဖွားစံက ဒေါက်တာကို လိုလေသေးမရှိအောင် လုပ်ပေးရမယ်တဲ့၊ အမိန့်ပေးထားတယ်"

"ကောင်းပါပြီ"

မြခင် ထွက်သွားမှ သူမအခန်းရဲ့ ပြတင်းပေါက်တွေမှတစ်ဆင့် ခြံကြီးထဲသို့ လှမ်းကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

စိမ်းပြာလှဲ့နေတဲ့ ရေကူးကန်ကြီးထဲမှာ မိန်းမငယ်လေး တစ်ယောက် အနက်ရောင် ရေကူးဝတ်စုံလေးနှင့် ရေကူးနေသည်။

ဘယ်သူလဲ ...

သူမထက် နည်းနည်းတော့ ငယ်မည်။

အသားလေးက ဖြူဝင်းအိနေတာပဲ။

ဘုံလည်း ရေတော့ကူးချင်၏။

သူမက ကျောင်းမှာ ရေကူးချန်ပီယံ။

အေးမြတဲ့ ရာသီဥတုကြောင့် ထင်သည်။

ခြံကြီးထဲမှာ ပန်းတွေပွင့်နေတာ အရမ်းကို လှပဝေဆာနေသည်။

"အဖွားစံကိုပင် မဟုတ်ဘူး၊ ဒီတစ်တိုက်လုံးမှာရှိတဲ့ မိသားစုဝင်တွေကိုလည်း ကျန်းမာရေးစောင့်ရှောက်ပေးရမယ် ဒေါက်တာ၊ မင်းမျက်နှာလေးက ဖြူစင်ပုံပဲ ... မင်းဆရာလား ဒေါက်တာ ဥာဏ်သာကိုတော့ ယုံတယ် ... အဖွားစံတို့ ကျောက်မဲဓာတိလေ၊ သူ့အမေနဲ့ကျုပ်တို့က သူငယ်ချင်းတွေပဲ ..."

ဒေါက်တာချစ်ခြင်းဘုံကလဲ ထိုအခွင့်အရေးကို အလိုအပ်ဆုံးဖြစ်နေသည်။

ထိုမှသာ မေမေ့ကို တွေ့ဆုံခွင့်ရနိုင်သည်ဟု ထင်မိ၏။





သူမကို စပ်စုသည်ဟု ထင်မှာစိုးရိမ်၍ တံခါးပေါက်ကနေပြန်ခွာလိုက်သည်။

"တို့မိသားစုဝင်တွေအကြောင်း မစပ်စုပါနဲ့၊ ပြီးတော့ ... ညည်းတာဝန်က ဆေးကုသပေးဖို့ပဲ၊ ကျုပ်အတွက် လိုအပ်တဲ့ ပြုစုမှုတွေလုပ်ပေးဖို့ ဒါပါပဲ ဒေါက်တာ ..."

ဒေါ်တိမ်နန်းစံက မေမေ့ယောက္ခမပဲ။

ဆရာဝန်ကြီး ဒေါက်တာ ဥာဏ်သာရဲ့ ပြောစကားအရ မိသားစုဝင်တွေ များတယ်တဲ့။

သားနှစ်ယောက်နဲ့ သမီးတစ်ယောက်အပြင် ဆွေမျိုးတွေလည်း နေထိုင်ကြသည်တဲ့။

"ဦးတိမ်ရဲမာန်အကြောင်း ဆရာသိလားဟင် ..."

"ဦးတိမ်ရဲမာန်အကြောင်းလား ... ငယ်ငယ်ကတော့ သိတယ်လေ၊ ဆရာတို့လည်း ဝင်ထွက်သွားလာနေတာပဲ ... ဒါပေမဲ့ ဆရာ့အမေကလည်း ဆုံးသွားတယ် ... ဆရာလည်း ပညာရေးနဲ့ မိသားစုအရေးတွေနဲ့ ရှုပ်နေလို့ ချစ်ခြင်းဘုံရဲ့အမေအကြောင်းတော့ မသိတော့ဘူး၊ ဆရာ အခုအသက်ကြီးမှ ပြန်ပြီးပတ်သက်ဆက်ဆံခဲ့ကြတာပါ ... မမစံကတော့ ငယ်ငယ်ထဲက မောက်မောက်မာမာနေထိုင်ပြောဆိုခဲ့တာလေ၊ ဆရာ့အမေတစ်ယောက်နဲ့ပဲ ခင်မင်ကြတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းဘုံကတော့ ဖြစ်နိုင်ရင် မေမေ့ကို မဟာနွယ်ခြံကြီးထဲကနေပြန်၍ ခေါ်ထုတ်သွားချင်သည်။

ဒေါ်တိမ်နန်းစံလို မိန်းမကြီးရဲ့ ချွေးမအဖြစ် မေမေ ဘယ်လိုမှ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ရမည်မထင်မိ။

စောစောက ရေကူးနေတဲ့မိန်းမချောလေးကရော ဘယ်သူ့သမီးလေးလဲ။

ချစ်ခြင်းဘုံ စိတ်လောတကြီးနှင့် မေမေ့ကို မရှာမိစေရန်ဘဲ သတိထား နေထိုင်ရမည်ဖြစ်သည်။

အခန်း ( ၂ )

"ဒေါက်တာ"

"ဟုတ်ကဲ့ အမိန့်ရှိပါ ... အဖွားစံ"

"ကျုပ်မိသားစုနဲ့ညည်းကို မိတ်ဆက်ပေးရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ညည်းကို မိသားစုဆရာဝန်အဖြစ် သတ်မှတ်လိုက်တယ်လေ ... ဒါကြောင့် မိသားစုဝင်အားလုံးနဲ့တော့ ညည်းသိထားသင့်တယ်ထင်လို့လေ"

"ဟုတ်ကဲ့ ... ဘုံကတော့ ဆရာကြီးနဲ့ပတ်သက်နေလို့ အဖွားစံတို့ဆန္ဒအတိုင်း လုပ်ဆောင်ပါ"

ဒေါက်တာချစ်ခြင်းဘုံကို ဒေါ်တိမ်နန်းစံ သဘောကျမိသည်။

ရုပ်ရည်ချောမောလှပသည့်အပြင် ဖြူစင်သူလေးဟု ထင်မိ၏။

မိသားစုဆရာဝန်အဖြစ် သတ်မှတ်မယ်။

ဗိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ ဥာဏ်သာက မိမိတို့မိသားစုအကြောင်း အသိဆုံးပင်။

"အဖွားစံ အခန်းဆဲကို မကြာခင် မိသားစုဝင်တွေ ရောက်လာကြလိမ့်မယ်"

"ဟုတ်ကဲ့"

ဘုံ ပျော်သွားရသည်။

အမေပါ ရောက်လာမှာလား။

ဘုံ အမေ့ကို လာရှာတာပါနော်။

အမေက သူမနှင့်အတော်လေးတူသည်ဟု ပြောခဲ့၏။

သူမ ရင်တွေ ခုန်လာရသည်။

"ကျွိ"

"ဟော ... ဝင်လာကြပြီ"

ဘုံ ထိုင်ခုံလေးမှာထိုင်ရင်း ဝင်လာကြတဲ့ မိသားစုဝင်တွေလည်း မကြည့်ရဲ။

အမေ ဘယ်လိုပုံစံမျိုးလဲ။

သမီး အရမ်းတွေ့ချင်နေတယ်။

ပြီးတော့ ...

သူမတွေ့ချင်သူက နောက်တစ်ယောက်က ရှိနေသေးသည်။

မြခင်ပြောတဲ့ ကိုငွေလထိန်။





ပြီးတော့ ရေကူးနေသည့် ငယ်ရွယ်နုပျိုသည့် မိန်းကလေး။

အမေ့ခင်ပွန်း ဦးတိမ်ရဲမာန်။

"လာကြ ... ထိုင် ... မြေးထိန်ရော"

"လာမှာပါ မယ်မယ်"

မယ်မယ်တဲ့။

ဒေါ်တိမ်နန်းစံအား မိသားစုဝင်တွေအားလုံးက လေးစားကြောက်ရွံ့ ရှိသေကြရသည်ထင်သည်။

"သားရဲမာန် ... မင်းတူကို အမြန်ခေါ်လေ၊ တိမ်ပန်းချီရော"

"သားထိန်နဲ့ အတူတူလာမယ်တဲ့ မယ်မယ် ... "

"အေး ... အေး ... "

အဖွားစံက ဘုံအား မိသားစုဝင်တွေနှင့် မိတ်ဆက်ပေးမည်ဟုပြောပြီး တစ်ယောက်ချင်း မိတ်ဆက်ပေးသည်။

သူမ မော့ကြည့်လိုက်မိ၏။

ဦးတိမ်ရဲမာန် ...

ဦးတိမ်လ။

ဒေါ်တိမ်လွှာခ။

သားသမီးသုံးယောက်နှင့်ဇနီးတွေ ခင်ပွန်းတွေနှင့် မြေးငါးယောက်။

မေမေရော ...



www.burmeseclassic.com

www.burmeseclassic.com



ဦးတိမ်ရဲမာန်နှင့် မိတ်ဆက်ပေးရာတွင် ဦးတိမ်ရဲမာန်မှာ ဇနီးမရှိ။

သမီးလေးတစ်ယောက်တော့ ရှိ၏။

တိမ်ပန်းချီတဲ့။

ခုထိ အဖွားစံအခန်းထဲ ဝင်မလာသေး။

"သားကြီးရဲမာန် ... မင်းသမီးရော အပြင်ထွက်သွားပြန်ပြီလားကွယ်"

"ထိန့်ကိုသွားခေါ်နေတာပါ မယ်မယ် ... "

ဦးတိမ်လရဲ့ဇနီး ကိုငွေလထိန်ရဲ့အမေ ဒေါ်နှင်းသခင်အသံက နည်းနည်းလေးတော့ မာထန်နေသည်။

အဖွားစံ စောဒက မတက်တော့။

မေမေ ဒေါ်သီရိရှင်းကရော ကွယ်လွန်သွားပြီလားပဲ။

အမေရယ် ...

ဘုံလေ မေမေ့ကိုတွေ့ချင်လွန်းလို့ အရဲစွန့်ပြီးရောက် လာခဲ့တာပါ။

မေမေ လူ့လောကကြီးထဲမှာ မရှိတော့ဘူးလားဟင်။

ခဏကြာတော့ အဖွားစံရဲ့မြေး ငွေလထိန်နှင့် တိမ်ပန်းချီတို့ ဝင်လာသည်။

"မြေးလေးတွေ ရောက်လာပြီ၊ ဒေါက်တာ ... ဒါက ဖွားစံရဲ့





အချစ်ဆုံးမြေး ငွေလထိန်တဲ့ ... သူလေးက အဖွားရဲ့မြေးချစ်လေး တိမ်ပန်းချီတဲ့လေ ... သူက ဖွားစံတို့ရဲ့ မိသားစုဆရာဝန်လေ၊ ဒေါက်တာ ချစ်ခြင်းဘုံတဲ့ ... "

ဘုံနှင့်အကြည့်ချင်း ဆုံမိသွားတာက ကိုငွေလထိန်။

ပြီးတော့ ...

သူမအား ခပ်စူးစူးစေ့စေ့ကြည့်နေသူက တိမ်ပန်းချီ။

ဘာယ်လိုလဲ။

စတွေ့တွေ့ချင်းပဲ ရန်လိုတဲ့အကြည့်တွေ။

မာမာတင်းတင်း မလွယ်ဘူးပဲ။

သူ့အစ်ကိုဝမ်းကွဲ ငွေလထိန်ကြောင့်လား။

ဘုံ့မှာ ချစ်သူရှိပါတယ်နော်။

ဘုံက မောင်ကလွဲပြီး ဘယ်လိုယောကျ်ားမျိုးကိုမှ စိတ်မဝင်စားဘူး။

တိမ်ပန်းချီက ငယ်ရွယ်သူလေးဆိုတော့ မနာလိုဝန်တိုမှုတွေ ရှိနေမှာပဲ။

ဘုံ့ညီမလေးလား။

မေမေ့ကိုလည်း ဘုံမမတွေ့ဘူးတာ။

ဦးတိမ်ရဲမာန်လည်း ချောတာပါပဲ။ ဖြူဖြူနုနု။

"အဖွားစံတို့ မိသားစုဝင်တွေ တစ်ခုခုဖြစ်ရင် ဒေါက်တာ့ဆီ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကြားကြရမယ် ... ဒေါက်တာ့ဖုန်းနံပါတ်လည်း အားလုံး မှတ်ထားကြရမယ်"

"ဟုတ်ကဲ့"

"ဒီဒေါက်တာ့က ဘယ်လောက်များဝါရင့်သေးလို့ မယ်မယ် က မိသားစုဆရာဝန်အဖြစ် သတ်မှတ်ရတာလဲ"

"လွှာ ... မယ်မယ်က လူကဲခတ်အလွန်တော်တယ်ဆိုတာ ညည်းသိပါတယ် ... စောဒကမတက်စမ်းပါနဲ့ အရေးပေါ်လိုအပ်ရင် အကြောင်းကြားလို့ပြောတာလေ ... တခြားတော့ ညည်းတို့ဆန္ဒ အတိုင်းပဲ ဆေးကုနိုင်တယ်"

ဒေါ်တိမ်လွှာခကတော့ ဆရာဝန်မ ချောချောလေးဖြစ်နေ၍ မနှစ်သက်မိ။

သားယောကျ်ားလေးမရှိပေမယ့် လွှာ့ခင်ပွန်း ဦးသုတက မိန်းကလေးတွေနှင့်ခပ်ရှုပ်ရှုပ်ပါ။

စိတ်မချရ။

မယ်မယ်ကလည်းလေ မိသားစုဝင်တွေထဲမှာ တခြားသူ တွေကို မတိုင်ပင်ချင်တောင် တစ်ဦးတည်းသော တိမ်လွှာ့ကိုတော့ တိုင်ပင်သင့်တယ်။

"ကျန်းမာရေးနဲ့မပတ်သက်တဲ့ ကိစ္စတွေကြောင့် ဒေါက်တာ ချစ်ခြင်းဘုံနဲ့ လုံးဝမပတ်သက်ကြရဘူး ... ကိုယ့်ဟာကိုယ်နေကြပါ"





ပန်းချီလည်း ဒေါက်တာချစ်ခြင်းဘုံကို မနှစ်သက်မိ။

ကိုကို့ကြောင့်ပါ။

ဒီဆရာဝန်မက ချောမောနေလွန်းတယ်။

ပြီးတော့ ပညာတတ် ဂုဏ်သရေရှိမိန်းမ။

ကိုကို သဘောကျနှစ်သက်တဲ့မိန်းမမျိုးပဲ။

မနာလိုလိုက်တာ ...

ဒီမဟာနွယ်ခြံကြီးထဲမှာက ပန်းချီ့ကို ဘယ်သူမှ လေသံ မာမာနှင့်မပြောရဲကြ။

ဖွားစံရဲ့ အချစ်ဆုံးမြေးရယ်ပါ။

"အားလုံးသွားနိုင်ကြပြီ၊ သားကြီးရဲမာန် ခဏနေခဲ့ဦး"

"ဟုတ်ကဲ့ ... မယ်မယ်"

"ဘုံ့ကိုလည်း ခွင့်ပြုပါဦး အဖွားစံ ... အန်ကယ်ရောပဲ"

"အေး ... အေး ... "

"ကောင်းပါပြီ"

ဦးတိမ်ရဲမာန် စိတ်ထဲမှာ ဒီဆရာဝန်မလေးကို မိမိရင်းနှီး ကျွမ်းဝင်နေမိသလိုပင် သီရိရှင်းနဲ့တူနေတာလား။

ဦးတိမ်ရဲမာန် စိတ်တွေ ချောက်ချားသွားရသည်။

"သီရိရှင်းနဲ့နန္ဒဘုံတို့ဆီမှာ သမီးလေးတစ်ယောက်ရှိတယ်၊ သုံးနှစ်သမီးလေး ဒေါက်တာချစ်ခြင်းဘုံက သီရိသမီးလေးလား"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ ထင့်နေသည်။

မယ်မယ်ကရော ဘာပြောမလို့လဲ။

"မယ်မယ် ဘာပြောမလို့လဲ ... "

"မင်းမိန်းမအကြောင်း ပြောမလို့ဘဲ သားကြီး ... ဒေါက်တာချစ်ခြင်းဘုံက ဖြူစင်တယ်၊ မောင်ဥာဏ်သာနဲ့ပတ်သက်နေလို့လေ၊ စိတ်ချယုံကြည်ရမယ်လို့ မယ်မယ်ထင်နေတယ်"

"မဖြစ်ဘူးထင်တယ် မယ်မယ် ... ထားလိုက်ပါ၊ ဒီအရူးမအကြောင်း ခေါင်းထဲမထားပါနဲ့၊ သေလည်း မသေနိုင်ဘူးဗျာ"

"ဟုတ်တယ် ... မယ်မယ်လည်း သေစေချင်တယ်၊ ငါ့မြေးငွေလထိန်ကြောင့်ပါ ... "

မြေးငွေလထိန်က သားကြီးရဲ့ဇနီး စိတ်ဝေဒနာရှင် သီရိရှင်းကို ဂရုတစိုက် စောင့်ရှောက်နေသည်။

မျက်စိအောက်ကပင် အပျောက်မခံ။

မေမေရှင်းဆိုပြီး အရမ်းချစ်၏။

ငွေလထိန်ကို ငယ်စဉ်လေးထဲက ပြုစုစောင့်ရှောက်ပေးလာခဲ့၍ ဖြစ်လေသည်။

"ငွေလထိန်က မဆီမဆိုင် ဝင်ရှုပ်နေတာပဲမယ်မယ်၊ သီရိရှင်းရှိနေတာ သားဘဝကို အရိပ်မဲကြီး လွှမ်းအုပ်ထားသလိုပဲ"

"ဒေါက်တာချစ်ခြင်းဘုံကို သိပ်ပြီးတရင်းတနှီး ကျွမ်းကျွမ်း





ဝင်ဝင်နေထိုင်ဖို့ မသင့်ဘူးထင်တယ်မယ်မယ် ... "

ဒေါက်တာ ချစ်ခြင်းဘုံရဲ့ မိသားစုရာဇဝင်ကို ဦးတိမ်ရဲမာန်သိချင်နေသည်။

မယ်မယ်က ကိုယ်ရေးရာဇဝင် စာရွက်တစ်ရွက် ထုတ်ပေး၏။

ဒေါက်တာချစ်ခြင်းဘုံရဲ့ ကိုယ်ရေးရာဇဝင်။

"အဖေနာမည် ဦးသူရိန်၊ အမေနာမည် မြသီတာတဲ့ ... အင်း တခြားတော့ တခြားစီပဲ"

"ဘာတစ်ခြားစီလဲ သား ... မင်းနဲ့ဒေါက်တာချစ်ခြင်းဘုံတို့ ပတ်သက်မှုရှိနေလို့လား"

"မရှိပါဘူး မယ်မယ် ... "

သီရိရှင်းမှာ အိမ်ထောင်ရှိခဲ့ဖူးတာပင် မယ်မယ်မသိခဲ့။

ကလေးတစ်ယောက်အမေ အိမ်ထောင်ရှင်မိန်းမဆိုတာသာ မယ်မယ်သိသွားလျှင် လုံးဝကပ်ခွင့်ရမှာမဟုတ်။

မယ်မယ်က ဆွေဂုဏ် မျိုးဂုဏ်ကို အမိကထားသည်။

"ဒေါက်တာက သူစိမ်းလေမယ်မယ်၊ သားတို့ သိပ်ယုံလို့တော့ မဖြစ်ဘူးနော် ... မယ်မယ့်မှာ အရူးချွေးမတစ်ယောက်ရှိတယ်ဆိုတာ လူသိခံလို့တော့ မဖြစ်ဘူးနော်"

"မယ်မယ့်စိတ်ထဲမှာ ဒေါက်တာချစ်ခြင်းဘုံကို ယုံကြည်နေ



www.burmeseclassic.com

www.burmeseclassic.com



သလိုပဲ သားရယ်”

“မယ်မယ်”

“ဟင် ...”

“ငွေလထိန်ကို ကျွန်တော့်သမီး ပန်းချီနဲ့လက်ထပ်ပေးဖို့ အတိအလင်း စီစဉ်ကြရင်ကောင်းမယ် ထင်တယ်”

“ဖြည်းဖြည်းပေါ့သားရယ် ... မယ်မယ်လည်း ရည်ရွယ်ထားပါတယ်၊ ကလေးချင်းလည်း ရင်းနှီးနေတယ် မဟုတ်လား”

“ထိန်က ပန်းချီ့ကို ညီမလေးတစ်ယောက်ထက်မပိုဘူး”

ငွေလထိန်က သူ့ညီတိမ်လရဲ့ သားအရင်းတစ်ယောက် မဟုတ်ပေ။

ညီတိမ်လဇနီး နှင်းသခင်ရဲ့တူပါ။

မယ်မယ်သူငယ်ချင်းရဲ့ မြေးဖြစ်နေ၍လည်း မယ်မယ်က ငွေလထိန်ကို မြေးအရင်းအဖြစ် ချစ်ခင်သည်။

ပြီးတော့ ...

မြေးဦး ညီတိမ်လတို့မှာ သားသမီးလည်း မထွန်းကားတော့ မိဘမဲ့လေး ငွေလထိန်အား အဒေါ်ကမွေးစား သားအဖြစ် တစ်နှစ်သားအရွယ်ထဲက မွေးစားထားခဲ့ခြင်းဖြစ်၏။

မိမိတို့နှင့်သွေးသားမတော်စပ်တာ တစ်မိသားစုလုံး သိထားကြသည်။





“အမိက နှင်းသခင်ပဲလေ သား ... သူ့တူသားကို ဘယ်လိုဟာတွေနဲ့ ရည်မှန်းထားလဲမှ မသိတာဘဲ”

“မယ်မယ်စီစဉ်ပေးပါ။ ကျွန်တော့်သမီးလေးအတွက် စိတ်အေးချင်ပါတယ် မယ်မယ်”

“အေးပါ ... မယ်မယ် သားအငယ်နဲ့တိုင်ပင်မယ်၊ နှင်းသခင်ဆန္ဒလည်းရှိသေးတော့ လူငယ်တွေပဲ ရင်းနှီးပါစေ”

ဦးတိမ်ရဲမာန် အပြင်ပြန်ထွက်လာခဲ့သည်။

မိမိအိပ်ခန်းထဲ ပြန်ရောက်လာခဲ့၏။

ဒေါက်တာချစ်ခြင်းဘုံရဲ့ မျက်နှာလေးကို မြင်ယောင်ပြီး မိမိဇနီး သီရိရှင်းနှင့်တူသည်ဟု ထင်နေသည်။

“သူ့အမေကို လာရှာတာလား၊ မဖြစ်နိုင်ပါဘူး ... သူ့မိဘတွေက တခြားစီတွေပဲလေ”

ဦးတိမ်ရဲမာန် စဉ်းစားနေသည်။

မိမိအမှားတွေပါ။

မိမိကို ယုံကြည်လွန်းတဲ့ သူငယ်ချင်းနန္ဒတို့အိမ် ဝင်ထွက်စားသောက်နေရင်း နန္ဒဇနီး သီရိရှင်းအပေါ် မေတ္တာသက်ဝင်မိသည်။

ရိုးသားအေးချမ်းပြီး လင်ယောက်ျားရဲ့ ဥပေက္ခာပြုထားခြင်းကို ခံနေတဲ့ သီရိရှင်းက မိမိဖြားယောင်းသွေးဆောင်မှုတွင် အလွယ်တကူတိမ်းညွတ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်း … အရမ်းကြောက်တယ်၊ ကျွန်မတို့နောက်ဆုတ်လိုက်တာပဲ အကောင်းဆုံးထင်ပါတယ် ကိုရဲမာန်"

"ကိုယ် … ရှင်းကို အရမ်းချစ်မိနေပြီ၊ ထွက်ပြေးကြရအောင်၊ ကျောက်မဲကိုပြန်မယ် … "

"ဟိုလေ … ကျွန်မယောက်ျားနဲ့သမီးလေးချစ်ခြင်းဘုံ အတွက် … "

"ဘာမှစဉ်းစားမနေနဲ့တော့၊ နန္ဒကရော ရှင်းအပေါ်ကောင်းလို့လား၊ သူပျော်သလိုနေပြီး လုပ်ချင်ရာလုပ်နေတာပဲဟာ"

ရှင်းကို မိမိနိုးပြေးခဲ့သည်။

ရှိသမျှ ပိုက်ဆံတွေ သုံးဖြုန်းပြီးမှ မယ်မယ်ဆီ ပြန်ခဲ့၏။

မယ်မယ်က သဘောမတူပေ။

ရှင်းကို အစေအပါး သာသာလေးပဲ ထားခဲ့သည်။

"ငါ့သားက ညည်းနဲ့တန်လို့လား၊ အခြေအမြစ်မရှိ မိန်းကလေးထင်တယ် … ညည်းမိဘတွေရော မရှိကြဘူးလား သီရိရှင်း"

သီရိရှင်းမှာ မိဘတွေရှိပေမယ့် အိမ်ထောင်ရေးဖောက်ပြန်သွားတဲ့မိန်းမအဖြစ် စွန့်ပစ်ခဲ့ကြသည်။

ထို့ကြောင့်ပင် မိဘမဲ့ဖြစ်ရ၏။

မယ်မယ် နှိပ်စက်သမျှ ရှင်း ခံနေခဲ့ရသည်။

"ရှင်းသမီးလေးဆီပဲ ပြန်ခွင့်ပေးပါနော် … ရှင်း ဒီကနေ





ထွက်သွားပါရစေ … မယ်မယ့်ကို ပြောပေးပါ"

"မင်းမပြန်ရဘူးရှင်း … ကိုယ်နဲ့ပဲ နေရမယ်၊ နန္ဒလက်ထဲကို မင်းဘယ်တော့မှ ပြန်မသွားရဘူး"

"ရှင် … လူယုတ်မာပဲ"

"ဘာပြောတယ်"

"ကျွန်မကိုခေါ်လာပြီး ရှင်ဘာတာဝန်ယူခဲ့လဲ၊ ရှင့်အမေရဲ့ ညှဉ်းပန်းနှိပ်စက်မှုဒဏ်ကိုလည်း ကျွန်မ ခံစားနိုင်မှာ မဟုတ်တော့လို့ပါ"

မိမိ လက်မခံခဲ့။

သီရိရှင်းအား ပြစ်ရမှာလည်း ချောမောလှပတဲ့မိန်းမ။

မယ်မယ်ကလည်း သူရည်မှန်းတဲ့မိန်းမကိုမယူ၍ လက်မခံခဲ့။

"မင်းမိန်းမက အဆင့်မရှိဘူး၊ မိဘမျိုးရိုးတောင် မဖော်ပြနိုင်တာ၊ မင်းမောင်းထုတ်ပစ်လိုက်စမ်းပါ ရဲမာန် … "

"မဖြစ်ဘူး မယ်မယ် … သား ရှင်းကို မခွဲနိုင်ဘူး၊ ချစ်တယ် အရမ်းချစ်လို့ပါ"

"မင်းမိန်းမကို မယ်မယ် လုံးဝလက်မခံနိုင်ဘူး … ဒီအိမ်မှာ အစေအပါးအဖြစ် ထားချင်ထား … "

"မယ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



မယ်မယ်က ရှင်းကို နှိမ်သည်။ အိမ်မှုကိစ္စတွေအားလုံး လုပ်ရ၏။

နောက်ဆုံး မိမိကိုယ်တိုင် မိန်းကလေးတစ်ယောက်နှင့် ငြိစွန်းပြီး သမီးလေးတစ်ယောက် မွေးခဲ့၏။

တိမ်ပန်းချီပဲ။

"ရှင် ... လူယုတ်မာ၊ လူစိတ်မရှိဘူး၊ သစ္စာမဲ့တယ်"

"မင်း ... ဝဋ်လည်တာလို့ မှတ်လိုက်ပါ ရှင်း ... "

"ဘာပြောတယ်"

"မင်းနဲ့မရှင်းချင်ဘူး ရှင်း ... မင်း အေးအေးဆေးဆေးနေပါ။ မင်းသေသွားချင်လား ... "

မိမိကိုယ်တိုင်ပင် သီရိရှင်းကို နှိပ်စက်မိသည်။ သမီးလေးကို လက်မခံ၍ ပိုပြီးဒေါသတွေ ပေါက်ကွဲနေရ၏။

ရှင်းကလဲ မာသည်။

နောက်ဆုံးတော့ စိတ်ဝေဒနာရှင်အဖြစ် ယဉ်ယဉ်လေးနှင့် စိတ်ဖောက်ပြန်နေသည်။

အခန်း ( ၃ )

"မမေရှင်း ... ကော်ဖီလေးသောက်လိုက်ပါနော်၊ ပေါင်မုန့် မီးကင်လေးကို မမေရှင်းအရမ်းကြိုက်တယ် မဟုတ်လား"

"အင်း"

"စားနော်"

"အင်း"

ဘဘကြီး ဦးတိမ်ရဲမာန်ရဲ့ မိန်းမ မမေရှင်းကို ငွေလထိန် ချစ်သည်။

သူ့မှာ မိဘတွေမရှိတော့။

မမေရှင်းကလဲ သူ့ကိုချစ်၏။

ငယ်စဉ်လေးထဲက ထိန်းကျောင်းချော့မြူကျွေးမွေးခဲ့သူပါ။

"ထိန်"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မေမေရှင်းမှာ သမီးလေးတစ်ယောက်ရှိတယ်၊ တွေ့ချင်လိုက်တာကွယ် ... ထိန် ရှာပေးမလား"

"အင်း ... ရှာပေးမယ်၊ မေမေရှင်း သမီးလေးနာမည်က ဘယ်သူလဲ"

"မသိဘူး"

"နာမည်က မသိဘူးလား"

"အင်း ... ဟား ဟား ဟား ... "

မေမေရှင်း ရယ်နေသည်။

ချောမောလှပလွန်းသော မိန်းမ တစ်ယောက်ရဲ့ဘဝ။

သနားစဖွယ်လေးပါ။

ထိန် သိရသလောက် မေမေရှင်းက အပျိုပါ။

ကလေးက ဘယ်ကလဲ။

မေမေရှင်း စိတ်ဖောက်ပြန်ပြီး မေးနေတာပဲဖြစ်နိုင်သည်။

"မေမေရှင်း သမီးလေးကို ရှာပေးစမ်းပါထိန် ... မသေခင် တွေ့ချင်တယ်"

"တိမ်ပန်းချီက မေမေရှင်း သမီးလေ ... "

"မဟုတ်ပါဘူး ... ဒင်းက စိတ်ကောင်းမရှိဘူး၊ မေမေရှင်းကို အရူးမကြီးတဲ့ ... အီး ဟီး ... "

"မေမေရှင်း မငိုပါနဲ့၊ ကျွန်တော် ရှာပေးပါ့မယ် ... မုန့်စား





နော် ... ဆေးသောက်ရအောင်"

"အင်း ... အင်း ... "

ပန်းချီက မေမေရှင်းကို ရှိုင်းရှိုင်းစိုင်းစိုင်း ပြောဆိုတတ်တာ ထိန်နည်းနည်းလေးမှ မနှစ်သက်မိ။

ပြောလည်းမရ။

ထိန်ကိုယ်တိုင် ကြမ်းတမ်းတဲ့ တိမ်ပန်းချီကို မကြိုက်။

"ဟို ... တိမ်ပန်းချီလေး ရုပ်ရည်လေးချောသလောက် စိတ်ကောင်းတစ်စက်မှ မရှိဘူး"

"မေမေရှင်း ... အဲဒီလိုမပြောနဲ့နော် ... တိမ်ပန်းချီကို တော်ကြာ မေမေရှင်းပဲ အပြောခံရလိမ့်မယ်"

"အင်း ... ထိန်လေးစကားကို နားထောင်ပါ့မယ်၊ မေမေရှင်းရဲ့ သမီးလေးကိုရှာပေးပါ"

"ရှာပေးပါ့မယ်"

နာမည်မေးတော့လည်း မသိဘူးတဲ့။

မေမေရှင်းကို ထိန် အရမ်းသနားမိသည်။

ထိန့်ကြောင့်လည်း မေမေရှင်း အသက်ရှင်နေရတာပါ။

"ဖွားစံ ... မေမေရှင်းကို မရက်စက်ပါနဲ့၊ မေမေရှင်း ဘယ်သူ့ကြောင့်မှ လူ့လောကကြီးထဲကနေ ထွက်သွားရတာမျိုး မကြိုက်ဘူး၊ ခွင့်လည်းလွှတ်မှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ငွေလထိန်က မိသားစုဝင်တွေအားလုံးအတွက် စီးပွားရေးလုပ်ငန်းတွေ ဦးဆောင်လုပ်နိုင်သူဖြစ်သည်။

ဖွားစံကရော မာမီကပါ ထိန်မှထိန်ပဲ။

"မေမေရှင်း … ဆေးသောက်နော်၊ အခန်းအပြင်မထွက်နဲ့ အိပ် … "

"အင်းပါ … မေမေရှင်းလည်း မဟာနွယ်ကလူတွေကို မတွေ့ချင်ပါဘူး … လူယုတ်မာတွေလေ … "

မေမေရှင်းက မဟာနွယ်က လူတွေအားလုံးကို မုန်းတီးနေသည်။

လူယုတ်မာတွေဟု တဖွဖွပြောနေတတ်၏။

မဟာနွယ်က လူတွေကလည်း ဝိုင်းဝန်းနှိမ်ချဆက်ဆံခဲ့ကြတာပဲ။

"ထိန် သွားတော့မယ် … ညနေတစ်ခေါက် ပြန်လာမယ်နော်"

"အင်း … "

မေမေရှင်းအား မြေအောက်ခန်းထဲမှာထားသည်။

ဆေးဝါးကအစ အစားအသောက်တွေကိုပါ ငွေလထိန်ကပဲ ပြုစုစောင့်ရှောက်ပေးနေခဲ့ရ၏။

မေမေရှင်းကို မဟာနွယ်ကလူတွေအားလုံး သေစေချင်ကြ





သည်။

ငွေလထိန် လုံးဝလက်မခံခဲ့။

တစ်နေ့နှစ်ကြိမ် သူကိုယ်တိုင်ဝင်ရောက်၍ ပြုစုပေးခဲ့သည်။

မေမေရှင်းအခန်းကို သော့ပိတ် ထားခဲ့ပြီး ထွက်လာခဲ့၏။

မေမေရှင်းက ထုံးစံအတိုင်း သံတိုင်တွေကြားမှ လက်ပြနေသည်။

"ထိန်လေး သွားတော့နော် … ဘိုင် … ညနေခေါက်ဆွဲကြော် ဝယ်လာခဲ့ … စားချင်တယ်"

"ဝယ်ခဲ့မယ် … မေမေရှင်း ငြိမ်ငြိမ်လေးနေနော်"

"အင်းပါ"

ထိန် အပေါ်ထပ်ကိုတက်လာတော့ တိမ်ပန်းချီနှင့်တွေ့သည်။

"ကိုကိုကလေ အလုပ်မရှိအလုပ်ရှာတယ် … ဘာဖြစ်လို့ ဒီအရူးမဆီ သွားနေရတာလဲ"

"ပန်းချီ … အဲဒါ မင်းအမေကွ၊ ဘာပဲဖြစ်ဖြစ် မင်းကိုစောင့်ရှောက်ခဲ့တာပဲ … မင်းမရိုင်းစမ်းပါနဲ့"

"ဘာအမေလဲ … မိထွေးပါ၊ ဒီမေမေရှင်းကြောင့် ပန်းချီမေမေ သေခဲ့ရတာလေ"

"မင်းကို ဘယ်သူပြောလဲ … "



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေးလွှာလေ"

"ဘာ ..."

ဒေါ်လေးတိမ်လွှာခကလည်း မေမေရှင်းကို ကြည့်မရ၊ သူ့ အစ်ကိုကို ဖြားယောင်းမြူဆွယ်ပြီး ယူလို့တဲ့လေ။

"ပိုင်းလုံးမ"

ငွေလထိန် မကြိုက်။

သူ့မာမီကိုယ်တိုင်ပင် အခြေအမြစ်မရှိ တဲ့မိန်းမဆိုပြီး သူ့ ပတ်သက်မှုပင်မကြိုက်ခဲ့။

မာမီရောဂါတွေဖြစ်သဖြင့် အိပ်ရာထဲလဲနေချိန်တွင် မေမေရှင်းက ဂရုတစိုက် ပြုစုပေးခဲ့လို့သာ ထိန်ကို စောင့်ရှောက်ခွင့်ပြုထားခြင်း ဖြစ်သည်။

"ကိုကို"

"ဟင်"

"မနက်စာ စားပြီးပြီလား၊ မစားရသေးဘူး မဟုတ်လားဟင်၊ အပြင်ထွက်စားမယ် ..."

"ကိုကို အရေးကြီးတဲ့ကိစ္စတွေ ရှိနေတယ် ပန်းချီ ... မင်းနဲ့ အပြင်ထွက်လို့ မအားသေးဘူး"

"ကိုကိုနော် ... ပန်းချီ့ကိုမရှောင်နေနဲ့၊ ကိုကိုမလိုက်ရင် ပြဿနာအကြီးအကျယ် ရှာပစ်မှာနော် ... ဘာအလုပ်မအားတာလဲ၊





အားလုံး ခေါက်ပစ်လိုက် ..."

"ပန်းချီရာ ... ကလေးမဆန်စမ်းပါနဲ့ကွာ၊ ကိုကိုက ဒီမနက် လုပ်ငန်းရှင်အစည်းအဝေးရှိတယ် ... လုံးဝအချိန်မရလို့ပါကွာ၊ နောက်နေ့မနက်မှ သိလား ..."

"ပြီးရောနော် ... စကားပြောရင် ပြေပြေလည်လည်ပြောပါ'

တိမ်ပန်းချီအား ထိန်ကိုယ်တိုင် စကားကိုမာမာထန်ထန် မပြောရဲ။

ဒီကောင်မလေးက တစ်တိုက်လုံးကို မွှေမှာပါ။

အထူးသဖြင့် စိတ်ဝေဒနာရှင် မေမေရှင်းအား တစ်ခုခုလုပ် လိမ့်မှာကိုပဲ။

ငွေလထိန်နှင့် သွေးသားမတော်စပ်။

ငယ်စဉ်လေးထဲက ထိန့်ကို အနိုင်ကျင့်ဗိုလ်ကျလာတာပါ။

"စိတ်ချပါကွာ ... ကိုကို ကတိပေးပါတယ်၊ မနက်ဖြန်မှ နော်"

"ကိုကိုနော် ... ဟွန်း ..."

သူ့လက်မောင်းကို တိမ်ပန်းချီကလာပြီး ဆုပ်ကိုင်ဖက်တွယ် သည်။

သူ စိတ်အညစ်ရဆုံးပင်။

တိမ်ပန်းချီနှင့် ရင်းရင်းနှီးနှီး ပွေးပွေးကပ်ကပ်နေရတာကို သူ



www.burmeseclassic.com

www.burmeseclassic.com



လုံးဝ မနှစ်သက်မိ။

ဖယ်ထုတ်ဖို့လည်း ခက်၏။

မာမီနှင့်ဆုံမိသဖြင့် လက်ကို ဖယ်ရှားပစ်ရသည်။

"ထိန် ... လာပါဦး၊ မာမီ ပြောစရာရှိလို့ ... "

"ဒေါ်လေးသခင်၊ ဘာပြောမလို့လဲ ... ပန်းချီလည်း သိချင်တယ်"

"ဘာမှမဟုတ်ပါဘူးကွယ် ... ဆေးမှာစရာရှိလို့ပါ၊ လာ ... သား"

မာမီက သူ့ကိုဆွဲခေါ်လာပြီး သူ့အိပ်ခန်းထဲဝင်သည်။

"မာမီ ... ဘာပြောမလို့လဲ"

"သားအနာဂတ်အရေးလေ ... ထိန် ... "

"ဗျာ"

"ဗျာမနေနဲ့ ... မာမီတော့လေ ဟိုဟာမလေး တိမ်ပန်းချီကို နည်းနည်းလေးမှ ကြည့်မရဘူး၊ အမြင်ကတ်တယ် ... မေမေစံကြောင့် သိလား ... "

ဒေါ်နှင်းသခင်ကတော့ မဟာနွယ်တိုက်ကြီးထဲက မိသားစုဝင်တွေကို မနှစ်သက်မိ။

အလုပ်အကိုင်တွေလည်း မယ်မယ်ရရ မလုပ်ကြပဲ ထိုင်သုံးဖြုန်းနေကြသည်။





မိမိတို့က ရှာဖွေကျွေးမွေးထားရတာပါ။

"အခုတလော အဲဒီကောင်မလေးက သားကိုအရမ်းပူးကပ်နေတယ် ဆင်ခြင်နော်သား ... "

"ထိန်လည်း သိပါတယ် မာမီ ... စိတ်ချပါ၊ တိမ်ပန်းချီက သားညီမလေးပါပဲ ... "

"မေမေကတော့လေ သားကို သဘောတူထားတဲ့မိန်းကလေးတစ်ယောက် တွေ့ထားတယ် ... "

"ဘယ်သူလဲမာမီ ... ထိန်ကတော့ အိမ်ထောင်ရေးမှာ မာမို့ဆန္ဒအရပဲ လက်ခံမယ် ... သားဖြစ်ချင်တဲ့ဆန္ဒတွေကိုလည်း မာမီက လိုက်လျောပေးတယ်လေ"

"သိရိုးရှင်းကိစ္စလား"

"ဟုတ်တယ် မာမီ ... မေမေရှင်းက သားကိုရင်ဝယ်ပိုက်ပြီး ကျွေးမွေးစောင့်ရှောက်ခဲ့တာပါ ... မာမီကျန်းမာရေးချို့တဲ့တော့လေ"

"အင်း ... မာမီလည်း အဲဒီမျက်နှာထောက်ထားလို့ပေါ့"

"ဒါနဲ့ သားနဲ့သဘောတူနေတဲ့ မာမို့ချွေးမလောင်းက ဘယ်သူလဲ ... "

"ဒေါက်တာ ချစ်ခြင်းဘုံ"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ ချစ်ခြင်းဘုံလေးက ချောတယ်၊ ယဉ်ကျေးသိမ်မွေ့တယ်၊ ဆရာဝန်မလေး ... စာအရမ်းတော်လို့ အထူးကုဆရာဝန်မအဖြစ် သင်တန်းဆက်တက်ခွင့်ရတယ်တဲ့"

"မာမီကလဲဗျာ ... အဖွားစံအကြောင်းလည်း အသိသားနဲ့၊ သွားမလုပ်ပါနဲ့ဗျာ ... နှင်ထုတ်ခံနေရပါဦးမယ်"

"ဒင်းတို့က မာမ့်ိတူလေးကို လက်သပ်မွေးပြီး ဟိုတိမ်ပန်းချီဆိုတဲ့ ဆတ်စလူးမလေးနဲ့ လက်ထပ်ပေးချင်နေကြတာ၊ မာမီလက်မခံနိုင်ဘူး ... ရုပ်ရည်ချောပေမယ့် မကြိုက်ဘူး၊ ကြမ်းတမ်းတယ်၊ ခေတ်လည်းအရမ်းဆန်တာပဲ ... မာမီ လုံးဝကိုမကြိုက်တာ"

"မာမီရယ် ... ခေါင်းအေးအေးထားစမ်းပါ၊ ဖွားစံက ထိန်နဲ့ လက်ထပ်ပေးမယ်ဆိုရင်တောင် ထိန် ငြင်းမှာပါ ... ညီမလေးဖြစ်နေလို့လေ"

"ဆရာဝန်မလေး ချစ်ခြင်းဘုံကိုတော့ မာမီသဘောကျတယ် ချောလိုက်တာ ... မျက်တောင်ကော့ကော့လေးနဲ့ နှာတံစင်းစင်းလေးနဲ့ ကိုယ်လုံးကိုယ်ပေါက်ကလဲ မယ်ဗမာရှုံးတယ် သား"

"မာမီရာ ... တော်ပါတော့၊ သား အလုပ်သွားတော့မယ်၊ ဒီနေ့မနက် အရမ်းအရေးကြီးလို့ပါ"

"ထိန်"

"ဗျာ ... မာမီ"





"ဒေါ်တိမ်နန်းစံရဲ့ လက်ဝါးကြီးအုပ်ထားတဲ့အောက်က လွတ်မြောက်အောင် ကြိုးစားစမ်းပါ"

သူ မာမ့်ကို နှုတ်ဆက်ပြီးထွက်လာခဲ့သည်။

မာမီပြောမှပဲ ဒေါက်တာချစ်ခြင်းဘုံကို သတိရမိလာ၏။

သူလည်း မြင်မြင်ချင်းပဲ စိတ်လှုပ်ရှားသွားခဲ့ရတယ်။

ရန်ကုန်ကလာတဲ့ ဆရာဝန်မချောချောလေးမှာ ချစ်သူရည်းစားမရှိဘဲ နေပါ့မလား။

ငွေလထိန်ကတော့ စီးပွားရေးလုပ်ငန်းတွေကလွဲပြီး ဘာကိုမှ စိတ်မဝင်စားခဲ့။

"ဒေါက်တာ ချစ်ခြင်းဘုံ ... မာမီသဘောကျတဲ့မိန်းကလေးဆိုတာ မင်းတော်တော်လေး အရည်အချင်းတွေနဲ့ ပြည့်ဝနေလို့ပဲ"

ဒီအချိန်ဆို ဒေါက်တာချစ်ခြင်းဘုံက အဖွားစံအခန်းမှာရှိနေမှာပဲ။

သူ အဖွားစံကို သွားနှုတ်ဆက်ရင်ကောင်းမလား။

မာမီပြောမှ ဒေါက်တာကို တွေ့ချင်လာရသည်။

"တကယ်ပါကွာ ... မာမ့်စကားတွေက ကိုယ့်နှလုံးသားတွေကို အရမ်းရိုက်ခတ်သွားစေပြီပဲ"

အဖွားစံ အခန်းသွားရမယ်။

ဒေါက်တာ့ကို တခဏလေးပဲဖြစ်ဖြစ် တွေ့ချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မျက်ဖွတောင်ကော့လေးတွေ တဖြတ်ဖြတ်ခါရင်း အကြင်နာမျက်ဝန်းပိုင်ရှင်မလေး။

အဖွားစံကတောင် ယုံကြည်နေခဲ့သည်။

သူ ဘာမှစဉ်းစားမနေတော့ဘဲ အဖွားစံအခန်း သွားဖို့ ထွက်လာခဲ့၏။

ကံဆိုးစွာပင် ဘဘကြီးတိမ်ရဲမာန်နှင့်တိုးသည်။

"ထိန် ... ဘယ်လဲ၊ သမီးပြောတော့ ဒီမနက် မင်းလုပ်ငန်းတွေ အရမ်းအရေးကြီးတယ်ဆို ... ဘဘကြီးက သွားပြီတောင်ထင်တာ"

"အဖွားစံကို နှုတ်ဆက်ဖို့ပါ ဘဘကြီး ... "

မဟာနွယ်တိုက်ကြီးရဲ့ မိသားစုဝင်တွေထဲမှာ ဘဘကြီးတိမ်ရဲမာန်အား ထိန် မနှစ်သက်ဆုံးပင်။

မေမေ့ရှင်းအပေါ် ရက်ရက်စက်စက် စက်ပြစ်ထား၍လည်း ဖြစ်သည်။

"အထဲမှာ ဆရာဝန်မရှိတယ်၊ မယ်မယ့်ကို ကျန်းမာရေး စစ်ဆေးနေတာလေ ... မဝင်နဲ့တော့ ... "

"ဟုတ်ကဲ့ ဘဘကြီး ... ဒါဆိုလည်း မဝင်တော့ပါဘူး"

ငွေလထိန် ...

မင်းက ငါ့သမက်လောင်းပဲ။





မိသားစုစီးပွားရေးက မင်းလက်ထဲမှာလေ။

ငါ့သမီး တိမ်ပန်းချီနဲ့ မဖြစ်မနေ မင်းကို လက်ထပ်ပေးရမယ်။

မယ်မယ့်အိပ်ခန်းထဲမှာ ဒေါက်တာချစ်ခြင်းဘုံ ရှိနေသည်။

ဒေါက်တာအား ဦးတိမ်ရဲမာန် သံသယဖြစ်မိနေ၏။

သီရိရှင်းသမီးလား။

မယ်မယ်အပါအဝင် မိသားစုတွေ လုံးဝမသိကြတဲ့ သီရိရှင်းရဲ့ နောက်ကွယ်က ဇာတ်လမ်းပဲ။

"ထိန်"

"ဗျာ"

"ဘဘကြီး ... ပိုက်ဆံလိုနေတယ်၊ မင်းဆီက ငွေသိန်းငါးဆယ် ထုတ်ချင်တယ်ကွာ၊ ဘဘကြီး ပြန်ပေးမှာပါ ... မယ်မယ်နဲ့ တခြားသူတွေ ဘယ်သူမှ မသိစေချင်ဘူး"

"ဘဘကြီး ထိုတလောကမှ ငွေထုတ်သေးတယ်လေ ... ပြန်မှမသွင်းရသေးတာ၊ ထိန်က မိသားစုဝင်တွေ အတွက်ပါ။ စည်းကမ်းနဲ့လုပ်ချင်တယ် ... ထိန် နာမည်ပျက်မခံနိုင်လို့လေ"

ငွေလထိန် ...

မင်း ဘာကောင်လဲ။

မင်းနဲ့မဟာနွယ်မိသားစု ဘာများ သွေးသားတော်စပ်လို့လဲ



www.burmeseclassic.com

www.burmeseclassic.com



ကွ။

မင်းက ငါ့ညီ မိန်းမရဲ့တူ။

ညီတိမ်လရဲ့ဇနီး နှင်းသခင်ကလည်း မောက်မာသူ။

"ကောင်းပြီလေ ထိန် ... မင်းလုပ်ပါကွာ၊ မင်းက စည်းကမ်းရှိတာပဲ၊ ဘဘကြီးကတော့ ငွေအရမ်းလိုနေတယ်ကွ၊ လုပ်ငန်းတစ်ခု ရှယ်ယာဝင်တာ ရှုံးတယ် ... ဒါကြောင့်ပါကွ၊ မင်းဆီက ထုတ်ထားတဲ့ငွေပြန်မသွင်းနိုင်တာပါ၊ အင်းလေ ... မင်းကိုလည်း စိတ်အနှောက်အယှက်မဖြစ်စေချင်ဘူး၊ ခေါင်းထဲ ထည့်မထားနဲ့တော့"

"ဟုတ်ကဲ့"

သူမက်လောင်းဖြစ်နေ၍ စကားကို အတိုက်အခံပြောမနေတော့။

တစ်နေ့နေ့တော့ ရဲမာန်အကြောင်း မင်းသိစေရမယ်။

ငွေလထိန် ...

ဒေါ်သဖြစ်ပေမယ့် မယ်မယ့်စိတ်ချရဆုံး လူယုံ။ သွေးမတော်သားမစပ် မယ်မယ်က ငွေတွေပုံအပ်ထားသဖြင့် မိမိတို့တောင် သုံးစရာရှိလျှင် အောက်ကျခံတောင်းနေရသည်ကို ဦးတိမ် ရဲမာန် လုံးဝ မခံပြင်းနေသည်။

အခန်း ( ၄ )

"ရှင် ဘာဖြစ်နေတာလဲ ကိုသော် ... ဘယ်နေရာကအောင့်နေရတာလဲလို့၊ အပိုတွေ ... ရှင့်အကြောင်းမသိရင် ခက်မယ်၊ ဟိုဆရာဝန်မနဲ့ ပြချင်လို့ ကလီကမာတွေ များနေတာ"

"လွှာ ... မင်းကလဲကွာ၊ အဓိပ္ပာယ်မရှိတာဘဲ၊ ကိုယ်ဗိုက်အောင့်နေတယ်ကွ ... ဒီဆရာဝန်မကို မတွေ့ခင်ထဲက ကိုသော့်ဗိုက်ကအောင့်နေတာ၊ အား ... ကျွတ် ... ကျွတ် ... အား"

"ဟွန်း ... ရှင် တကယ်နော် ... "

"အား ... သေတော့မယ်ကွ၊ ဆရာဝန်မဆီ ဖုန်းဆက်ပါ"

ဒေါ်တိမ်လွှာခကဟော့ ကိုယ့်ယောကျ်ားအကြောင်း ကိုယ်သိပြီးသားပဲ။

မယ်မယ်ဆရာဝန်မက အရမ်းချောတယ်။

မိန်းကလေးချင်းတောင် နှစ်ခါပြန်ကြည့်ရတာ။



www.burmeseclassic.com

www.burmeseclassic.com



ကိုသော်က ခပ်ရှုပ်ရှုပ်။

အလုပ်လည်း မလုပ်ဘဲ မယ်မယ့်ဆီက လက်ဖြန့်ခံပြီး တောင်းသုံးနေရတာ။

နှင်းသခင်ရဲ့တူ လက်ထဲမှာ စီးပွားရေးတွေအားလုံးပဲ။

"ကဲပါကွာ ... ဖုန်းဆက်ပေးစမ်းပါ၊ အောင့်နေပြီကွ ... အား"

"ရှင် မဟုတ်ဘဲနဲ့လျှောက်လုပ်ရင် ဆေးမှားမယ်နော်"

"လွှာရာ ... မင်းတော်တော်လေး အပြောရခက်တာပဲ၊ မင်းလင်မှာ ချောချောလှလှတွေ အများကြီးပါ ... တကယ်အောင့်နေတာပါ"

"ဒါဆိုလည်း ဆေးခန်းသွားပြမယ်လေ ... ကျွန်မ ကားမောင်းမယ် ... ဘယ်လိုလဲ ... "

"ကောင်းပြီကွာ ... မင်းသဘောပဲ၊ ဒီမှာ အောင့်လို့သေတော့မယ် ... ဒုက္ခပါပဲ၊ ကိုသော် ရှုပ်ချင်ရင်လည်း မင်းတို့မဟာနွယ်တိုက်ကြီးထဲမှာတော့ မရှုပ်ဘူးကွ ... မင်းမယ်မယ်ကို ကြောက်လို့ပါ"

"မယ်မယ်ကလဲ ဘာဖြစ်လို့များ ဒီလိုအချောအလှလေးကိုမှ ခန့်ထားရတာလဲ"

"အား ... ကျွန် ... ကျွတ်"

"ကဲပါ ... မထူးတော့ပါဘူး၊ ဒီဆရာဝန်မကိုပဲ ဖုန်းဆက်လိုက်





တော့မယ်၊ ကိုသော့်မျက်နှာကြီးက ရှုံ့တွနေတယ်၊ အိုင်တင်ကတော့ အကယ်ဒမီရှော့ပဲ ... "

"လွှာ ... အား ... အမလေး သေပါပြီ၊ ကျွတ် ... ကျွတ်"

ဒေါ်တိမ်လွှာခ ဘာမှမတတ်နိုင်တော့ဘဲ ဒေါက်တာချစ်ခြင်းဘုံရဲ့ ဖုန်းကိုပဲ ဆက်လိုက်ရသည်။

"ဒေါက်တာလား ... ဒီမှာ ကျွန်မခင်ပွန်း အောင့်နေလို့ပါ၊ ကျေးဇူးပြုပြီး လာကြည့်ပေးပါနော်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ဘယ်ကိုလာကြည့်ရမလဲရှင်"

"ကျွန်မ အိမ်ဖော်ကောင်မလေး မြခင်နဲ့အခေါ်ခိုင်းလိုက်ပါ့မယ် ဒေါက်တာ"

"ကောင်းပါပြီ ... ကျွန်မဆေးအိတ်ယူပြီး လိုက်ခဲ့ပါ့မယ်"

သူမ အခုပဲ အဖွားစံအခန်းထဲကနေ ထွက်လာခဲ့တာပါ။

ဦးတိမ်ရဲမာန်နှင့်လည်း ဆုံမိသည်။

ကြောက်စရာ အကြည့်တွေ။

တစ်စုံတစ်ခုအတွက် ထိတ်လန့်တုန်လှုပ်နေသလိုမျှင်။

ဘုံ့ကိုလည်း စူးစူး ရှရှ စေ့စေ့စပ်စပ် အကဲခတ်နေသလိုပင်။

သူမစိတ်မောပြီး သူမ အိပ်ခန်းထဲ ပြန်ဝင်လာခဲ့တာ မကြာသေးပါဘူး။

အိမ်ဖော်မလေး မြခင်က တံခါးလာခေါက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘုံ ထွက်လာခဲ့ပါ့မယ်"

သူမ ဆေးအိတ်လေးဆွဲပြီး အခန်းအပြင်ထွက်လာခဲ့သည်။

"ဒေါက်တာ"

"ဘာလဲ … မမြခင်"

"ဒီအဖိုးကြီး ဦးသော်ကို သတိထားပါနော်"

"ဟင်"

"အဖိုးကြီးဆိုပေမယ့် လူကနုတယ် … အသက်ငါးဆယ် လောက်ရှိနေပြီ … ဟိုလေ အရမ်းရှုပ်ပွေတယ်၊ မြခင်တို့လို အိမ်ဖော်တွေတောင် အလွတ်ပေးချင်တာ မဟုတ်ဘူး"

"ရှင်"

အမလေး …

ကြောက်စရာကြီးပါလား။

ဒါကြောင့်လည်း မောင်က ဘုံ့ကိုစိတ်မချနိုင်ပေ။

ဧည့်သည်တောင် လာလည်လို့မရဘူးတဲ့။

အလုပ်စဝင်ထဲက သဘောတူကြောင်း လက်မှတ်ရေးထိုးထားရ၏။

မြခင်က သတိပေး စကားတွေ ပြောနေသည်။

"မမဒေါက်တာက အရမ်းချောတယ်၊ ဒေါ်လေးလွှာခကလဲ ယောက်ျားကို ကြောက်ရတယ်လေ … မပြောရဲဘူး … "





"ကျေးဇူးပဲပဲ မြခင်ရယ် … ဘုံ သတိထားပါ့မယ်နော်"

မမြခင်နှင့်လည်း စကားတွေအများကြီး မပြောရဲပေ။

စပ်စုသည်ဟု သတင်းလည်း ပျံ့သွားမှာစိုးရိမ်ရသည်။

"ဒီအခန်းပဲ မမ … "

"ကျေးဇူးပဲနော် … မမြခင်"

"ဟုတ်ကဲ့ … ဪ … မမဒေါက်တာ ဒီအိမ်ကလူတွေကိုတော့ မြခင်ပြောပြတာတွေ ပြန်မပြောနဲ့နော်"

"မပြောပါဘူးရှင်"

မဟာနွယ် မိသားစုဝင်တွေက စိတ်ရှုပ်စရာကောင်းလွန်းသည်။

သူမ သိချင်နေတာက မေမေ့အကြောင်းပဲ။

မမြခင်ကလဲ တစ်လုံးမှမပြောဘူး။

မေမေ သေဆုံးသွားပြီလား။

မေမေ့အတွက်ပဲ စိတ်ပူသည်။

အခန်းတစ်ခုထဲရောက်တော့ ဗိုက်ကိုနှိပ်ပြီး နာကျင်မှုဝေဒနာတွေကို ခံစားနေရတဲ့ လူတစ်ယောက်ကိုတွေ့လိုက်ရသည်။

"အား … ကျွတ် … ကျွတ် … ဒေါက်တာရယ်၊ ကျွန်တော် အရမ်းအောင့်နေတယ် … လုပ်ပါဦး … အား … "

"ခဏလေးနော် … ကျွန်မ ကြည့်ပေးပါ့မယ်၊ စိုးရိမ်ရတဲ့



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေဆိုရင်တော့ ကျွန်မ ဆေးရုံကို သွားဖို့ပြောပါ့မယ်"

"ဟုတ်ကဲ့"

ဒေါက်တာချစ်ခြင်းဘုံကိုတော့ ဒေါ်တိမ်လွှာခ ကြည့်မိနေရင်း မနာလိုဝန်တိုမှုတွေ ဖြစ်ပေါ်နေမိသည်။

"ကျွန်မ သေသေချာချာ စမ်းသပ်ပြီးပါပြီ၊ အန္တရာယ်ဖြစ်စေတာမျိုးတော့ မရှိပါဘူး ... ကျွန်မ ဆေးထိုးပေးပြီး သောက်ဆေးလည်း ပေးပါ့မယ်၊ အစာပျော့ပျော့လေး စားပါ"

"ဟုတ်ကဲ့"

မမြခင်ပြောသလိုပဲ ထိုလူက မျက်နှာထားချိုအီအီ ပြည့်တီတီနှင့်ကြည့်နေသဖြင့် ဘုံပင် စိတ်အနှောက်အယှက် ဖြစ်ရသည်။

"ကျေးဇူးတင်ပါတယ် ဒေါက်တာ ... ကျွန်တော် သက်သာသွားပါပြီ၊ ဘာမှမဖြစ်တော့ဘူး ... လွှာရေ ဒေါက်တာ့ကို တစ်ခုခုနဲ့ ဧည့်ခံပါဦး ... "

"ရပါတယ်ရှင် ... ကိစ္စမရှိပါဘူး၊ ကျွန်မ ပြန်တော့မှာပါ။ ရောဂါလည်း ကြီးကြီးမားမား မရှိပါဘူး"

ဘုံ နှုတ်ဆက်ပြီး ထပြန်လာခဲ့သည်။

ဒေါ်တိမ်လွှာခကတော့ သူမအား မျက်နှာတည်တည်ကြီးနှင့် ကြည့်နေသည်။

သူ့ယောက်ျားနှင့်များ မသင်္ကာဖြစ်နေတာများလား။





"ဒေါက်တာမမ ... "

"ရှင်"

"တွေ့လား ... ဒေါ်တိမ်လွှာခ မျက်နှာမာနေတာပဲ၊ သူ့ယောက်ျားကို လူတိုင်းနဲ့မသင်္ကာဖြစ်နေတာ"

"အင်း ... ဒီလိုပါပဲလေ၊ ဖြစ်တတ်ပါတယ် မမြခင်ရယ်"

မေမေ့သတင်းကို မေးချင်နေတာပါ။

စပ်စုသည်ဟုထင်မှာ ကြောက်၍လည်း မမေးရဲ။

မိသားစုပြဿနာတွေထဲမှာ မေမေ့နာမည်က ပျောက်ဆုံးနေသည်။

"ဒေါက်တာ"

"ရှင်"

"အဖွားစံကို ကျန်းမာရေးစစ်ဆေးဖို့ အဆင်သင့်ဖြစ်နေပါပြီ"

"ဟုတ်ကဲ့ ... အခုပဲလာမှာပါ"

အဖွားစံရဲ့ အလုပ်သမား ဒေါ်မချိုက ဘုံ့အားလာခေါ်သည်။

ဘုံလည်း အဖွားစံဆီ လာမလို့ပါဘဲ။

သူမ နံနက်တိုင်း ဆေးစစ်ပေးနေကျပါ။

"ဒေါက်တာ ... ဘယ်သွားနေတာလဲ၊ ဖွားစံ စောင့်နေတာကြာပြီ"

"ဟုတ်ကဲ့ ဖွားစံ ... သမီး ဒေါ်တိမ်လွှာခရဲ့ခင်ပွန်း ဗိုက်



www.burmeseclassic.com

www.burmeseclassic.com



အောင့်နေတယ်လို့ ဖုန်းဆက်လို့ပါ"

"မောင်သော်လား"

"ဟုတ်ကဲ့"

ဒေါ်တိမ်နန်းစံကတော့ သမီးငယ်ရဲ့ခင်ပွန်းကို ကြည့်မရ။

လက်ကျောတင်းတင်း အလုပ်မလုပ်။

ပြဿနာတွေပဲ ရှာနေသည်။

သမီးငယ်က မခွဲနိုင်မခွာရက်ချစ်နေတော့ ဒေါ်တိမ်နန်းစံ ဘယ်လိုမှ တားဆီးလို့မရဘဲ ဖြစ်နေသည်။

"ဒေါက်တာ့ကိုတော့ ကျုပ်ယုံကြည်ပါတယ်၊ အရမ်းနူးညံ့သိမ်မွေ့တဲ့ မိန်းကလေးလို့လဲ ထင်မိတယ်"

"ဟုတ်ကဲ့"

"မင်းမှာ ချစ်သူရှိလား ဒေါက်တာ ... "

"ရှင်"

"ဩော် ... မင်းက အရမ်းချောတော့ မဟာနွယ်မိသားစုနဲ့ ကင်းရှင်းအောင် နေချင်တယ်"

"ကျွန်မမှာ ချစ်သူရှိပါတယ်၊ ဆရာဝန်တစ်ယောက်ပါပဲ ... ဒေါက်တာသစ်ပါ ... "

"ဩော် ... ဟုတ်လား၊ ကောင်းတာပေါ့ကွယ်၊ ဒီမှာရှိတဲ့လူတွေကတော့ မင်းစိတ်ဝင်စားမှာ မဟုတ်ပါဘူး"





အဖွားစံ စကားအသွားအလာကို ဘုံမသိဘဲနေပါ့မလား။

ချစ်ခြင်းဘုံကလည်း မဟာနွယ်က အနံ့ကြီးကွင်းကျယ်တွေကို စိတ်မဝင်စားပေ။

သူမမှာ ချစ်သူရှိတယ်။

ဒီခြံကြီးထဲမှာ မေမေ့သတင်း သိရသည်နှင့် ပြန်ထွက်သွားမှာပဲ ဖြစ်သည်။

"အဖွားစံ ... ကျွန်မတို့ခြံထဲဆင်းရအောင် ... လမ်းလျှောက်ကျင့်ဖို့ ဆရာဝန်ကြီးက ပြောသွားတယ်၊ လမ်းလျှောက်ပေးရမယ်လေ"

"အင်း ... ညည်းသဘောပဲ"

ဒေါက်တာ့မှာ ချစ်သူရှိတယ်ဆိုတော့ ဒေါ်တိမ်နန်းစံ စိတ်အေးသွားရသည်။

လွှာခ ယောကျ်ားက မလွယ်ဘူး။

မိမိသားနှစ်ယောက်မှာ အငယ်ကောင်တိမ်လက ရိုးသားအေးဆေးတယ်။

ပြီးတော့ ...

မိမိစိတ်ပူတာက မြေးငွေလထိန်ပဲ။

မိမိသွေးသား မဟုတ်ပေမယ့် မိမိအားကိုးရတဲ့ တည်ကြည်ခန့်ညားတဲ့မြေးပါ။ မြေးအရင်းတွေထက်ပင် ချစ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဖွားစံ … ဒီမှာ တန်းရှိတယ် မကြောက်ပါနဲ့နော် … ဒီတန်းတွေကိုကိုင်ပြီး လမ်းလျှောက်ကြည့်ရအောင်"

"အင်း … ကျုပ်လည်း လူကောင်းတစ်ယောက်အဖြစ်မြန်မြန်ပြီး ရပ်တည်ချင်တယ်"

ဒေါ်တိမ်နန်းစံ ဘယ်တော့မှ အရှုံးမပေးခဲ့။

မိသားစုကို စည်းကမ်းတင်းကြပ်စွာ စီမံအုပ်ချုပ်လာခဲ့ပေမယ့် မိသားစုက မိမိ အိုမင်းလာလို့လားပင် မသိတော့။ မိသားစုဝင်တွေအားလုံး နေချင်သလို နေထိုင်နေကြသည်။

"အဖွားစံ … စိတ်ကိုတင်းထားနော်၊ အဖွားစံက စိတ်ဓာတ်ကြံ့ခိုင်ပါတယ်လေ … လမ်းလေးတစ်လှမ်းလောက် လျှောက်ကြည့်ပါလား … "

"အင်း … လျှောက်ကြည့်မယ်၊ ဒေါက်တာရှိနေတော့ အဖွားစံ အားရှိသလိုပဲ"

အဖွားစံ လမ်းလျှောက်တဲ့နေရာသို့ မြေးငွေလထိန် ရောက်လာသည်။

"အဖွားစံ … လမ်းတွေတောင် လျှောက်နေပြီလား"

"မြေးထိန် … မင်း ကုမ္ပဏီကိုသွားတော့မလား"

"ဟုတ်ကဲ့"

"သွားတော့လေ"





ဒေါ်တိမ်နန်းစံ စိတ်ထဲမှာ မြေးကို မြေးမလေးတိမ်ပန်းချီနှင့် လက်ထပ်ပေးရမည်ဖြစ်သည်။

ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်။

တခြားသူတွေနှင့် သဘောမတူနိုင်ပေ။

"ကျေးဇူးတင်ပါတယ် ဒေါက်တာ … ကျွန်တော့်အဖွားက စိတ်ဓာတ်မာပါတယ် … ကြိုးစားပေးပါ"

"ဟုတ်ကဲ့ … ကျွန်မ တာဝန်ပါ၊ စိတ်ရှည်ရှည်ထားပြီးတော့ လေ့ကျင့်ရပါ့မယ်"

"ဖွားစံ … ဒေါက်တာ့စကား နားထောင်နော်၊ မဟာနွယ်မှာ အုပ်ချုပ်မယ့် ဘုရင်မကြီး ကျန်းကျန်းမာမာရှိနေမှ ဖြစ်မယ်နော်၊ မဟုတ်ဘူးလား … "

အဖွားစံကို ဖက်၍ ထိန် နမ်းပစ်လိုက်သည်။

သူပြုမူနေကျ အဖွားစံက သွေးသားအရင်းတွေထက်ပင် ထိန့်ကို ချစ်ခင်အားကိုးခဲ့၏။

ယုံကြည်သည်။

အဖွားစံရဲ့ကျေးဇူးတွေက ထိန့်အပေါ်မှာ များလွန်းသည်။

"ထိန် … သွားတော့လေ … ဖွားစံ သိပါတယ်၊ ငါ့မြေး ဂရုစိုက်ပေးတာတော့ ကျေးဇူးတင်ပါတယ်ကွယ် … "

"ဖွားစံ … ထိန်သွားပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွယ်"

ဘုံကတော့ ငွေလထိန်ဆိုတဲ့ အဖွားစံရဲ့မြေးကို စေ့စေ့ပင် မကြည့်မိ။

ဘုံရောက်လာတာ မေမေ့ကို ရှာဖို့ပါ။

ယခုထိ မေမေ့သတင်းက ပျောက်ကွယ်နေသည်။

"ဒေါက်တာ"

"ရှင်"

"မြေးကိုလေ မကြာခင် မိန်းမပေးစားတော့မယ်၊ ဖွားစံတို့ သဘောတူထားတဲ့ မိန်းကလေးရှိတယ် ... "

"ဟုတ်လား ... ဘုံလည်း မောင်နဲ့မကြာခင် လက်ထပ်တော့မှာပါ။ လက်ထပ်ဖို့ စီစဉ်နေဆဲမှာပဲ ဆရာကြီးက အကူအညီတောင်းလို့ ဘုံရောက်လာတာပါ"

"သြော် ... ဟုတ်လား"

အဖွားကြီးက မိန်းကလေးတစ်ယောက်ကို အထင်သေးလွန်းနေသည်။

သူမကတော့ မောင်ကလွဲပြီး ဘယ်လိုယောကျ်ားမျိုးကိုမှ ချစ်ကြိုက်မှာမဟုတ်ပေ။

"အဖွားစံ ... စိတ်ကိုတင်းထားနော်၊ နောက်ထပ်တစ်လှမ်း နှစ်လှမ်းလောက် လျှောက်ကြည့်ပါဦးနော်"





"အေးကွယ် ... ခြေထောက်တွေက နည်းနည်းလေး ဆိုင်းချင်သေးတယ် ... အသက်အရွယ်ကြောင့်ထင်တယ်၊ ဒါပေမဲ့ ... ဖွားစံကတော့ လုံးဝမလျှော့ဘူး"

"အားတင်းထားပါနော် ... ဟုတ်ပြီ၊ တစ်လှမ်းချင်းလျှောက် ဖြည်းဖြည်း ... "

မေမေ ဘုံရောက်လာတာ မေမေ့ကို ရှာဖွေဖို့ပါ။

မေမေ့နာမည်က ဘာဖြစ်လို့ မဟာနွယ်စံအိမ်ကြီးထဲမှာ ပျောက်ကွယ်နေရတာလဲ။

ဒေါက်တာချစ်ခြင်းဘုံ ရင်ထဲမှာ စိုးနစ်ကြေကွဲနေရသည်။

www.burmeseclassic.com

## အခန်း ( ၅ )

ငွေလထိန်တစ်ယောက် ထူးထူးခြားခြားပင် ဒေါက်တာချစ်ခြင်းဘုံအား မေ့ပစ်ဖို့ မရအောင်ပင် စွဲလမ်းနှစ်သက်နေမိသည်။

ဘယ်လိုဖြစ်ရတာလဲ ထိန်။

မင်းဘယ်တုန်းကများ မိန်းကလေးတွေကို စိတ်ဝင်စားလို့လဲကွာ။

ဒေါက်တာချစ်ခြင်းဘုံရဲ့ အလှကျက်သရေရှိတဲ့ မျက်နှာဖူးဖူးလေး။

အကြည့်ချင်း ဆုံမိသည်နှင့် သူ့အသဲနှလုံးတွေထဲ တိုးဝင်ငြိတွယ်ခဲ့သည်။

"မာမီက သဘောတူတယ် ... ဒေါက်တာချစ်ခြင်းဘုံက ကျက်သရေရှိပြီး ချောမောလှပသူလေးပဲသား ..."

"မာမီကလဲဗျာ ... သားအချစ်ရေးကိစ္စတွေ စိတ်မဝင်စား





သေးပါဘူး"

မာမို့ကို သူပြောခဲ့သည်။

ဒေါက်တာချစ်ခြင်းဘုံ မင်းကိုတွေ့မှ ကိုယ့်နှလုံးသားတွေ ဘယ်လိုဖြစ်သွားရတာလဲ။

တလှုပ်လှုပ်နဲ့ ရူးနင့်နေတယ်။

ငွေလထိန်ဆိုတာ စီးပွားရေးကလွဲပြီး ဘာကိုမှ စိတ်မဝင်စားတဲ့ကောင်။

သူ အစောကြီး ပြန်ရောက်လာခဲ့သည်။

"သားထိန် ... မင်းပြန်လာတာ အရမ်းစောနေပါလား၊ မာမီတောင် သားအတွက် ညစာမပြင်ရသေးဘူးလေ"

"စောစောအလုပ်တွေပြီးသွားလို့ပါ မာမီ ... စောစောပြန်လာတော့ စောစောအနားယူရတယ်လေ"

"ကောင်းပါတယ် ... သား အနားယူတော့"

ငွေလထိန် စိတ်က ဖွားစံဆီ သတင်းမေးချင်နေသည်။

ဒါပေမဲ့ ...

ဖွားစံ သိပ်မကြိုက်။

ငွေလထိန်ကို ချစ်လွန်းတဲ့ ဖွားစံပါ။

တော်ရုံတန်ရုံ မိန်းကလေးနှင့်သဘောတူပုံမရ။

ဒေါက်တာချစ်ခြင်းဘုံကို တွေ့ဆုံဖို့ အခွင့်အရေးက ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရင် ရနိုင်မလဲ။

သူ အိပ်ရာပေါ် ပြစ်လှဲရင်း အနားယူမိသည်။

"ကိုကို"

"ဒုန်း ... ကိုကို တံခါးဖွင့်ပါ ... "

"ကိုကို ... "

"ဟာ ... "

တိမ်ပန်းချီပဲ။

ဒီကောင်မလေး သူများအနားယူချိန်တွင် လာပြီး နှောက်ယှက်နေတာပဲ ဖြစ်သည်။

"ကိုကို ... တံခါးဖွင့်လေ"

"ဒုန်း ... ဒုန်း"

"ဖွင့်ပြီဟေ့ ... "

သူ အော်ပစ်လိုက်ပြီး တံခါးကို ဖွင့်ပေးလိုက်သည်။

"ကိုကို ... ဘာလုပ်နေတာလဲ၊ အိပ်ပျော်နေတာလား"

"ကိုကို အနားယူနေတာလေ ... ဘာဖြစ်လို့လာပြီး နှောက်ယှက်နေရဘာလဲ ပန်းချီရာ"

"အပြင်ထွက်ချင်လို့"

"ဘယ်ကိုလဲ"

"ဘယ်ကိုပဲဖြစ်ဖြစ် အပြင်ဆိုရင် အပြင်ပေါ့ ... ညစာအပြင်





မှာ ထွက်စားမယ်"

"မာမီက ညစာ စီစဉ်နေပြီ၊ အပြင်ထွက်လို့မဖြစ်တော့ဘူး ပန်းချီ ... ညစာ ကိုကိုနဲ့အတူတူစားကြမယ်၊ ခဏလေးစောင့်"

"မစားဘူး ... ကိုကိုက ပန်းချီနဲ့ဆို ရှောင်ချင်နေတယ်၊ ဘာဖြစ်လို့လဲ ... ဟိုဒေါက်တာမကြောင့်လား"

"ဟာ ... မဆီမဆိုင်ကွာ၊ ကိုကိုက ဘယ်မိန်းကလေးမှ စိတ်ဝင်စားတာမဟုတ်ဘူး"

"စိတ်မဝင်စားလို့ဘဲ ကိုကိုကအကြောင်းမရှိအကြောင်းရှာပြီး ဟိုဒေါက်တာမအနား ကပ်ချင်လို့ အဖွားစံဆီ သွားနေတာမဟုတ်လား"

တိမ်ပန်းချီ။

နှုတ်ခမ်းကို စူထော်၍ မကျေမနပ် ပြောမိသည်။

ပန်းချီလည်း ချောမောလှပတဲ့ မိန်းကလေးပါပဲ။

ဒါပေမဲ့ ဒေါက်တာချစ်ခြင်းဘုံနှင့်ယှဉ်လျှင် နောက်ကောက်ကျနေသည်ဟု ထင်မိ၏။

ကိုကိုကလဲ အရင်ကထက် စိမ်းလာနေသည်။

"လုံးဝ မကျေနပ်ဘူးနော် ... မနက်ကလဲ ခြံထဲမှာ ကိုကို့ မျက်လုံးကြီးတွေကလေ စူးစိုက်နေလိုက်တာ၊ ပန်းချီ အပေါ်ထပ် ပြတင်းပေါက်ကနေ ကြည့်နေတာ မမြင်ဘူး မဟုတ်လား ... "



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးကွာ ... ကိုကိုက လူမှုရေးအရ နှုတ်ဆက်တာပါ။ ပန်းချီ မဟုတ်တာတွေ မတွေးနဲ့နော် ... ပြဿနာကို မီးခွက်ထွန်း မရှာစမ်းပါနဲ့ဟာ"

ငွေလထိန် စိတ်ညစ်ရသည်။

သူက အကြောင်းရှာပြီး ဖွားစံ အခန်းထဲဝင်မလို့ဟာ တိမ်ပန်းချီနှင့် မဖြစ်ပါဘူး။

"ကိုကို ရေချိုးဦးမယ် ... ခဏနေမှ စားသောက်ခန်းမှာ ဆုံကြမယ်လေ"

ကိုကို မာမီက အခုတလော မျက်နှာကျောကြီးတင်းနေသလိုပဲ။

ကိုကိုက တိမ်ပန်းချီကို ဦးလေးတိမ်လရဲ့ ဇနီးတူ မွေးစားသားပါ။

ဒါပေမဲ့ ...

ကိုကိုက တိမ်ပန်းချီအား ညီမလေး သွေးသားရင်း တစ်ယောက်ကဲ့သို့ ဆက်ဆံနေသည်။

တိမ်ပန်းချီက ချစ်သူလို ချစ်စေချင်တာပါ။

မိသားစု စီးပွားရေးကို အောင်မြင်အောင်လုပ်နိုင်စွမ်းရှိတဲ့ ကိုကို့ကို ပန်းချီ အပိုင်ရယူချင်နေမိသည်။

"ကိုကို"





"ဟင်"

"ကိုကို့အခန်းထဲမှာပဲ စောင့်မယ်"

"မဟုတ်တာ ပန်းချီရာ ... ညီမလေးအခန်းထဲပဲ ပြန်သွားစမ်းပါ။ ကိုကို ခဏလေးပါ ... စားသောက်ခန်းကပဲ စောင့်နေ"

"ကိုကို့အခန်းထဲမှာပဲ စောင့်မယ်ကွာ ... ဘာဖြစ်လဲ"

တိမ်ပန်းချီ နှုတ်ခမ်းလေးစူ ခြေကလေးစောင့်ပြီး သူ့အိပ်ခန်းထဲဝင်သည်။

တားလျှင်လည်း ပိုပြီး ပြဿနာက ကြီးထွားလာမှာမို့ ငွေလထိန် မပြောတော့။

ဒီကောင်မလေးက ဝင်ထွက်နေကြပဲ။

တဖြည်းဖြည်း အသက်အရွယ်တွေက ရလာ၍ မသင့်တော်တော့ဟု သူထင်သည်။

ငွေလထိန် ရေချိုးခန်းထဲဝင်ပြီး ရေချိုးပစ်လိုက်၏။

ဖွားစံဆီ ညမှသွားမယ်။

ဒေါက်တာချစ်ခြင်းဘုံအား တွေ့မြင်ချင်တဲ့ဆန္ဒတွေ ပြင်းပြနေရသည်။

"ကိုကို ... "

"ဟင်"

"ရေချိုးတာ မပြီးသေးဘူးလား ... ကြာလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ပြီးပြီဟော့ ... ခဏလေး ... "

အပြင်ဘက်မှ အော်ဟစ်ပြီး တိမ်ပန်းချီက ကြိုကျနေသည်။

သူအပြင်ပြန်ထွက်လာတော့ တိမ်ပန်းချီက အမွှေးပွသဘက်ကြီးနှင့် စောင့်နေ၏။

သူ့ကိုပေးပါဆိုလည်း မရ။

ရေဖွေ အတင်းသုတ်သည်။

"ကိုကို ဘာဖြစ်နေတာလဲ ... ငယ်ငယ်လေးထဲက ပန်းချီရေချိုးရင် ကိုကို သုတ်ပေးနေကျ ... ကိုကိုရေချိုးလည်း ပန်းချီသုတ်ပေးတာပဲ၊ လက်တွေဖယ် ... ပန်းချီပဲ သုတ်ပေးမယ်"

"ပန်းချီရာ ... ညည်းကလေး မဟုတ်တော့ဘူးနော်၊ မိန်းကလေးဆိုတာ မိုင်းကောင်းကျောက်ဖိ နေရတယ်ကွ"

"မနေပါဘူး ... ပန်းချီငယ်ငယ်လေးထဲက ဒီလိုပဲနေခဲ့တာ၊ အခု ကိုကိုဝတ်ဖို့ အင်္ကျီရွေးပေးထားတယ် ... ပန်းချီ ရွေးပေးတာပဲ ဝတ်ရမယ်"

"ကဲပါ ... မင်းသဘောပဲ၊ ကိုကိုတို့ အပြင်ထွက်ကြရအောင်ပါ"

သူ အဝတ်အစားတွေ အမြန်လဲပြီး အပြင်ထွက်ဖို့ပြင်သည်။

တိမ်ပန်းချီက ဘာမပြော ညာမပြောနဲ့ သူ့ခါးမှနေ၍ သိုင်းဖက်လာသဖြင့် သူ အထိတ်တလန့်နှင့် ဖယ်ပစ်သည်။





မရ။

သူ့ကျောပြင်မှာ သူမခေါင်းကို မှီတွယ်ထိကပ်ထားသည်။

"ကိုကို့ကိုချစ်တယ် ... ပန်းချီ ငယ်ငယ်လေးထဲကချစ်ရတာအရမ်းချစ်တယ်"

"ပန်းချီရာ ... လွှတ်စမ်းပါ၊ ကိုကိုတို့ အပြင်ထွက်ရအောင်မာမီက ညစာပြင်ထားလိမ့်မယ်"

တိမ်ပန်းချီ လက်တွေကို သူအတင်းအကြပ် ဖယ်ပစ်သည်။

မလွှတ်။

သူ့စိတ်ထဲမှာ မွန်းကြပ်လာရ၏။

တိမ်ပန်းချီ အရမ်းဆိုးတဲ့ ကောင်မလေး။

သူ့အပေါ် စိတ်ကစားတာမျိုးမကြိုက်။

ညီမလေး တစ်ယောက်အဖြစ်ပဲ သူ့ဘက်က ဆက်ဆံချင်ခဲ့သည်။

"ကိုကိုရယ် ... ပန်းချီ ခဏလောက် ဖက်ထားပါရစေနော်၊ ချစ်တယ် ... ကိုကို့ကိုချစ်တယ် ... "

တိမ်ပန်းချီ လက်လေးတွေက ကိုကို့ခန္ဓာကိုယ်အား ပွတ်သပ်ရွေ့လျားနေတော့ ကိုကိုက ရှုန်းဖယ်သည်။

ဘာဖြစ်လို့ ကိုကို့ဘက်က ရှောင်ဖယ်ချင်နေရတာလဲ။

တိမ်ပန်းချီက ဖေဖေ့ကို ငွေလထိန်နဲ့ လက်ထပ်ပါရစေတော့



www.burmeseclassic.com

www.burmeseclassic.com



တောင်းဆိုထားပြီး ဖေဖေကလည်း ငွေလထိန်ကို အမိဖမ်းထားရမည်ဟု ပြောထားသည်။

ကိုကိုက ကျောက်ရုပ်။ ပန်းချီအပေါ် နည်းနည်းလေးမှ တိမ်းညွတ်ယစ်မူးဟန် မပြခဲ့။

စိမ်းသည်။

"ဖယ်ပါ ပန်းချီ ... အဲဒီလို လုပ်တာမျိုးတွေ ကိုကိုမကြိုက်ဘူး၊ မင်းက ထာဝရ ကိုကို့ညီမလေးနော် ... "

"ကိုကို့ဘက်က ဘယ်လိုပဲသတ်မှတ် သတ်မှတ် ... ပန်းချီကတော့ ချစ်တယ် ... ဘာဖြစ်လဲ ... "

သူမ တိုး၍ဖက်သည်။

ဘာဖြစ်လဲ ...

ပန်းချီအရယူမယ်။

ဟိုဒေါက်တာမက ပန်းချီထက်သာလွန်းနေသည်။

ကိုကိုနဲ့ငြိမှာ။

ဖွားစံကလဲ ဘာဖြစ်လို့များ ဒီဆရာဝန်မကို လက်ခံထားရတာလဲ။

"ပန်းချီနော် ... မင်းလွန်နေပြီ၊ ပြောနေတာ မရဘူးလား လွှတ် ... ဖယ်စမ်းပါကွာ"

သူက အတင်းဆွဲဖြုတ်၍ အခန်းအပြင်ဘက် ထွက်လာခဲ့





သည်။

တိမ်ပန်းချီလည်း သူ့လက်မောင်းကို ဖက်တွယ်၍လိုက်လာ၏။

သူ ပြဿနာ မတက်လိုပေ။

အဖွားစံကိုယ်တိုင် အချစ်ကြီးချစ်ပြီး အရေးပေးထားတဲ့မြေး၊ တစ်ခါတစ်ရံကျတော့လည်း မဟာန္တယ် စံအိမ်ကြီးထဲမှာ နေထိုင်ရတာ ငွေလထိန် စိတ်ညစ်ညူးရသည်။

ဘဘကြီး တိမ်ရဲမာန်ကလည်း အသုံးစရိတ်တွေ မကြာခဏ ထုတ်ယူနေတတ်သည်။

ဒီတစ်ကြိမ်တော့ သူငြင်းပယ်ထား၍ ဘဘကြီး မကျေမချမ်း နိုင် ဖြစ်နေသည်။

"တိမ်ပန်းချီ ... မင်းအပြုအမူတွေ ဆင်ခြင်ပါ၊ ကိုကိုနဲ့ဘယ်လိုပဲ သွေးသားမတော်စပ်ပါစေ မင်းက ကိုကို့ညီမလေးပဲ"

"အဟက်"

"မရယ်နဲ့ ... မင်းရဲ့ထင်ရာစိုင်းချင်တဲ့ အပြုအမူတွေကိုပြင်ပါ"

"မပြင်ပါဘူး ... ကိုကိုသာ ပန်းချီကို စိမ်းနေတာ၊ ဘာဖြစ်လို့လဲပြော ... ဟိုဆရာဝန်မကြောင့်လား ... ပြဿနာ ရှာပစ်မှာနော်"

"မဟုတ်တာတွေကွာ ... မင်းအကျင့်တွေကို ပြင်သင့်တယ်၊ အဖွားစံအတွက် လိုအပ်လို့ ခေါ်ထားတာကွ"



www.burmeseclassic.com

www.burmeseclassic.com



"အဖွားစံ လိုအပ်လို့ ခေါ်ထားရင်လည်း ကိုကိုနဲ့ကင်းကင်းနေပြနော် ... တိမ်ပန်းချီအကြောင်း သိတယ်မဟုတ်လား"

"တော်ပြီကွာ"

တိမ်ပန်းချီကိုလည်း ကြမ်းကြမ်းတမ်းတမ်း စိမ်းစိမ်းကားကား ဆက်ဆံလို့မဖြစ်မှန်း သိလိုက်သည်။

ဒေါက်တာချစ်ခြင်းဘုံကို ပြုံသနာသွားရှာမှာပါ။

အရင်ကလိုဆို ငွေလထိန် ပြတ်ပြတ်သားသား တင်းပြစ်ချင်ပေမယ့် ဒေါက်တာချစ်ခြင်းဘုံကြောင့်ပဲ သူ့စိတ်တွေကို လျှော့ပစ်လိုက်သည်။

"သားနဲ့သမီး လာကြလေ ... မာမီ ညစာပြင်ထားပြီးပြီကွယ်"

သား ငွေလထိန်ရဲ့ လက်ကို ဖက်တွယ်လာတဲ့ တိမ်ပန်းချီအား အမြင်ကတ်မိပေမယ့် ယောက္ခမကြီးနှင့် ခင်ပွန်းမျက်နှာရှိနေ၍ ဒေါ်နှင်းသခင် သည်းခံနေရသည်။

ရုပ်ရည်လေးက ချောမောပေမယ့် အနေအထိုင် ပက်စက်တာကို မိမိမနှစ်သက်။

ပြီးတော့ ...

ပညာလည်း မတတ်ဘူး။

တိမ်ပန်းချီ ဆယ်တန်းပင် သုံးနှစ်လောက် ကျရှုံးနေခဲ့၏။





မိဘကလဲ လုံးဝအကျင့်စာရိတ္တ မကောင်းကြ။

အဖွား ပိုက်ဆံချမ်းသာနေလို့ပေါ့။

"မာမီ့လက်ရာ အရမ်းကောင်းပေမယ့်လေ ပန်းချီက မြန်မာအစားအစာတွေကို မကြိုက်ဘူး ... အပြင်ထွက်စားပါ့မယ်ဆို၊ ကိုကိုက ငြင်းနေတယ်၊ စိတ်ပျက်လိုက်တာ ... "

ဒေါ်နှင်းသခင်ကို တမင်ပြောပစ်လိုက်တာ။

မိဘစဉ်ဆက် ပိုက်ဆံချမ်းသာကြတော့ မဟာနွယ်စံအိမ်ကြီးထဲမှာ ကိုကို့မာမီ ဒေါ်နှင်းသခင်က ထောင်နေသည်။

မျက်နှာကျောကလဲတင်းတင်း တိမ်ပန်းချီအား သမီးသာခေါ်နေတာ ဟန်ဆောင်နေကြောင်း သိနေ၏။

ပန်းချီတို့ မိသားစုကိုလည်း အထင်သေးနေတာ မဟုတ်လား။

"စားပါကွယ် ... နောက်နေ့မှ ထွက်စားနော်၊ မင်းမကြိုက်ပေမယ့် မာမီတို့ကတော့ မြန်မာအစားအစာတွေပဲ ကြိုက်တယ်၊ မာမီတို့မိဘတွေက အရမ်းချမ်းသာကြွယ်ဝကြပေမယ့် မြန်မာ့ယဉ်ကျေးမှုကိုတော့ မပြစ်ပယ်ကြဘူးလေ"

တိမ်ပန်းချီ ညည်းလိုကောင်မလေးမျိုးကို ကျုပ်နှိပ်ကွပ်ပြမယ်။

ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် ညည်း ကျုပ်သားငွေလထိန်



www.burmeseclassic.com

www.burmeseclassic.com



ကို မရစေရဘူး။

ကျုပ်သားက ညည်းနဲ့တန်လို့လား။

ဒေါ်တိမ်နန်းစံရဲ့ မြေးအရင်းလည်း ကျုပ်သားဇနီးလောင်းက ပညာတတ် မိန်းကလေးပဲ ဖြစ်စေရမယ်အေ့။

"သားကတော့ မြန်မာအစားအစာကို ကြိုက်တယ်ကွယ်၊ သမီးတိမ်ပန်းချီနဲ့တော့ လုံးဝအကြိုက်ချင်း မတူဘူး၊ ဆန့်ကျင်ဘက်ပဲ"

"ကိုကို့ကိုတော့ ပန်းချီအကြိုက်တွေလိုက်ပြီး ကြိုက်တတ်အောင်တော့ လေ့ကျင့်ပေးရမယ်မာမီ ... အတင်းအကြပ်ကို လေ့ကျင့်ပေးမှာ ... "

စောင့်ကြည့်နေပါ ဒေါ်နှင်းသခင် ... ရှင်ကြီး ဘယ်လိုပဲ သဘောမတူပါစေ ကျွန်မက ဒေါ်တိမ်နန်းစံရဲ့ မြေးလေး တိမ်ပန်းချီအကြောင်း ကောင်းကောင်းသိသွားစေရမယ်။

"တော်ပါပြီ မာမီရာ ... စားလို့လည်း မကောင်းဘူး၊ ပန်းချီမှမကြိုက်တာ ... "

တိမ်ပန်းချီ ထသွားသည်။

ဒေါ်နှင်းသခင်ကတော့ နှုတ်ခမ်းတွေကို တွန့်မဲ့ပြုံးပစ်လိုက်၏။

ညည်းကို ကျုပ်က ကြောက်နေလိမ့်မယ်မထင်နဲ့ တိမ်ပန်းချီ။





လူကြီးကို လူကြီးမှန်းမသိ မောက်မား စော်ကားချင်တဲ့ ကောင်မ။

"သား"

"ဗျာ ... မာမီ"

"ဒီကောင်မလေးနဲ့ ကင်းကင်းရှင်းရှင်းနေပါ၊ မာမီ သတိပေးထားတယ်နော် ... တွေ့လား ... မာမီ့ကို မထေမဲ့မြင် လုပ်သွားတာ၊ ဒေါ်တိမ်နန်းစံဆီက တစ်ပြားတစ်ချပ်မှမရလည်း ဒီဟာမလေးကိုတော့ ရှောင် ... ကြားလား သား ... "

"မာမီ"

"ပြော"

"လောလောဆယ်တော့ တိမ်ပန်းချီကို အလိုက်အထိုက်လေး နေပေးပါ ... ဘာကြောင့်လဲဆိုတော့ ဖွားစံကျန်းမာရေးချို့တဲ့နေတယ်လေ"

"ဘာပဲဖြစ်ဖြစ် ဖွားစံက သားကို ငယ်ငယ်လေးထဲက ချစ်ခင်ယုယကျွေးမွေးစောင့်ရှောက်ခဲ့တာပါ"

"အဲဒီကျေးဇူးက မင်းမဟာနွယ်စံအိမ်ကြီး အကျိုးစီးပွားဖြစ်အောင် လုပ်ပေးထားတယ်လေ၊ တစ်ယောက်မှ အလုပ်မလုပ်ဘဲ ထိုင်ပြီး သုံးဖြုန်းစားသောက်နေကြတာပဲ"

"ဒေါက်တာ ချစ်ခြင်းဘုံကိုပါ ထိခိုက်နိုင်တယ် မာမီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ ချစ်ခြင်းဘုံ အပြင်ရောက်သွားတာ သားအတွက် ပိုတောင်ကောင်းဦးမယ်"

ဒေါက်တာ ချစ်ခြင်းဘုံအား မာမီက သဘောကျနေ၍ ငွေလထိန် နည်းနည်းတော့ စိတ်ပျော့ရှင် ချမ်းမြေ့နေရသည်။

ဟိုကောင်မလေး တိမ်ပန်းချီ ဘာတွေမွှေနှောက်ဦးမလဲ။

စိတ်လေးလေးပင်။

မာမီကတော့ ဘာကိုမှဂရုမစိုက်ဘဲ တိမ်ပန်းချီ ထောင်ချောက်ထဲ မဝင်မိစေဖို့သာ ငွေလထိန်အား သတိအထပ်ထပ်ပေးနေသည်။

အခန်း ( ၆ )

"မောင် ... ကျွန်မ အမေ့ကိုမတွေ့ရသေးဘူး၊ ကျွန်မ လုံးဝမပြန်ဘူး ... မေမေ့သတင်းကို ကျွန်မ သိမှဖြစ်မယ်"

"ဘုံ ... မင်းမေးလိုက်လေ၊ မင်းမေမေကိစ္စ ဘာဖြစ်လို့ ရင်ထုနှတ်ပိတ်နေရတာလဲ၊ မောင့်အတွက် စဉ်းစားပါဦးကွာ၊ မောင် ဘယ်လိုနေရမလဲ ... အရမ်းလွမ်းနေပြီ"

"တောင်းပန်ပါတယ်မောင်ရယ် ... ကျွန်မ သုံးလနေပါ့မယ်လို့ ကတိပေးထားတယ်၊ စာချုပ်မှာလည်း လက်မှတ်ရေးထိုးထားတယ်"

"ဩ့သည်တောင် လာမတွေ့ရဘူးဆိုတော့ ဘာတွေလဲ၊ အရမ်းကြီးကျယ်ခမ်းနားနေပြီနော် ... "

"မောင်"

"ပြော"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို ဆန္ဒဖြည့်စွမ်းပေးပါ၊ တောင်းပန်ပါတယ်၊ ကျွန်မ မေမေ့အကြောင်း သိချင်တယ် ... စုံစမ်းရမယ်၊ မဖြစ်မနေ ကျွန်မ သုံးလတော့နေရမယ်"

မောင် ဒေါသတွေဖြစ်နေသည်။

မောင်က နည်းနည်းတော့ ဒေါသထွက်တတ်၏။

တစ်ခါတလေ လူနာကိုတောင် စိတ်တိုတတ်တယ်။

ချစ်ခြင်းဘုံအတွက်ကတော့ မေမေက အရေးအကြီးဆုံးပဲ။

သေဆုံးသွားပြီလားပဲ။

ကျွန်မ စုံစမ်းရမယ်။

"ဘယ်နည်းနဲ့မဆို ကျွန်မ သုံးလတော့နေရမယ်၊ မေမေ့ အကြောင်း စုံစမ်းချင်လို့ ဒီတာဝန်ယူပါ့မယ်လို့ ကျွန်မက တောင်း ဆိုခဲ့တာပါ"

"ကိုယ့်ချစ်သူတောင် လာတွေ့လို့မရဘူးဆိုတော့ကွာ"

မောင့်ကို တွေ့လို့ရပေမယ့် ဘုံ မရှုပ်ချင်။

စိတ်အနှောက်အယှက်တွေ ဖြစ်ရမှာလဲ ဘုံမလိုလားမိ။

မောင်က တစ်မျိုး။

ဘုံ့အား သဝန်ကြောင်ချင်သည်။

မဟာနွယ်စံအိမ်က မိသားစုဝင်တွေကလည်း တစ်မျိုးပဲ။

"ဘုံ"





"ဟင်"

"မင်းက သည်းသည်းလှုပ်နေတာလား ဘုံ"

"မောင် ... ဘာပြောတာလဲ၊ မဟာနွယ်စံအိမ်ကြီးက လူတွေက သီးသန့်ဆန်တယ် ... ကျွန်မမှာ ချစ်သူရှိတယ်ဆိုတာ လည်း ပြောပြထားပါတယ်"

"ဘုံ ... မရဘူးကွာ၊ ကိုယ်အရမ်းလွမ်းနေပြီ၊ မင်းနဲ့တွေ့ချင် တယ် ... ဖုန်းဆက်တော့လဲ မင်းက ခဏ ခဏ မဆက်နဲ့တဲ့"

"မောင်ရယ်"

မောင်က သူမအား အမြဲတမ်းအနိုင်ကျင့် ပြောဆိုတတ် သည်။

ချစ်သူသက်တမ်း တစ်နှစ်အတွင်း ဘယ်နှစ်ကြိမ်မှန်းမသိ အောင် မောင်ရဲ့ပြဿနာ ရှာခြင်းကို ခံခဲ့ရ၏။

တစ်ခါတလေ မောင့်ကို ချစ်သူအဖြစ်ကနေ စွန့်လွှတ်ချင် သည်။

"မောင် ... ကျွန်မ ဆုံးဖြတ်ထားပြီးပြီ၊ သုံးလတော့ အနည်း ဆုံး နေထိုင်ရလိမ့်မယ်"

"ဘုံ ... မင်း ... "

သူမ ဖုန်းပိတ်ပစ်လိုက်သည်။

သူမအတွက် အရေးအကြီးဆုံးက မေမေ့ကို တွေ့ဖို့ပဲ။



www.burmeseclassic.com

www.burmeseclassic.com



မေမေ ဘယ်လိုဘဝမျိုးတွေနဲ့ ရင်ဆိုင်သွားရလဲ ဘုံသိရမယ်။

ပြီးတော့လည်း ...

တိမ်ပန်းချီက မေမေ့သမီးလေးလား။

ဘုံနှင့်တော့ မတူပေ။

မေမေ့ကိုတော့ ဘုံမမှတ်မိ။

သူမ ဖုန်းကို ပိတ်ထားလိုက်သည်။

"မမဒေါက်တာ"

"ဟင် ... မမြခင်"

"ဒေါ်နှင်းသခင် ... နေမကောင်းလို့တဲ့၊ ခေါ်ခိုင်းပါတယ်"

"ဟုတ်ကဲ့ ... အခုပဲ ဆေးအိတ်ယူပြီးလိုက်လာပါ့မယ်"

"ဒေါ်နှင်းသခင်ကို မမဒေါက်တာ တွေ့ဖူးတယ်မဟုတ်လား။ အစ်ကိုလေး ငွေလထိန်အမေလေ ... "

"အင်း"

"မာနတော့ကြီးတယ် ... မျက်နှာထားက တင်းမာနေတာပဲ"

မမြခင်နှင့် စကားတွေ အရှည်အဝေးပြောမနေတော့။

မမြခင် နှုတ်ကအစ မေမေ့အကြောင်း မထွက်တာ အံ့သြမဆုံးပေ။





သေသွားလို့လား။

ဒီကနေ ထွက်သွားပြီလား။

လောကကြီးထဲမှာ မေမေ အသက်ထင်ရှားရှိသေးရဲ့လား ဟင်။

"ရောက်ပါပြီ မမဒေါက်တာ"

"ကျေးဇူးပါပဲ"

မမြခင်က တံခါးမခေါက်ခင် ကိုငွေလထိန်က ထွက်လာသည်။

"သြော် ... ဒေါက်တာ ရောက်လာပြီလား၊ အခုပဲ ကျွန်တော် လာခေါ်တော့မလို့ ... မေမေ ခေါင်းတွေအရမ်းမူးနေတယ်၊ သွေးတိုးလားပဲ"

"ဟုတ်ကဲ့ ... ကျွန်မ စစ်ကြည့်ပါ့မယ်"

"ကျွန်တော့်နာမည် ငွေလထိန်ပါ"

"ဟုတ်ကဲ့"

သူမ အခန်းထဲသွက်သွက်လေးဝင်ပြီး ဒေါ်နှင်းသခင်ကို စမ်းသပ်သည်။

ကိုငွေလထိန်နှင့် ဖခင် ဦးတိမ်လတို့လည်း ရှိနေ၏။

ဒေါ်နှင်းသခင်ရဲ့ သွေးပေါင်တွေ တက်နေသည်။

"သွေးပေါင်တက်နေတာပါ၊ ကျွန်မ ဆေးထိုးပေးပါ့မယ်၊ ကျ



www.burmeseclassic.com

www.burmeseclassic.com



တော့ နည်းနည်းစိုက်ပေးပါ"

"ဟုတ်ကဲ့ ဒေါက်တာ ... အပြင်ဆေးခန်းရော ပြဖို့လိုလား"

"လိုပါတယ် ... အပြင်မှာ သေသေချာချာ ပြရပ့ါမယ်၊ အစားအသောက်ကအစ သတိထားရပ့ါမယ်"

"ကျေးဇူးပါပဲ ဒေါက်တာရယ်"

ဦးတိမ်လက စိတ်သဘောထား ပြည့်ဝသည်။

တခြားသူတွေနှင့် မတူပေ။

ယဉ်ကျေးမှု ရှိသည်။

"နှင်းကို ပြောသားပဲ ... အစားအသောက် သတိထားပါလို့ သားအတွက်လည်း မင်းက ကိုယ်တိုင်ချက်ပြုတ်ပြင်ဆင်ကျွေးရမှာ၊ မင်းအသက်အရွယ်နဲ့ မင်းရောဂါကြောင့် ဆင်ခြင်ပါကွာ ... ဒေါက်တာ ကျွန်တော့်မိန်းမကို ပြောပါဦးဗျာ"

"ဟုတ်ကဲ့ ... ကျွန်မ သေသေချာချာ ပြောပြပေးပ့ါမယ်၊ မကြာခဏလည်း လာကြည့်ပေးပ့ါမယ်"

ဒေါက်တာ ချစ်ခြင်းဘုံကို ဒေါ်နှင်းသခင် နှစ်သက်မိသည်။

မိမိသားနှင့် ရည်မှန်းထားမိ၏။

ဟိုဟာမလေး တိမ်ပန်းချီတော့ မဖြစ်ဘူး။

သားရဲ့ဘဝရှေ့ရေးအတွက် ပညာတတ် ချွေးမလိုအပ်၏။

ယောက္ခမကြီး ဒေါ်တိမ်နန်းစံကလည်း အတ္တကြီးသူ။





"အထူးအခွင့်အရေးပေးတာပါ၊ ဒေါက်တာ တွေ့ချင်ရင် တွေ့ပါ"

ဦးတိမ်ရဲမာန်ကတော့ ကိုငွေလထိန်နှင့်သမီးတိမ်ပန်းချီတို့ကို အမြန်ဆုံး လက်ထပ်ပေးဖို့ တောင်းဆိုပြီး ပြန်ထွက်သွားကြသည်။

"တိမ်ပန်းချီလေးက ဖွားစံရဲ့ မြေးအရင်းလေ ... မောင်ငွေလထိန်က ချွေးမရဲ့တူပါ၊ အရမ်းလိမ်မာလို့ စီးပွားရေးလုပ်ငန်းတွေလည်း သူ့ကိုပဲ အပ်ထားတာပါ"

"ဟုတ်ကဲ့"

"ဒေါက်တာ့ကိုတော့ ဖွားစံအရမ်းသဘောကျမိတယ်၊ ဖွားစံတို့ မိသားစုတွေကို စိတ်မဝင်စားလို့လေ"

"ဘုံက အလုပ်တာဝန်ကလွဲပြီး ဘာကိုမှ စိတ်မဝင်စားပါဘူး အဖွားစံ ..."

"ဒါကြောင့် ဖွားစံက ဒေါက်တာ့ကို လက်ခံထားတာပေါ့၊ ဒေါက်တာ့မျက်နှာလေးက အရမ်းဖြူစင်ပြီး ရိုးသားပါတယ်"

ဘုံ တကယ်လည်း မဟာနွယ်စံအိမ်ကြီးထဲက မိသားစုဝင်တွေကို စိတ်မဝင်စားမိ။

သူမ တွေ့ချင်နေတာက မေမေပဲ။

ရင်ထဲမှာ နာကျင်စူးရှနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မဟာနွယ်စံအိမ်ကြီးမှာ မိသားစုဝင်တွေက ရှုပ်ထွေးမွေလီ လွန်း၏။

သူမ စိတ်လည်း မဝင်စားမိ။

ဖွားစံကို ကျန်းမာရေးစစ်ဆေးပြီး သူမအခန်းထဲ ပြန်လာခဲ့ သည်။

"ဒေါက်တာ"

"ရှင်"

"ကျွန်တော် … ဒေါက်တာ့ကို မေးစရာစကားလေးရှိလို့ စောင့်နေတာပါ"

"မေးပါ … ဦးတိမ်ရဲမာန်"

"ဒေါက်တာ့ဆွေမျိုးသားချင်းတွေထဲမှာ သီရိရှင်းဆိုတဲ့မိန်းမ တစ်ယောက်များ ရှိလား"

"ရှင် … ဒေါ်သီရိရှင်း ဟုတ်လား … ဦးတိမ်ရဲမာန်၊ ဒေါ်သီ ရိရှင်းက ဘယ်သူလဲဟင်"

"ကျုပ်ရဲ့ ဇနီးပါ"

မေမေ့နာမည် ပါလာ၍ ဘုံ ရှင်လန်းတက်ကြွသွားရသည်။

"ဒေါ်သီရိရှင်းက ဘာဖြစ်လို့လဲ၊ ဘုံ့ကို မိတ်ဆက်ပေးတဲ့ အထဲမှာ မတွေ့ဘူးနော်"

"ရှိပါတယ်"





"ရှင်"

"ဩော် … ထားလိုက်ပါတော့ ဒေါက်တာ … မေ့ပစ်လိုက် ပါ။ သီရိရှင်းကို ဒေါက်တာ သိပုံမရဘူးထင်တယ်"

"မသိပါဘူး … အဲဒီလိုနာမည်မျိုးလည်း မကြားဖူးပါဘူး"

"ဘာမှမဟုတ်ပါဘူးလေ … မေးမြန်းကြည့်တာပါ၊ စိတ်မဝင် စားပါနဲ့၊ ကျွန်တော့်ဇနီး သီရိရှင်းနဲ့ဒေါက်တာက ရုပ်ချင်းတူနေတယ် လေ … ဒါကြောင့်ပါ … "

"ဟုတ်လား … တော်တော်လေး ဆင်လားဟင်၊ ကျွန်မ တွေ့ချင်လိုက်တာ"

"နောက်တော့ တွေ့ရလိမ့်မယ်ထင်တယ် ဒေါက်တာ"

ဦးတိမ်ရဲမာန်ကပြောပြီး သူမအနားကနေ ထွက်သွားသည်။ မေမေ ရှိသည်တဲ့။

ဘယ်မှာလဲ …

မိသားစုဝင်တွေအားလုံး ဘုံနှင့် မိတ်ဆက်ပေးခဲ့ပေမယ့် မေမေတော့ မပါပေ။

အနှိမ်ခံဘဝလား။

မဟာနွယ်စံအိမ်ကြီးရဲ့ အလုပ်သမားတွေကိုလည်း သူမ တွေ့ခဲ့ရသည်။

"မေမေ … ဘယ်မှာလဲဟင်၊ ချစ်ခြင်းဘုံဆိုတဲ့နာမည်လေး



www.burmeseclassic.com

www.burmeseclassic.com



ကို မေမေပေးခဲ့တာတဲ့လေ"

မေမေ့ကို သတိရမိနေသည်။

ဖေဖေကတော့ သမီးမေမေက ဖောက်ပြန်တတ်တဲ့ ခပ်ရှုပ်ရှုပ်မိန်းမ မဟုတ်ဘူးတဲ့။

ရိုးသား အေးချမ်းသူတဲ့။

ဦးတိမ်ရဲမာန်နဲ့ အနေနီးစပ်ပြီး ဖြစ်သွားကြတာဟု ပြောပြသည်။

"ဖေဖေ့အမှားပါ ... ဖေဖေက စီးပွားရေးပဲ အာရုံစိုက်တယ်၊ သမီးမေမေကို အမြဲတမ်း ချောင်ထိုးထားခဲ့တာလေ"

ဖေဖေ နောင်တတွေရနေတဲ့အချိန်တွင် မေမေက အနားမှာ မရှိတော့။

"သမီး ကြီးပြင်းလာလေ သိရိန္ဒတူလေပဲ ... ဖေဖေ့အသုံးမကျမှုတွေကြောင့်ပါ၊ သိရိက စိတ်ပျော့ပြီး ခံစားလွယ်တဲ့သူပဲ"

မေမေရေ ...

သမီးအရမ်းတွေ့ချင်နေတယ်။

ကံကြမ္မာတွေရယ် ...

ဘုံတို့သားအမိအပေါ် မရက်စက်ပါနဲ့။

တွေ့ဆုံခွင့်ပေးပါနော်။

ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် မေမေနဲ့တွေ့ခွင့်ပြုပါ။





သူမ အိပ်ခန်းလေးထဲဝင်လာပြီး အိပ်ရာပေါ်ပြစ်လှဲချမိသည်။

သူမ မျက်ဝန်းလေးကို မှိတ်ပစ်လိုက်တော့ ဒေါက်တာငွေလထိန်က မဆီမဆိုင် သူမ မျက်ဝန်းလေးထဲ တိုးဝင်လာခဲ့၏။

သူမကို ဂရုတစိုက်နှင့် နွေးထွေးစွာ ပြောဆိုဆက်ဆံခဲ့ကြသည်။

"ဒေါက်တာ့မှာ လိုအပ်တဲ့အကူအညီရှိရင် ပြောပြပါ ... အားမနာပါနဲ့နော် ... ကျွန်တော် အားလုံးကူညီပါ့မယ်"

ကိုငွေလထိန်ရဲ့စကားတွေကို ကြားယောင်နေမိသည်။

သူမ သိချင်နေတာက မေမေ ဘယ်မှာလဲဆိုတာပင်။

ဦးတိမ်ရဲမာန်က မေမေရှိသည်တဲ့။

နောက်မှ စကားတွေကို လျှောချပစ်လိုက်၏။

မဟာနွယ် စံအိမ်ကြီးက လူတွေအကြောင်း ငွေလထိန်သိကိုသိရမည်။

ပြီးတော့လည်း ဘုံအသိချင်ဆုံးက တိမ်ပန်းချီက ဘယ်သူ့သမီးဆိုတာပင်။

"ပန်းချီနဲ့ကိုကိုက လက်ထပ်တော့မယ် ဒေါက်တာ"

တိမ်ပန်းချီ မျက်ဝန်းတွေက ဘုံ့အား မနာလိုဝန်တိုဖြစ်နေခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



ဘုံက ကိုငွေလထိန်ကို ဘယ်လိုမှ မိတ်ဆွေအဆင့်ထက် ပိုပြီး ပတ်သက်မှာမဟုတ်။

ဘုံမှာ မောင်ရှိသည်။

"ညီမလေး တိမ်ပန်းချီရယ် ... မမက ကိုငွေလထိန်ကို မိတ်ဆွေအဆင့်ထက် မပိုပါဘူးကွယ် ... ညီမလေး ချစ်နေတဲ့ယောကျ်ား မဟုတ်လား၊ ညီမလေးတို့ မင်္ဂလာပွဲကို မမဝမ်းသာအားရ ကြိုဆိုမှာပါ"

တိမ်ပန်းချီက မေမေ့သမီးထင်တယ်။

မေမေ ဘယ်မှာလဲ။

ကိုငွေလထိန်ကို မေးကြည့်လိုသည်။

စိတ်သဘောထားဖြူစင်တဲ့ ယောကျ်ားပီသသူဟု ထင်နေမိ၏။

သူမ အားကိုးရာလူလည်း ဖြစ်နိုင်သည်။

အခန်း ( ၈ )

"သီရိရှင်း"

"ဟင် ... ရှင် ... ရှင် ... ဘာလာလုပ်တာလဲ၊ လူယုတ်မာကြီး ... ထွက်သွား"

ဦးတိမ်ရဲမာန် အနားကပ်သည်နှင့် သီရိရှင်းက အော်ဟစ်မောင်းထုတ်နေသည်။

စိတ်ဝေဒနာရှင် မိန်းမဆိုပေမယ့် သီရိရှင်းက တောင့်ဖြောင့်ချောမောဆဲပင်။

စိတ်ဖောက်ပြန်တဲ့နေ့ကစပြီး မိမိအား အကပ်မခံတော့။

ရှုံ့ရှာမုန်းတီးနေသည့် မျက်ဝန်း တောက်တောက်တွေက ဒေါသတွေနှင့် ပြည့်နှက်နေ၏။

ဦးတိမ်ရဲမာန် နောက်မိန်းမယူပြီး သမီးကို အိမ်ခေါ်လာကဲ့ အချိန်တွင် သီရိရှင်း စိတ်ဖောက်ပြန်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"သီရိ … ကိုယ်ပြောမယ့်စကားတွေကို ငြိမ်ငြိမ်သက်သက် နားထောင်စမ်းပါ … မင်းကိုချစ်တယ်"

"ဘာပြောတယ် … ချစ်တယ် ဟုတ်လား၊ လူလိမ်ကြီး … ဟား … ဟား ဟား … အဟင့်ဟင့် အီး … ရှင် … ရှင် နောက် မိန်းမယူတယ်၊ ကလေးမွေးတယ် … အီး … "

"ပြီးတာတွေ ပြီးပါစေတော့ကွာနော် … အခု သီရိကိုချစ် တယ် … တို့နှစ်ယောက် ချစ်ကြမယ်"

"မချစ်ဘူး … မချစ်ပါဘူး၊ ရှင့်ကိုမုန်းတယ်၊ အရမ်းမုန်းတယ် ထွက်သွား … အနားမကပ်နဲ့နော် … ရှင့်ကို မချစ်ဘူး"

ဦးတိမ်ရဲမာန် ခြေလှမ်းတွေက တဖြည်းဖြည်းနှင့် သီရိရှင်း အနား တိုးကပ်လာသည်။

နောက်ကို တဖြည်းဖြည်းဆုတ်နေတဲ့ သီရိရှင်းခြေလှမ်းတွေ က နံရံမှာ ကျောကပ်သွားမှ ရပ်သွား၏။

မျက်ဝန်းတွေက ဒေါသမျက်တွေ ထွက်နေသည်။

"သီရိ … ကိုယ်တို့ဇနီးမောင်နှံတွေလေ လင်မယားပဲ … သီရိကိုယ်တိုင် ကိုယ့်ကိုချစ်လို့ လိုက်လာခဲ့တယ်လေ"

"ကျွန်မ ယောကျ်ား ကိုနန္ဒရော၊ သမီးလေး … ကျွန်မသမီး လေး နာမည်တောင်မှေ့နေပြီ … ဘယ်မှာလဲ … ရှင့်ကြောင့်၊ ရှင် ကျွန်မကိုအတင်းအကြပ်ခေါ်သွားခဲ့တာပဲ"





"သီရိရှင်း"

"ဘာလဲ"

"ငြိမ်ငြိမ်လေးနေစမ်းပါ … ကိုယ့်ကို မင်းတစ်ချိန်က အရမ်း ချစ်ခဲ့တယ်လေ"

"ဘာ"

"သီရိရယ်"

သီရိရှင်းကို ချော့မော့၍ပွေ့ဖက်ဖို့ ကြိုးစားပေမယ့် သီရိက ခါးခါးသီးသီးပင် ငြင်းဆန်နေသည်။

မိမိကိုပင် ရန်မူဖို့ကြိုးစားနေ၏။

ဦးတိမ်ရဲမာန် ဒေါသတွေ ဖြစ်ရသည်။

"မင်းရန်မူနေရင် မင်းကို ငါသတ်ပစ်မှာနော်"

"သတ်လေ … ရှင် သတ်ရင်လည်းသေမယ် … သတ် … "

"ဒုက္ခပါပဲကွာ … ဒီအရူးမတော့ … "

သီရိရှင်းကို တစ်ချိန်က မိမိ ချစ်မြတ်နိုးမိသည်။

ဒါပေမဲ့ သမီး တိမ်ပန်းချီရဲ့မိခင် နိုဘယ်လ်ရဲ့ ညွတ်ကွင်းမှာ မိသွားပြီးထဲက သီရိရှင်းကို နှိပ်စက်ခဲ့၏။

နိုဘယ်လ်က အသေသတ်ခိုင်းတာပါ။

သီရိရှင်းရဲ့နေရာကို ဝင်ရန်ပင်။

ဒါပေမဲ့ …



www.burmeseclassic.com

www.burmeseclassic.com



နိဘယ်လ် ကားအက်စီးဒင့်ဖြစ်ပြီး သေဆုံးခဲ့ရသည်။

"မင်းကို ငွေလထိန် စောင့်ရှောက်နေလို့ မသေတာကွ"

"ငွေလထိန် ... ကျွန်မသား ဘယ်မှာလဲ ... သားရေ ထိန်၊ မေမေ သီရိကို လာကယ်ပါဦး ... ဒီမှာ လူယုတ်မာကြီး၊ နှာမှုးထနေတယ်"

"ဖြန်း ... "

"အား ... "

"ဖြန်း"

"အီး ... အီး ... "

"တိတ်စမ်း အရူးမ ... ငါ့ဒေါသတွေကို ဆွမပေးနဲ့နော် ... သေမယ် ... "

"အား ... ဟီး ဟီး ... ထိန်ရေ ... ဒီမှာ မေမေသီရိကို သတ်နေပါပြီ"

"ဖြန်း"

"သေစမ်း"

"ဝုန်း"

"အား"

အရူးမ သီရိရှင်းရဲ့ ဆံပင်ကိုဆွဲ၍ နံရံနှင့် ဆောင့်ပစ်လိုက်သည်။





"အား ... အမလေး ... သေပါပြီတော့၊ ကြောက်ပါပြီ ကိုတိမ်ရဲမာန်ရယ် ... ရှင်ပြုသမျှ နေပါတော့မယ်၊ သေဆိုသေ ရှင်ဆို ရှင် ထားရာနေပါ့မယ် ... ကျွန်မ ခန္ဓာကိုယ်တစ်ခုလုံးကို ရှင် ကာမ ရမ္မက်ခိုးတွေ သတ်ဖို့ အသုံးပြုပါတော့ ... "

"တိတ်စမ်း အရူးမ ... ဘာတွေအော်နေတာလဲ၊ နင်က အရူး ပါး ... နင်မသိတာ ဘာမှမရှိဘူး"

"အမလေး ... အား ... သေပါပြီ၊ ကယ်ကြပါဦးတော်"

မိမိက အနားကပ်မယ်ပြင်တော့ တအားအားထအော်သည်။

ဦးတိမ်ရဲမာန် ဒေါသဖြစ်ပြီး အတင်းအဓမ္မ ပွေ့ဖက်လိုက်စဉ် သီရိရှင်းက အသံပြဲကြီးနှင့် အော်ဟစ်ပြီး ကုတ်ဖဲ့နေပြန်သည်။

"မေမေသီရိ ... ဘာဖြစ်တာလဲ"

"ဒုန်း"

"မေမေသီရိ ... တံခါးဖွင့်ပေးပါ၊ အထဲမှာ ဘာဖြစ်နေတာလဲ"

"ဒုန်း"

"ဒုန်း"

"ဟင် ... သား၊ ငွေလထိန် ... လာပြီ၊ အမလေး သားရေ မေမေ့ကို ကယ်ပါဦး"

"မေမေသီရိ ... မေမေသီရိ တံခါးဖွင့်ပါ၊ အထဲမှာ ဘယ်သူရှိ



www.burmeseclassic.com

www.burmeseclassic.com



နေလဲ … တံခါးဖွင့်ပါ”

ဦးတိမ်ရဲမာန် ဘယ်လိုမှ မနေသာတော့ဘဲ တံခါးဖွင့်ပေး လိုက်ရသည်။

“ဟင် … ဆရာကြီး”

“ဟော့ကောင် … ထိန် … ငါ့မိန်းမအခန်း ငါလာတာကွ၊ ဒီ အရူးမ စွတ်အော်နေလို့ ဒေါသဖြစ်ရတာ”

“သားရေ … အမေ့ကိုသတ်နေတာလေ၊ ပြီးတော့ မဟုတ် တာတွေလုပ်မလို့ ကြံစည်တာ … အမေကြောက်တယ်”

ငွေလထိန် ဒေါသတွေ ပေါက်ကွဲလွှင့်စင်မတတ် ဖြစ်ရပေ မယ့် ဘဘကြီးကို ဘာမှဆက်ပြောမနေချင်တော့ပေ။

“ငွေလထိန် … ငါတို့လင်မယားကိစ္စ ဝင်မရှုပ်နဲ့ … ဒေါက် တာချစ်ခြင်းဘုံကိုခေါ်ပြီး ဆေးခန်းလည်းပြပေးစရာမလိုဘူးနော်၊ ငါ့အမိန့်ပဲ … ”

ဦးတိမ်ရဲမာန် ထွက်သွားသည်။

ငွေလထိန် စိတ်မကောင်း ဖြစ်ရသည်။

ဖြစ်မှဖြစ်ရလေ မေမေသီရိရယ်။

မျက်နှာမှာ ဒဏ်ရာတွေနှင့် သနားစရာပါ။

မျက်ရည်တွေကလည်း မျက်နှာပြင်ပေါ်မှာ လိမ်းကျံနေ ၏။





ငွေလထိန် ဒေါက်တာကိုခေါ်ပြီး ပြချင်ပေမယ့် မေမေ သီရိရှင်းက ဘဘကြီးရဲ့ ဇနီးဖြစ်နေသည်။

“ဆေးလိမ်းပေးမယ်နော် မေမေသီရိ … ဖြစ်မှဖြစ်ရလေဗျာ၊ မေမေသီရိက ဘဘကြီးနဲ့ အတိုက်အခံ မလုပ်ပါနဲ့လေ”

“မေမေသီရိ ဒီလူယုတ်မာကြီးကို မုန်းတယ် … ရွံ့တယ်၊ မေမေသီရိကို စော်ကားဖို့ ကြံစည်နေတာလေ”

“ထားလိုက်ပါတော့နော် … နောက်ဆုံး ထိန် အပြင်ကနေ သော့ခတ်ခဲ့မယ် … တစ်နေ့ သုံးကြိမ်လာကြည့်မယ်၊ ကျွန်တော် ပေါ့လျော့လိုက်လို့ဖြစ်ရတာပါ”

ခမေမေသီရိကိုတော့ မဟာနွယ်စံအိမ်ကြီးက လူတွေနှင့် အတိုက်အခံလုပ်၍ ကယ်တင်စောင့်ရှောက်ရမည်ဖြစ်သည်။

ထိန် အပြင်သို့ ခေါ်ထုတ်သွားပြီး စိတ်ရောဂါဆရာဝန်ကြီး တွေနှင့် ပြသပေးလိုခဲ့၏။

မဖြစ်နိုင်ခဲ့။

ဖွားစံကိုယ်တိုင်က မိသားစုဂုဏ်သိက္ခာအတွက် မေမေ သီရိအား အပြင်ထွက်ခွင့် မပေးခဲ့။

ခြံစောင့်ကြီးကလည်း ဖွားစံရဲ့လူယုံ။

“မေမေသီရိ … ဆေးထည့်ရင် နည်းနည်းလေးစပ်မယ်နော်၊ ကျွန်တော်က မိသားစုဆရာဝန်နဲ့ ပြပေးချင်ပေမယ့် ဘဘကြီးက



www.burmeseclassic.com

www.burmeseclassic.com



လက်မခံလို့ပါ”

“ထိန်”

“ဗျာ”

“ဒေါက်တာ့နာမည်က ဘယ်သူလဲ ... စောစောက ဟိုလူ ယုတ်မာကြီး ပြောသွားတယ် ... ဘယ်သူ ... ”

“ဒေါက်တာချစ်ခြင်းဘုံပါ ... အဖွားစံအတွက် ခေါ်ထားတာလေ”

ဒေါက်တာ ချစ်ခြင်းဘုံတဲ့။

ဒေါ်သီရိရှင်း တွေဝေငေးငိုင်သွားရသည်။

တကယ်တော့ မိမိလူမှန်းမသိအောင် ရှုံ့သွပ်နေခြင်းမဟုတ်ပါဘူး။

ဖြစ်ကာစကပဲ စိတ်ဝေဒနာတွေ ခံစားရလွန်း၍ အသိကင်းမဲ့သွားခဲ့ရပေမယ့် သားငွေလထိန်ရဲ့ ဆေးကုသပေးမှုကြောင့် သတိပြန်ရနေခဲ့၏။

ကိုတိမ်ရဲမာန်ကိုကြောက်လို့ ဆက်ပြီးရှုံ့သွပ်ချင်ယောင်ဆောင်ခဲ့သည်။

“ဒေါက်တာ ချစ်ခြင်းဘုံတဲ့ ... သမီးလေးများလား၊ သမီးလေးနာမည်က ချစ်ခြင်းဘုံပါ ... ”

ဒေါ်သီရိရှင်း တွေးနေမိသည်။





မိမိသမီးလေး မိမိကိုလာရှာတာလား။

အပြင်ကို ထွက်ပြေးသွားဖို့က မလွယ်ပေ။

ဒေါ်တိမ်နှန်းစံက ခြံစောင့်ကြီးကို အသေအချာအမိန့်ပေးထားခဲ့၏။

ရက်စက် ယုတ်မာတဲ့ မိန်းမကြီးပဲ။

“မေမေသီရိ”

“ဟင်”

“ဘာဖြစ်လို့ ငိုင်သွားရတာလဲ ... မေမေသီရိ ဘာဖြစ်လို့လဲဟင်”

“ဘာမှမဖြစ်ပါဘူး ထိန်ရယ် ... ဒေါက်တာမလေးနာမည်က ချစ်စရာကောင်းလို့ပါ ဒေါက်တာချစ်ခြင်းဘုံတဲ့လား ... ”

သမီးလေးလား ...

ညည်းဘာလာလုပ်တာလဲ။

မဟာနွယ်မှာက သားငွေလထိန်တို့ မိသားစုပဲ လူကောင်းရှိတယ်။

တိမ်ပန်းချီဆိုတဲ့ကောင်မလေးက ပိုပြီးတောင် အကျင့်ယုတ်သေးတယ်။

သား ငွေလထိန်ရှိနေလို့ ဖြစ်သည်။

“မေမေ မရှုံးတော့ပါဘူး ... ကိုတိမ်ရဲမာန်ကြောင့် မေမေ



www.burmeseclassic.com

www.burmeseclassic.com



တို့မိသားစုဘဝလေး ပြိုကွဲခဲ့ရတာပါ။ မေမေ အသုံးမကျဘူး၊ မိုက်မဲလွန်းတဲ့ မိန်းမပဲ ... "

ကိုနန္ဒဘုံက စီးပွားရှာကောင်းပေမယ့် မိန်းမကို ဥပေက္ခာပြုထားတတ်သူပါ။

သီရိရှင်း ပြည့်ပြည့်စုံစုံ နေထိုင်ရပေမယ့် မိမိ ခင်ပွန်းရဲ့ ချောင်ထိုးခြင်းကို ခံခဲ့ရသည်။

ပြီးတော့လည်း သူငယ်ချင်း မိတ်ဆွေတွေခေါ်လာတတ်ပြီး သောက်စားမူးယစ်တတ်၏။

မိမိလည်း မိန်းမကောင်း ပီပီသသ နေထိုင်ချင်ပေမယ့် ကိုတိမ်ရဲမာန်နှင့် ဆုံမိပြီး ဖောက်ပြန်တဲ့အကျင့်ပျက် မိန်းမ ဖြစ်သွားခဲ့ရသည်။

"ရှင့်ကြောင့်ပဲ ... လူယုတ်မာကြီး၊ ရှင်လည်း ဘာထူးလဲ၊ မိဘအိမ်မှာ ချောင်ထိုးထားပြီး အနိုပ်စက်ခံဘဝ၊ ကျွန်ဘဝ ... ရှင်က ထပ်ပြီး ဖောက်ပြန်သေးတယ်။"

ခေါ်သီရိရှင်း တွေးမိတိုင်း ဒေါသတွေပေါက်ကွဲရသည်။

ကိုတိမ်ရဲမာန်က နောက်ထပ်မိန်းမကို အတည်ယူခဲ့၏။

မိမိကို နှိပ်စက်သည်။

"မင်းသေသွားရင်ကောင်းမယ် ... ငါ နို့ဘယ်လ်ကို အရမ်းချစ်နေမိပြီကွ ... ငါ့မှာ သမီးလေးလည်းရပြီ၊ မယ်မယ်က ချစ်တယ်





မြေးဦးလေ ... "

မိမိထွက်သွားဖို့ တောင်းဆိုခဲ့ပေမယ့် လက်မခံကြ။

မဟာနွယ်စံအိမ်ကြီးထဲကနေ အပြင်ကိုထွက်ခွင့်မရှိဘူးတဲ့။

သူတို့အတွင်းရေးတွေ အပြင်ကိုပေါက်ကြားမှာ စိုးရိမ်နေသည်။

"ညည်းက လင်ကြီးငုတ်တုတ်နဲ့ လင်ငယ်နောက်လိုက်လာတဲ့မိန်းမပဲ ... ဒီခြံကြီးထဲ သေမှပဲထွက်ရမယ်၊ ညည်းထွက်ပြေးလို့ သည်းမရဘူး ... အသေပဲ"

တဖြည်းဖြည်းနှင့် မိမိစိတ်တွေ ရှုပ်ထွေးကျဉ်းကြပ်ကာ စိတ်ဝေဒနာတွေ ခံစားခဲ့ရသည်။

အရူးမဆိုပြီး အိမ်မှုကိစ္စတွေ မလုပ်ရတော့ဘဲ မြေအောက်ခန်းထဲမှာ ပိတ်လှောင်ထားခဲ့၏။

သား ငွေလထိန်ကြောင့် မိမိ အသက်မသေရခြင်းပင်။

သမီးဖြစ်နေရင်လည်း ပြန်နိုင်းရမယ်။

လူယုတ်မာတွေ စက်ကွင်းထဲ မဝင်မိပါစေနဲ့။

"မေမေသီရိ"

"ဟင်"

"သက်သာလား"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်တွေကို ငြိမ်သက်အောင်ထိန်းပါနော် ... သားလေ မေမေသီရိကို အပြင်မှာဆေးကုသနိုင်အောင် ကြိုးစားမယ်၊ ခဏလေးပဲ စောင့်နေပေးပါဗျာ"

"ထိန်"

"ဗျာ"

"ကျေးဇူးတင်ပါတယ်ကွယ် ... သားကြောင့်ပါ၊ မေမေသီရိ မသေရတာ ... ထိန့်ကျေးဇူးတွေကြောင့်ပါ"

"မေမေသီရိကို ပြန်ကောင်းစေချင်ပါတယ်၊ စိတ်အားမငယ်ပါနဲ့နော်၊ အသက်ရှင်ပေးပါ ... ထိန် စောင့်ရှောက်ထားပေးမှာပါ မေမေသီရိရယ်"

ဘဘကြီး တိမ်ရဲမာန်က ယုတ်မာကောက်ကျစ်လွန်းသည်။ ဒက်ဒီနဲ့မတူဘူး။

တီလေး တိမ်လွှာခကေ သူ့အကျိုးစီးပွားပဲ ကြည့်ပြီး အတ္တကြီးတာ။

သူများအပေါ် အကောက်မကြံတတ်ပေ။

ဦးတိမ်ရဲမာန်လောက် ဘယ်သူမှ မကောက်ကျစ်ကြ။

သူ အပြင်ကနေ တံခါးကို သော့ခတ်ထားခဲ့မယ်ဆိုတော့ မေမေသီရိက လက်မခံ။

"မေမေသီရိ မွန်းကြပ်လို့ပါကွယ်၊ အပြင်ကနေ သော့မခတ်





ခဲ့ပါနဲ့ ဘယ်သူမှ တံခါးဖွင့်မပေးတော့ပါဘူး"

"မေမေသီရိ ထမင်းချိုင့်ရေခဲသေတ္တာထဲ ထည့်ပေးထားခဲ့မယ်နော် စားပါ ... မုန့်တွေလည်း ဆာရင်စားပါ"

"အေးပါ သားရယ် ... "

"ထိန် ကြိုးစားနေပါတယ်၊ မဟာနွယ်ခြံကြီးထဲကနေ လွတ်မြောက်ဖို့လေ"

"မင်း လွတ်မြောက်ဖို့ မကြိုးစားပါနဲ့ကွယ်၊ မင်းက ခံစားခွင့်ရှိသူပါ၊ မေမေသီရိကြောင့်တော့ မင်းအနာဂတ် မပျက်စီးစေချင်ဘူး"

"အခုလိုကျတော့လည်း မေမေသီရိ စိတ်တွေ ငြိမ်သက်နေတာပဲ"

"ဟိုလူယုတ်မာကြီးကိုတွေ့လိုက်တာနဲ့ မေမေသီရိစိတ်တွေ ယောက်ယက်ခတ်ပြီး ဖောက်ပြန်ချင်လာတယ်၊ မုန်းလိုက်တာ ထွီ"

"ဘဘကြီးအကြောင်း မတွေးပါနဲ့ ... အိပ်တော့နော်"

"ထိန်"

"ဗျာ"

"တိမ်ပန်းချီဆိုတဲ့ဟာမကို မယူနဲ့နော် ... ဒေါက်တာမလေးကို ယူနော်သား ... မေမေသီရိ သဘောတူတယ်"

"မေမေသီရိက ဒေါက်တာချစ်ခြင်းဘုံကို မြင်ဖူးလို့လားဟင်"

"သားက လူကောင်းလေးလေ ... ဆရာဝန်မလေးက ဘာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ် ချောမောလှပနေမှာပါ မဟုတ်ဘူးလား ... "

"အင်း ... အရမ်းလှတယ်၊ မေမေသီရိနဲ့ ရုပ်ချင်းနည်းနည်း လေးဆင်သလိုပဲ ... အရမ်းချောတယ်"

"ဟုတ်လား"

သမီးလေးချစ်ခြင်းဘုံဖြစ်တာ သေချာပါတယ်။

မေမေနဲ့တူတဲ့ သမီးလေး ...

ဘုရားရေ ...

ညည်းလေး ဘာလာလုပ်တာလဲ။

မေမေ့ကို လာရှာတာထင်တယ်။

သမီးလေးဖြစ်နေရင်လည်း သား ထိန်နဲ့ သဘောတူနေမိသည်။

ဟိုဟာမလေး တိမ်ပန်းချီက အမိဖမ်းတော့မှာပါ။

သမီးလေးနဲ့တွေ့ခွင့်ရအောင် ကြိုးစားရမယ်။

ဒေါ်သီရိရှင်း စိတ်ထဲမှာလည်း သမီးလေး ချစ်ခြင်းဘုံကို အလွန်အမင်း တွေ့ချင်နေသည်။

အခန်း ( ၉ )

"မြေးထိန် ... မြေးကို အဖွားစံ ပြောစရာတွေရှိတယ်၊ မြေး သေသေချာချာစဉ်းစားပါ ... အခု ဖွားစံ ပြောမယ့်ကိစ္စက မင်း မဖြစ်မနေ နာခံရလိမ့်မယ်"

"ဗျာ"

"ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်ဆိုသလိုပဲ၊ မင်းနဲ့မြေး တိမ် ပန်းချီတို့ လက်ထပ်ရလိမ့်မယ်"

"ဗျာ ... ဟို ... ဖွားစံ ... အဲဒါက ... "

"ဖွားစံ တောင်းဆိုပါတယ် မြေးရယ် ... မဖြစ်မနေ မင်း လက်ခံရမယ့်ကိစ္စလို့ ဖွားပြောထားပြီးပြီနော်၊ တစ်လအတွင်း လက် ထပ်ပွဲကို စီစဉ်မယ် ... လက်ဖွဲ့အဖြစ် ဖွားစံပိုင်ဆိုင်သမျှ တစ်ဝက် ကို လက်ဖွဲ့အဖြစ် ပေးပါ့မယ် မြေးရယ်"

ထိန် လက်မခံနိုင်ပါဘူး။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပန်းချီက သူ့ညီမလေးပဲ။

တခြား စိတ်တွေမွေးမရ။

မဖြစ်နိုင်ဟုထင်သည်။

မာမီကလည်း လက်မခံ။

ချွေးမက တိမ်ပန်းချီ လုံးဝမဖြစ်နိုင်ဘူး။

"ဖွားစံ ... ထိန်ပြောပါရစေဗျာ၊ ပန်းချီက ထာဝရ သားညီမ လေးပါ၊ လက်ထပ်ဖို့တော့ လုံးဝမဖြစ်နိုင်ပါဘူး၊ ဖွားစံပေးမယ့်အမွေ တွေလည်း ကျွန်တော်မလိုချင်ပါဘူး၊ လုပ်ငန်းတွေလည်း ပြန်အပ်ပါ ရစေ"

"ဘာပြောတယ်မြေး ... မင်း ... မင်း ... ဘာစကားပြော လိုက်တာလဲ၊ ဖွားစံကို နည်းနည်းလေးမှတောင် မငဲ့ညှာတော့ဘူး လား"

"မြေး လုံးဝလက်မခံနိုင်လို့ပါ ဖွားရယ် ... တောင်းပန်ပါ တယ်"

"မင်းထပ်စဉ်းစားပါဦး ထိန် ... ဘာလဲ ငယ်ငယ်လေးထဲက သံယောဇဉ်ကြီးပြီး ပြုစုပျိုးထောင်ပေးခဲ့တဲ့ ကျေးဇူးတွေကို ဖော်ပြ ကားမလို့လား"

"မဟုတ်ပါဘူး ဖွားရယ် ... ပန်းချီက သားညီမလေးပါ၊ လုံး မဖြစ်နိုင်လို့ပါ"





"မင်းထပ်စဉ်းစားပါ ... ဖွားစံ အချိန်ပေးပါ့မယ်၊ မြေးထပ် စဉ်းစားပါဦး ... ဖွားအနေနဲ့ ဒီလောက်အထိ ပြောစရာတောင်မလို ဘူးထင်တယ်"

ထိန် ပြန်ထွက်လာခဲ့သည်။

လမ်းမှာ ဒေါက်တာနှင့်ဆုံသည်။

"ဒေါက်တာ"

"ကိုငွေလထိန် ... ရှင် ဖွားစံအခန်းထဲက ထွက်လာတာ လား၊ ကျွန်မ ရှင့်အမေဆီ သွားမလို့ပါ ... ဖွားစံ နေကောင်းရဲ့လား ရှင့်မျက်နှာလည်း မကောင်းပါလားဟင်"

"မာမီ့ဆီသွားကြရအောင် ဒေါက်တာ"

"ဟုတ်ကဲ့"

ဒေါက်တာချစ်ခြင်းဘုံလို ဖြူစင်တဲ့မိန်းကလေးမျိုးကိုပဲ သူ့ရဲ့ ထာဝရလက်တွဲဖော်အဖြစ် လက်ထပ်လိုသည်။

ကိုယ့်ရင်ထဲမှာ မင်းရှိနေပြီ ချစ်ခြင်းဘုံ။

ဘယ်လိုလုပ်ရမလဲကွာ။

တိမ်ပန်းချီနဲ့တော့ ဘယ်လိုအကြောင်းနဲ့မှ ကိုယ်လက်မထပ် နိုင်ဘူး။

"ဒေါက်တာ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ မင်းအပြင်ထွက်ဖို့ ခွင့်ရတဲ့နေ့ မဟုတ်လား"

"ဟုတ်ကဲ့"

"ကိုယ် ညစာကျွေးချင်တယ်၊ အပြင်မှာဆုံကြရအောင် … တောင်းဆိုပါတယ်ဗျာ … ခွင့်ပြုပေးပါ"

ဘုံက တစ်လကိုတစ်ရက် အပြင်သို့ ထွက်ခွင့်ရှိနေသည်။

လိုအပ်တဲ့ပစ္စည်းတွေ ဝယ်နိုင်၏။

သူမက မောင်နှင့်တွေ့ဖို့ ချိန်းထားခဲ့သည်။

ကိုငွေလထိန်ကိုလည်း ငြင်းပယ်ဖို့ ခက်နေ၏။

အားနာနေသည်။

"ဘယ်လိုလဲဒေါက်တာ … ကျွန်တော် ရင်ဆိုင်နေရတဲ့ ပြ သနာတွေ ရှိနေတယ်၊ ဒေါက်တာနဲ့ စကားပြောချင်လို့ပါ … ကျေ ဇူးပြုပြီး လက်ခံပေးပါ ဒေါက်တာရယ်"

"ကျွန်မ လက်မခံနိုင်ပါဘူး ကိုငွေလထိန် … မဟာနွယ်အိမ် ဂေဟာကြီးရဲ့ အရှင်သခင်က ကျွန်မကို အထူးသတိပေး တားမြ ထားလို့ပါနော် … ကျွန်မ အလုပ်သဘောအရပါ၊ ကျွန်မ တာဝန်း ရပါလိမ့်မယ်"

"ဒေါက်တာ"

"ကိုငွေလထိန် သိပါတယ်နော်၊ တိမ်ပန်းချီ သိသွားရင် ပြ သနာက ပေါက်ကွဲပါလိမ့်မယ်၊ ကျွန်မ တောင်းပန်ပါတယ် …





မဟာနွယ် မိသားစုဝင်တွေနဲ့ မပတ်သက်ပါရစေနဲ့ရှင်"

ဒေါက်တာ ချစ်ခြင်းဘုံကို ငွေလထိန် လေးစားသွားရသည်။

မိန်းကလေး ပီသစွာ ကိုယ်ကျင့်တရားကို ထိန်းသိမ်းခဲ့၏။

ငွေလထိန် ရင်ကိုပို၍ ထိခတ်သွားရသည်။

"ဒေါက်တာရယ် … ကျွန်တော် လေးစားရပါတယ်၊ အရမ်း ကို လေးစားရပါတယ်"

"ကျွန်မလည်း ကိုငွေလထိန်ကို လေးစားရပါတယ်၊ ဒါပေမဲ့ အလုပ်သဘောအရပဲ ပတ်သက်ဆက်ဆံချင်ပါတယ်"

ကိုငွေလထိန်ကို သူမ အလွန်အမင်း သံယောဇဉ်တွယ်တာ လို့ မဖြစ်ပေ။

ကိုငွေလထိန် မျက်ဝန်းတွေထဲက သူမအပေါ် တွယ်ငြိနေ တဲ့ သံယောဇဉ်တွေကိုသိနေပေမယ့် ဘုံ ခံစားလို့မဖြစ်နိုင်ပေ။

ပြီးတော့ …

ဘုံ့အမေက လင်ယောကျ်ားအပေါ်မှာ ဖောက်ပြန်သူပါ။

နာမည်ပျက်တွေနှင့်။

မောင်လည်း မသိသေးပေ။

ဘုံဆရာဝန်ဖြစ်ပြီး ဖေဖေ ဆုံးကာနီးမှ ဖွင့်ပြောပြခြင်း ဖြစ် သည်။

"ဒေါက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ကျွန်တော် ဒေါက်တာ့ကို မြင်မြင်ချင်းပဲ သံယောဇဉ် တွယ်မိတယ် ... ကျွန်တော်နဲ့တိမ်ပန်းချီက သွေးသားမတော်စပ်ကြပေမယ့် ထာဝရ ကျွန်တော့်ညီမလေးပါ၊ ကျွန်တော့်ဘဝလက်တွဲဖော်အဖြစ် ဘယ်တော့မှဖြစ်မလာနိုင်ပါဘူး ... ဒေါက်တာ့လို မိန်းကလေးမျိုးကိုပဲ ကျွန်တော့်ဘဝရဲ့ လက်တွဲဖော်အဖြစ် ရွေးချယ်လိုပါတယ်"

"ရှင်"

"ကျွန်တော့်ရင်ထဲက ဆန္ဒတွေကို ဖုံးကွယ်ထိန်းချုပ်မထားချင်ဘူး၊ ကျွန်တော်တို့က အရွယ်ရောက်နေကြသူတွေလေ၊ ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော် ဒေါက်တာ့ကို လက်ထပ်ပါရစေ"

"ရှင် ... အမလေး ဘယ်လိုပြောလိုက်တာလဲ ကိုငွေလထိန် လုံးဝမဖြစ်နိုင်ပါဘူး၊ စိတ်ကူးမယဉ်ပါနဲ့နော် ... ကျွန်မ ပြတ်ပြတ်သားသား ငြင်းပယ်မိပါတယ်"

"ချစ်ခြင်းဘုံ"

ဒေါက်တာဟု ခေါ်ဝေါ်သုံးစွဲနေရာကနေ ချစ်ခြင်းဘုံဟု ပြောင်းလဲခေါ်လိုက်၍ ဘုံ အထိတ်တလန့် ဖြစ်သွားရသည်။

"ကျွန်မကို ... ဟို ... ကျွန်မလေ"

"ဘုံ"





"ဟို ... ဟို"

"ကိုယ် ဘုံ့ကိုချစ်တယ် ... ကိုယ်မြင်မြင်ချင်းပဲ ဘုံ့ကိုချစ်မိတာပါ၊ ကိုယ် ... ဖွားစံပေးမယ့် အမွေတွေလည်း မလိုချင်ဘူး၊ ဒီကနေ ထွက်သွားကြမယ် ... ဘုံရယ် ကိုယ့်ကို မငြင်းလိုက်ပါနဲ့နော်"

"မဖြစ်နိုင်ပါဘူး၊ လုံးဝမဖြစ်နိုင်ပါဘူး ... ကျွန်မ ပြတ်ပြတ်သားသားပဲ ငြင်းပါရစေ"

ကျွန်မမှာ ချစ်သူရှိပါတယ်ဆိုတဲ့စကားလုံးတွေက ဘုံ့လည်ချောင်းဝမှာ တစ်ဆို့နေသည်။

ဘာကြောင့်မှန်းမသိ ပြောမထွက်ခဲ့။

ကိုငွေလထိန်ရဲ့ မျက်ဝန်းတွေက ရီဝေကြေကွဲစို့နစ်နေ၍လည်း ဖြစ်နိုင်၏။

မောင်နှင့်ဘုံ ချစ်သူတွေ ဖြစ်သွားကြတာ တကယ့်ကို အူလယ်လယ်။

ယောက်ျားပီသစွာ ချောမောခန့်ညားတဲ့ ဆရာဝန် သူငယ်ချင်း မောင့်ကို ဘုံချစ်လား မချစ်လား အသေအချာ မစဉ်းစားရသေးခင် မောင်က အတင်းအကြပ် အဖြေရယူသွားခဲ့သည်။

"မင်း ပြောခဲ့တယ်မဟုတ်လား ဘုံ ... မင်းပါးကိုနမ်းတဲ့လူဟာ မင်းချစ်သူဖြစ်ရမယ်၊ မင်းဘဝ တစ်သက်တာလုံး လက်တွဲဖော်လို့



www.burmeseclassic.com

www.burmeseclassic.com



လေ"

ထိုစကားတွေကို မောင်က သူမအား အတင်းအကြပ်ပွေ့ဖက်၍ နမ်းရှိုက်ပြီးကာမှ ပြောခဲ့သည်။

သူမ လက်ခံလိုက်ရ၏။

ချစ်သူသက်တမ်းတစ်လျှောက်လုံးမှာ သူမအား ခြိမ်းခြောက် ဟိန်းဟောက်၍ အနိုင်ကျင့် ဗိုလ်ကျလာခဲ့သည်။

"ဘုံ"

"ကျွန်မ လုံးဝမစဉ်းစားနိုင်ပါဘူး ကိုငွေလထိန် … ကျွန်မ ရှင့်ကို လုံးဝမချစ်ဘူး၊ လက်ထပ်ဖို့လည်း မဖြစ်နိုင်ပါဘူး"

မဟာနွယ် မိသားစုဝင်တွေနှင့် ဘုံပတ်သက်ရှုပ်ထွေးလို့ မဖြစ်ပါဘူး။

သူမ မေမေ့ကိုရှာရဦးမည်။

စံအိမ်ကြီးရဲ့ တစ်နေရာရာမှာ မေမေရှိနေနိုင်သည်။

မေမေ ဘယ်လိုအခက်အခဲတွေနှင့် ရင်ဆိုင်နေရပြီလဲ။

သူမ စိတ်ပူမိသည်။

"ကျွန်မ အလုပ်သဘောအရပဲ ဆက်ဆံပါရစေ၊ တောင်းပန်ပါတယ် ကိုငွေလထိန် … မဟာနွယ် မိသားစုဝင်တွေနဲ့ကျွန်မ ရှုပ်ထွေးပတ်သက်မှုတွေ အဖြစ်မခံနိုင်လို့ပါ၊ ကျွန်မ ဆရာရဲ့မျက်နှာလည်း ထောက်ထားရပါဦးမယ်"





သူမ လှည့်၍ထွက်လာခဲ့သည်။

ဒေါ်နှင်းသခင်ရဲ့ အခန်းထဲရောက်တော့ ဒေါ်နှင်းသခင် သက်သာနေ၏။

မျက်နှာလေးလည်း လန်းဆန်း၍ သူမအား လှိုက်လှိုက်လှဲလှဲ ဆီးကြိုသည်။

"လာပါ ဒေါက်တာ … အခုလို ဂရုစိုက်ပေးတာ ကျေးဇူးအရမ်းတင်ပါတယ်နော်"

"ဘုံက တာဝန်ကြေပွန်ချင်ပါတယ်၊ တာဝန်အရ စောင့်ရှောက်ပေးရတာပဲ ရှိပါတယ်၊ ကျေးဇူးအထူးအထွေ တင်စရာတော့ မရှိပါဘူး"

"အမလေး … ဒေါက်တာရယ်၊ အန်တီနှင်းကလေ ဒေါက်တာ့ကို မြင်မြင်ချင်းပဲ သဘောကျနေမိတာပါ၊ ချွေးမတောင် တော်ချင်နေတာ သိလား … "

"ရှင်"

"နှင်းရယ် … ဒေါက်တာ့ကို အားနာစရာကွာ၊ မင်းဘာတွေပြောနေတာလဲ"

"နောက်တာနော် ဒေါက်တာ … အန်တီနှင်းရင်ထဲမှာ အဲဒီလိုတော့ဖြစ်မိနေတယ် … ဒေါက်တာ့လို ယဉ်ကျေးသိမ်မွေ့ပြီး ပညာတတ်မိန်းကလေးမျိုးကို ချွေးမတော်ချင်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



သားငွေလထိန် ဝင်လာသဖြင့်စကားက ရပ်ပစ်လိုက်ရသည်။

သားမျက်နှာလေး ညှိုးနေသလိုပင်။

ဘာတွေဖြစ်လာရလဲ။

ဒေါ်နှင်းသခင် အကြောက်ဆုံးက တိမ်ပန်းချီနှင့်လက်ထပ်ဖို့ ဒေါ်တိမ်နန်းစံက တောင်းဆိုလာမှာကိုပဲ ဖြစ်၏။

ထိုအချိန်တွင် မိမိခင်ပွန်းထံ သူ့အမေက ဖုန်းဆက်ခေါ်နေသည်။

"မယ်မယ် ခေါ်နေတယ်နှင်း ... မင်းလည်း လိုက်ခဲ့ရမယ်တဲ့"

"ဟွန်း ... သားကိစ္စထင်တယ်၊ နှင်းတော့ လုံးဝလက်မခံနိုင်ဘူးနော်၊ ကိုယ် ... အပြတ်ငြင်းရမယ်"

"နေပါဦးနှင်းရယ် ... မယ်မယ့်စကား နားထောင်ပါဦး။ နောက်မှ ဘာလုပ်သင့်တယ် ဆုံးဖြတ်ပါ"

"နှင်း မလိုက်ဘူး"

"မယ်မယ်ခေါ်နေတာပဲကွာ၊ လိုက်ခဲ့ပါ ... သားဆန္ဒမပါဘဲ ကိုယ် လက်မခံပါဘူး"

"တိမ်ပန်းချီက ကိုယ့်တူမလေ"

"သားကလည်း ကိုယ့်သားပါ ... နှင်းလက်မခံတာ ကိုယ်





အပြစ်မပြောပါဘူးကွာ ... ဘယ်ကိစ္စမဆို သားဆုံးဖြတ်ခွင့်ရှိပါတယ်"

"ပြီးရောနော် ... နှင်းကတော့ ဒီကောင်မလေးကို လုံးဝ ချွေးမအဖြစ် လက်မခံနိုင်ဘူး"

"အေးပါကွာ"

"သား"

"ဗျာ ... မာမီ"

"မင်းကို ပြောလား ... တိမ်ပန်းချီနဲ့လက်ထပ်ဖို့လေ"

"ကျွန်တော် ငြင်းခဲ့တယ် မာမီ ... "

"ကောင်းတယ် ... မာမီတို့ ဒီကနေထွက်သွားရမယ်ဆိုရင်လည်း ထွက်သွားမယ်၊ ဒီကိစ္စ လုံးဝမဖြစ်နိုင်ဘူး"

မာမီ ထွက်သွားသည်။ ထိန်ကတော့ ဘုံ့ကို အားနာမိသည်။ သူတို့အရှုပ်အထွေးတွေကို သိထား၍ဖြစ်၏။ ဘုံကတော့ မျက်နှာလေး တည်တည်လေးနှင့် ပြန်ထွက်သွားသည်။

"ဘုံ"

"ရှင်"

"ကိုယ် တောင်းပန်ပါတယ်၊ မင်းကို ပြောဆိုခဲ့တာတွေကို ကိုယ်ပြန်ရုပ်သိမ်းပါတယ် ဘုံရယ် ... ကိုယ် မတောင်းဆိုသင့်ပါဘူး၊ ဒါပေမဲ့ ... ဘုံ့ကိုတော့ ကိုယ့်ရဲ့နောက်ဆုံးထွက်သက်အထိ ချစ်နေမယ်ဆိုတာပဲ ပြောပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



သူမ လှည့်မကြည့်တော့။

မဟာနွယ်စံအိမ်ကြီးထဲကလူတွေနှင့် မရှုပ်ထွေးချင်ပေ။

ကိုငွေလထိန်ကို သူမ သနားသည်။

ဒါပေမဲ့ ... သူမ ဘာတတ်နိုင်မှာလဲ။

တိမ်ပန်းချီက သူမညီမလေးလည်း ဖြစ်နိုင်၏။

မေမေ့သမီးလေးလား။

သူမ အခန်းရောက်တော့ မမြခင်က သန့်ရှင်းရေးလုပ်ဖို့ စောင့်နေသည်။

"မမဒေါက်တာ"

"သြော် ... မမြခင်"

"ကျွန်မ သန့်ရှင်းရေးလုပ်ဖို့ပါ မမ ... "

ဘုံအခန်းတံခါးဖွင့်၍ မမြခင်အား ဝင်စေသည်။

ရင်ထဲမှာ မောပန်းနွမ်းလျှနေသလိုပင်။

အန်တီနှင်းကိုယ်တိုင်က သူမအား ချွေးမအဖြစ် စကားလမ်းစနေခဲ့၏။

မဖြစ်နိုင်ပါဘူး။

ဘုံ့မှာ လက်ထပ်ရမယ့်ချစ်သူရှိသည်။

"မမ"

"ဟင်"





"ဘာဖြစ်လာလို့လဲဟင်"

"ဘာမှမဖြစ်ပါဘူး"

"မမမျက်နှာလေး အရမ်းနွမ်းနေလို့ပါ၊ မြခင် ဘာကူညီရမလဲ မမကို မြခင်က အရမ်းချစ်ပါတယ် ... မဟာနွယ်မိသားစုဝင်တွေက မလွယ်ဘူးလေ ... တစ်ယောက်တစ်မျိုးစီ ပညာပြချင်နေကြတာ၊ သြော် ... မြခင် အတင်းပြောတာမဟုတ်ဘူးနော်၊ သဘောကို ပြောပြတာပါ"

"မမြခင်"

"ရှင်"

"ကျွန်မလည်း စပ်စုတာမဟုတ်ဘူးနော်၊ တစ်ခုလောက် မေးကြည့်လို့ရမလား"

"မေးလေ"

"ကျွန်မကို မိတ်ဆက်ပေးတဲ့မိသားစုဝင်တွေထဲမှာ ဦးတိမ်ရဲမာန်ရဲ့ ဇနီးကို မတွေ့ရဘူး၊ ဘာဖြစ်လို့လဲဟင် ... ဘုံ့စိတ်ထဲမှာ တစ်မျိုးပဲ၊ မတင်မကျကြီးနဲ့ ... "

"ဒါများ မမရယ် ... ဒေါ်သီရိရှင်းကို ပြောတာမဟုတ်လား၊ ရှိတယ် ... ကျွန်မ သိသလောက် ဒေါ်သီရိရှင်းက ရူးသွားတယ်"

"ဘာပြောတယ် ... မမြခင် ဒေါ်သီရိရှင်းက ရူးသွားတယ်၊ ဟုတ်လား ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... အခုတော့ ဘယ်မှာထားမှန်းမသိဘူး"

မေမေ ရူးနေပြီတဲ့။

ဘယ်လိုဖြစ်သွားရတာလဲ။

သူမစိတ်တွေ တုန်လှုပ်ချောက်ချားစွာ စိတ်ပူသွားရသည်။

"ဦးတိမ်ရဲမာန်က နောက်မိန်းမယူပြီး ကလေးမွေးတယ် တိမ်ပန်းချီလေ ... "

"ရှင်"

"ဒါကြောင့်ထင်တယ် ... စိတ်ဝေဒနာတွေ ခံစားရတယ် ပြီးတော့ ... အကျင့်ပျက်မဆိုပြီး ယောက္ခမက နှိပ်စက်တယ်"

ဖြစ်မှဖြစ်ရလေ မေမေရယ်။

မမြခင်ကို အဖြစ်မှန်တွေ မပြောပြရဲ။

သူမ မိခင်ဆိုတာလည်း အသိပေးလို့မဖြစ်ပါဘူး။

မေမေ ရှိနေသေးတယ်ဆိုတာကို သူမ သိလိုက်ရ၍ စိတ်တော့အေးသွားရသည်။

မေမေ့ကို ကယ်တင်ရမယ်။

ဘုံ ဘာလုပ်ရမှာလဲ။

မေမေ့ အတွက် စိတ်ပူမိ၏။

မေမေက အနှိမ်ခံဘဝတဲ့။

လင်ငယ်နောက် လိုက်လာလို့တဲ့လား။





မမြခင် ပြန်ထွက်သွားသည်။

ဘုံအိပ်ရာပေါ်သို့ အရုပ်ကျိုးပြတ်လေး ပြစ်လဲကျသွားတော့၏။

မေမေရယ် ...

ဘုံ ဘယ်လိုလုပ်ရမလဲ။

မေမေ့ကို တွေ့ချင်ပါတယ်။

မေမေက စိတ်ဝေဒနာရှင်ဘဝမှာ လူတွေရဲ့ဥပေက္ခာပြုခံထားရလားဟင်။

ဘုံ့ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်လျှံလိမ့်ဆင်းကျလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၀ )

"မင်းသားနဲ့ မြေး တိမ်ပန်းချီတို့ လက်ထပ်ဖို့ မယ်မယ်စီစဉ်ချင်တယ် သားလတ် ... နှင်းသခင်ရော မယ်မယ့်ဆန္ဒကို လက်ခံကြပါ ... မငြင်းပါနဲ့ ... "

"မယ်မယ်"

"ပြော"

"သားတို့လူကြီးတွေက ဆန္ဒရှိပေမယ့် ထိန်က ညီမလေးတစ်ယောက်လိုပဲ သံယောဇဉ်ရှိနေလို့ မဖြစ်နိုင်ဘူးထင်တယ် မယ်မယ်"

"ဘာပြောတယ် တိမ်လ ... မင်းတို့က မယ်မယ့်စကားကို ဆန့်ကျင်ကြတာလား"

နှင်းသခင်ကြောင့် ဖြစ်ရမယ်။

ဒေါ်တိမ်နန်းစံက မြေးမအကြောင်း ကောင်းကောင်းသိနေ





သည်။

မာနကြီးသူ။

တိမ်ပန်းချီ ရဲ့မိဘအကျင့်စရိုက်ကို မနှစ်သက်။

ဒင်းက မျိုးရိုးကြည့်နေတာ။

သားကြီးကလည်း ပြဿနာကောင်ပါ။

"မယ်မယ့်စကားကို ဆန့်ကျင်တာမဟုတ်ပါဘူး၊ သားထိန်ဆန္ဒပါ ... တကယ်လည်း မောင်နှမအရင်းလို နေထိုင်ခဲ့ကြတာလေ"

ဦးတိမ်လကတော့ ဇနီးနှင်းအကြောင်း သိသည်။

မျိုးရိုးအကျင့်စရိုက်နှင့် ပညာတတ်မိန်းကလေးကိုပဲ ချွေးမတော်ချင်နေ၏။

တွမကို လက်ခံမှာမဟုတ်။

ပညာကလည်း မတတ်။

မိမိကတော့ ပြတ်ပြတ်သားသား ဇနီးဘက်ကပဲ လိုက်၍ဆုံးဖြတ်ရမည် ဖြစ်သည်။

"ဘာပဲဖြစ်ဖြစ် မယ်မယ်စီစဉ်မယ်၊ ချွေးမလည်း လက်ခံပါ၊ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်၊ သားထိန်ကို ယုံကြည်တယ် ... မယ်မယ့်လုပ်ငန်းတွေအားလုံး အပြီးအပိုင် ပေးမှာနော်"

"သားက လက်မခံလို့ နှင်းလည်းခက်နေတယ် မယ်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရေးမှာတော့ သားရဲ့ဘဝတစ်သက်တာ လက်တွဲရမယ့်ကိစ္စဖြစ်နေလို့ သားပဲရွေးချယ်ပါစေ"

သဘောမတူပါဘူး။

ယောက္ခမကြီး ဒေါ်တိမ်နန်းစံက သူ့မြေး ဆပ်စလူးမကို မိမိသားလက်ထဲ ထိုးထည့်လို့ရမလား။

နိုက်ကလပ်တွေတက်ပြီး မိမနိုင် ဖမနိုင် ဟာမလေး။

ပညာလည်း မတတ်ဘူး။

ဂုဏ်သိက္ခာရှိတဲ့ မိသားစုဘဝ ဘယ်လိုတည်ဆောက်နိုင်မလဲ။

ပြီးတော့လည်း မအေကိုယ်တိုင်က ညဥ့်ငှက်မ။

အစ်ကိုကြီးနဲ့ရလို့ သူ့မွေးမြေးဖြစ်ရတာ။

ဒေါ်နှင်းသခင်ကတော့ အပြတ်သားဆုံး ငြင်းဆန်ဖြစ်ဖို့ပဲ စိတ်ကူးထားသည်။

"နှင်းသခင်"

"ပြောပါ မယ်မယ် ..."

"ဒီတစ်ကြိမ်တော့ ကျုပ်ရဲ့တောင်းဆိုမှုဆန္ဒကို လက်ခံပေးပါ၊ ညည်းတူပဲ ... ညည်းအမိန့်ကို ခံမှာပဲ ... မယ်မယ့်ကို စိတ်တို အောင် မလုပ်နဲ့ ..."

"ကျွန်မ လုံးဝမတိုက်တွန်းပေးနိုင်ပါဘူး မယ်မယ်"





"ညည်း ... ညည်းယောက္ခမ စကားဆို အမြဲတမ်း ဆန့်ကျင်နေတယ်၊ သားတိမ်လ ... မင်းအမေကို မလေးမစားလုပ်နေတာ သား၊ မင်းမိန်းမ ရိုင်းလွန်းတယ်"

"မယ်မယ် ... စိတ်အေးအေးထားပါဗျာ၊ သားတောင်းပန်ပါတယ်၊ ဒါက ခေါင်းအေးအေးထားပြီး ဆုံးဖြတ်ရမှာပါ"

"အေး ... ကောင်းပြီလေ ... တစ်ပတ်အတွင်း စဉ်းစားကြ၊ ဒီကိစ္စ မယ်မယ့်ဆန္ဒနော်၊ မသေခင် စီစဉ်စရာရှိတာတွေ စီစဉ်မယ်၊ ဒါပဲ ... သွားကြတော့ ..."

"မယ်မယ်"

"ဘာလဲ"

"ကျွန်မကတော့ အခုပဲ ဆုံးဖြတ်ပေးတာပါ၊ သားဆန္ဒမရှိရင်တော့ ဘာမှမလုပ်နိုင်ပါဘူး၊ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မရင်ဆိုင်မယ် ... ဒီကနေ ထွက်သွားဆိုရင်လည်း၊ ကျွန်မတို့သားအမိ ထွက်သွားပါ့မယ်"

"ဘာ ... ဘာပြောတယ် နှင်းသခင်၊ ညည်း ... ညည်း ကျုပ်ကျေးဇူးတွေကိုတောင် လုံးဝမထောက်ထားတော့ပါလား၊ အား အမလေး ... အား ... မူးတယ် ... အား ..."

"မယ်မယ်"

"ဒေါက်တာ့ကို ဖုန်းဆက် ... အား ... ကျွတ် ကျွတ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးတိမ်လ စိတ်ပူသွားပြီး ဒေါက်တာချစ်ခြင်းဘုံကို ဖုန်းဆက်ရသည်။

ဒေါ်နှင်းသခင်ကတော့ မျက်နှာထား တည်တည်နှင့်ပဲ စောင့်ကြည့်နေ၏။

သားထိန်ရဲ့ဘဝတစ်သက်တာအတွက် ဘာကိုမှ ငဲ့ညှာထောက်ထားနိုင်မှာ မဟုတ်ပေ။

သားထိန်ကိုယ်တိုင်ကလည်း မနှစ်သက်တာပဲ။

"ဖွားစံ ဘာဖြစ်လို့လဲဟင်"

"မူးတယ်လို့ ပြောတယ် ဒေါက်တာ"

အဖွားစံက မျက်လုံးတွေကို မှိတ်ထားပြီး ညည်းညူနေသည်။

ဘုံ ကျန်းမာရေး စစ်ဆေးမှုတွေလုပ်တော့ သွေးကတိုးနေ၏။

ကုသမှုတွေ အမြန်ဆုံးလုပ်ပေးရသည်။

"သွေးတိုးသွားတာပါ ... နည်းနည်းလေး စိတ်လှုပ်ရှားသွားတယ်ထင်တယ် ... ပြောစရာရှိတာတွေ နောက်မှပြောကြပါနော်"

ဖွားစံ အိပ်ခန်းထဲသို့ မိသားစုဝင်တွေ ရောက်လာကြသည်။

"မယ်မယ် ဘာဖြစ်သွားရတာလဲ တိမ်လ ... မင်းမိန်းမ ဘာတွေ ကလန်ကဆန်ပြောနေလဲကွ"





ဦးတိမ်ရဲ့မာန်ကတော့ ခယ်မ နှင်းသခင်အကြောင်းသိသည်။

မာနကြီးသူ။

ငွေလထိန်နှင့်သမီးကိစ္စ ငြင်းဆန်၍ပဲ ဖြစ်နိုင်၏။

ဒေါသလည်း ဖြစ်ရသည်။

"ရှင့်အစ်ကိုကို ကြည့်ပြော ကိုတိမ်လ ... ကျွန်မကတော့ သိရိုရှင်းလို ခေါင်းငုံ့ခံနေမှာ မဟုတ်ဘူး"

"ဘာပြောတယ် ... နင်နဲ့ဘာဆိုင်လို့လဲ နှင်းသခင်၊ နင် အရမ်းရိုင်းလွန်းတယ်"

ဒေါ်နှင်းသခင် ထွက်သွားတော့ ဦးတိမ်လလည်း လိုက်သွားသည်။

မေမေ့နှာမည်လည်း ပါလာခဲ့၏။

သေချာပါတယ်။

မေမေက အနှိမ်ခံဘဝနှင့် မဟာနွယ် စံအိမ်ကြီးထဲမှာ နေလာခဲ့ရသည်။

"ဒေါက်တာ မယ်မယ့်အခြေအနေ ... "

"သွေးနည်းနည်းလေး တိုးသွားတာပါ၊ အခြေအနေက မစိုးရိမ်ရပါဘူး"

ဒေါ်တိမ်လွှာခက မေးသည်။

အဖွားစံ မျက်လုံးတွေ ပြန်ဖွင့်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



တိမ်ပန်းချီလည်း ဝင်လာသည်။

"ဖွားစံ ဘာဖြစ်တာလဲ၊ ကိုကို့မာမီက ဘာပြောလို့လဲဟင်၊ ဒီချွေးမကျမှ ဖွားစံ သြဇာမညောင်းတော့ဘူးလား၊ ဒေါ်သီရိရှင်းကျတော့ ဖွားစံ နိုင်တယ် ..."

"မြေးရယ်"

"ဟဲ့ ... တိမ်ပန်းချီ၊ မယ်မယ့်ကို ဘာတွေပြောတာလဲ၊ ညည်း စကားပြောတာ ဆင်ခြင်ပါ"

ဒေါ်တိမ်လွှာခ မကြိုက်။

အစ်ကိုတွေကြားထဲမှာ ဘယ်သူ့ဘက်မှမလိုက်။

အစ်ကိုကြီးမိသားစုက ရှုပ်ပွေလီနေသည်။

ဒေါ်တိမ်လွှာခလည်း မကြိုက်ဘူး။

တူမ တိမ်ပန်းချီက ဆိုးသွမ်းတဲ့ ကောင်မလေးပါ။

"တီလေးလွှာကလဲ ... ပန်းချီက မှန်တာတွေပြောနေတာလေ၊ သူတို့သားကို ရွေထွက်နေတယ်လို့ထင်နေတာ၊ သူများအိမ်က ဝန်ထမ်းအဆင့်ပဲရှိတယ်၊ ကျွန်နဲ့ဘာခြားလို့လဲ ..."

"မြေးပန်းချီ တော်ပါတော့ကွယ်၊ ကဲ ... အားလုံး ထွက်သွားကြ၊ မယ်မယ် ဘာမှမဖြစ်ဘူး"

"ကိုကိုက ပန်းချီနဲ့လက်ထပ်ဖို့ကိစ္စငြင်းလည်း ရအောင်လုပ်ပြမယ် ဖွားစံ ... လုံးဝနောက်မဆုတ်ဘူး၊ ကိုကို့အချိုးတွေ လုံးဝ





ပြောင်းလဲလာတယ်၊ အဲဒါ ... ဘာကြောင့်လဲသိလား"

တိမ်ပန်းချီ အကြည့်တွေက ဘုံဘက် တင်းခနဲရွှေ့လာသည်။

သူမ ဆက်နေဖို့မသင့်တော့၍ ထွက်လာခဲ့မိ၏။

တိမ်ပန်းချီကို ဒေါ်တိမ်လွှာခက ဆုံးမနေသည်။

"ဟဲ့ ... ပန်းချီ၊ စကားပြောတာ အဆင့်ရှိစမ်းပါ၊ မဆိုင်တဲ့စကားတွေ ပြောမနေနဲ့"

ဘုံ ပြန်ထွက်လာခဲ့သည်။

တိမ်ပန်းချီက မေမေနှင့်ဘာမှ မပတ်သက်တာကို ဘုံ သိလိုက်ပြီ ဖြစ်သည်။

မေမေက အနှိမ်ခံဘဝ။

ရှုးသွပ်သွားတဲ့အထိ စိတ်သောကတွေ ဘယ်လောက်အထိခံစားသွားရရှာလဲ။

မေမေ့ကို ရှာရမယ်။

ဒီတိုက်ကြီးရဲ့ တစ်နေရာရာမှာ မေမေရှိနေနိုင်သည်။

"တော်တော်ရက်စက်ကြတဲ့ သူတွေပဲ ... ပြောတော့ မဟာနွယ်တွေ နည်းနည်းလေးမှ အဆင့်မရှိကြဘူး"

ကိုငွေလထိန်ကလည်း တိမ်ပန်းချီအား လက်ထပ်ရန် ငြင်းဆန်ခဲ့သည်။

ဒေါ်နှင်းသခင်ကိုယ်တိုင် မနှစ်သက်။



www.burmeseclassic.com

www.burmeseclassic.com



ပြတ်ပြတ်သားသား ငြင်းဆန်ခဲ့သည်။

"ကိုယ် ဘုံ့ကို လက်ထပ်ပါရစေ ... ကိုယ်ဒီမဟာနွယ်ကနေ ထွက်သွားချင်ပါတယ်၊ ကိုယ်ဘာအမွေမှလည်း မမက်မောဘူး ကိုယ့်ရဲ့ထာဝရ လက်တွဲဖော်က မင်းပဲဘုံ့"

သူမ ကြောက်လန့်တကြားနှင့် တစ်ယောက်ထဲ စိတ်ချောက်ချားစွာဖြင့် ခေါင်းလေးကို ခါရမ်းပြစ်မိသည်။

ကိုဌေးလထိန်ကို ဘုံ မေ့ပစ်ရမယ်။

မေမေ့သမီး မေမေ့လို အဖြစ်မခံနိုင်ပါဘူး။

ဘုံ့မှာ ချစ်သူရှိတယ်။

အရေးထဲ မောင့်ဖုန်းက ဝင်လာသည်။

"ဘုံလား ... မောင်စောင့်နေမှာနော်၊ မင်းထွက်လာခဲ့"

"အင်းပါ မောင် ... "

"မင်းအသံက ဘာဖြစ်နေတာလဲဘုံ၊ ညှောင်နာနာနဲ့"

"ဘာမှမဖြစ်ပါဘူး မောင်ရယ် ... အခုပဲ အဖွားစံ နေမကောင်းဖြစ်လို့ အပြေးအလွှား သွားရလို့လေ"

"မင်းကို မောင်ပြောမယ်နော်ဘုံ၊ အိမ်ရှင်အဖွားကြီး နေမကောင်းတာကို အကြောင်းပြပြီး ထွက်မလာဘဲမနေနဲ့၊ မောင် လိုက်လာခဲ့မှာ"

"မောင်ရယ် ... ဘုံထွက်လာမှာပါ၊ စိတ်မပူပါနဲ့၊ ဘုံလည်း





မောင်နဲ့တွေ့ချင်နေပါတယ်"

"ပြီးရော ... မောင်ကတော့ လူနာကိုအကြောင်းပြလိုက်တာနဲ့ လက်ခံမယ်မထင်နဲ့၊ မောင်နဲ့မဆိုင်ဘူး ... မင်းအလုပ်က ဆေးကုသပေးဖို့ပဲ၊ တခြား မင်းတာဝန် ဘာမှမရှိဘူး"

မောင်ကတော့ ဆရာဝန်တစ်ယောက်ဖြစ်ပြီး လူနာကို ဘယ်တော့မှ မညှာတာတတ်ခဲ့။ ဆေးကုပေးရတာကိုပင် အလုပ်သဘောအရပဲဟု သတ်မှတ်နေသူဖြစ်သည်။ လူနာတွေ ညည်းညူသံကိုလည်း မောင်သည်းမခံနိုင်။ ဆေးရုံမှာဆိုလျှင် အမြဲတမ်း ဆူပူသောင်းကြမ်းနေတတ်၏။ ဘုံ့စရိုက်တွေနှင့် မောင့်အကျင့်စရိုက်တွေက လုံးဝဆန့်ကျင်ဘက် ဖြစ်ခဲ့သည်။

"ဘုံ"

"ဟင်"

"ဘာဖြစ်လို့ အသံတိတ်သွားရတာလဲကွ"

"မောင် ဘာဖြစ်လို့ ဒေါသတွေဖြစ်နေရတာလဲ၊ ဘုံလာခဲ့မှာပါ၊ မောင် ... စောင့်နေနော်"

"ပြီးရောကွာ"

မောင်က ဖုန်းကိုစောင့်ကြီးအောင့်ကြီး ပိတ်ပစ်သည်။ ဘုံ့မှာ မေမေအတွက် စိတ်သောကတွေရောက်နေရတာကိုပင် ပြောမပြရ။ မင်းအမေက ကိုယ်ကျင့်တရားမကောင်းဘူးဟု ဝေဖန်ပြော



www.burmeseclassic.com

www.burmeseclassic.com



ဆိုဦးမည်။ ဘုံ့ကိုပင် စွတ်စွဲပုတ်ခတ်နိုင်သေး၏။ ဘာပဲဖြစ်ဖြစ် မောင်နှင့်သွားတွေ့ဖို့တော့ ဘုံ ပြင်ဆင်ရသည်။ ဖွားစံထံဝင်ပြီး ဘုံအပြင်ထွက်မယ့်အကြောင်း ပြောရ၏။ အဖွားစံကတော့ သူ့မြေးတိမ်ပန်းချီရဲ့ ပြောဆိုဆက်ဆံမှုကို တောင်းပန်နေသည်။

"ဖွားမြေးမက အလိုလိုက်ထားတော့ဆိုးတယ်၊ မြေးထိန်ကိုလည်း အရမ်းချစ်တာလေ ... ဒေါက်တာ့ကို တောင်းပန်ပါတယ်ကွယ်"

"ကိစ္စမရှိပါဘူးဖွားစံရယ် ... ကျွန်မ တာဝန်က ဆေးကုသပေးဖို့နဲ့ ဖွားစံကို စောင့်ရှောက်ဖို့ပါ။ အားမနာပါနဲ့နော်"

"မင်းက အရမ်းကို လိမ်မာတဲ့မိန်းကလေးပဲကွယ်"

ဖွားစံကို နှုတ်ဆက်ပြီး ဘုံထွက်လာခဲ့သည်။ ကိုငွေလထိန်နှင့်တွေ့ပြီး ကားယူဖို့ပြောတော့ သူမ ငြင်းခဲ့၏။ မောင့်မှာကားရှိပါတယ်။ တကယ်တော့ ဘုံ့အနေနှင့် ချစ်သူရှိနေတဲ့အကြောင်းတွေကို ငွေလထိန်အား ပြောပြသင့်သည် ထင်မိသည်။ ဒါပေမဲ့လည်း သူမ နှုတ်ခမ်းတွေ စေ့ကပ်နေသလိုပင်။ ဘုံ ပြောပြမှာပါ။ တစ်နေ့နေ့တော့ ဘုံမဖြစ်မနေ ပြောပြမှာပါ။ မေမေ့အကြောင်း သိထားပြီးထဲက ဘုံ့ဘဝကို မှဲ့စက်လေးတစ်စက်မျှပင် မစွန်းထင်းရလေအောင် စောင့်ထိန်းနေထိုင်ခဲ့သည်။

"ဘုံ"





"ဟင် ... မောင်"

"မင်း ဘာတွေစဉ်းစားလာရတာလဲ ... မောင့်ကားရပ်ထားတာကို မမြင်ဘူး မဟုတ်လား"

မောင်က မဟာန္တယ်စံအိမ်ကြီးရှိတဲ့အနားအထိ ကားနှင့်လာကြိုခဲ့သည်။ ဘုံကတော့ မနှစ်သက်မိ။ ပတ်ဝန်းကျင်က ပြောဆိုစရာဖြစ်မှာလည်း စိုးရိမ်မိပေမယ့် မပြောရဲ။ မောင့်စိတ်က ဒေါသထွက်လွယ်ပြီး ဘယ်အရာကိုမှ ဂရုမစိုက်တတ်။

"ကားပေါ်တက်လေ ... မင်းဘာစကားမှမပြောဘဲ မောင်ခေါ်ရာနောက်ကို လိုက်ခဲ့ရမယ်"

"ဘယ်သွားမှာလဲမောင် ... ဘုံတို့ ညစာစားကြမယ်ဆို"

သူမ အထိတ်တလန့်နှင့်မေးတော့ မောင်က ပြန်မဖြေ။ မျက်နှာထားတည်သွားပြီး ကားကို ဝေါခနဲ မောင်းသည်။

"မောင် ဘယ်သွားမှာလဲဟင် ... ပြောပါ၊ ကျွန်မတို့ အဝေးကြီးကိုတော့သွားလို့ မဖြစ်ဘူးနော်"

"မင်းပါးစပ်ကို ပိတ်ထားစမ်းပါဘုံ ... ဘာတွေအဖြစ်သည်းနေတာလဲကွာ၊ မောင်က မင်းရဲ့ချစ်သူ မင်းကိုကားတင်ပြေးဖို့ ကြံစည်နေတဲ့ လူရမ်းကား မဟုတ်ဘူးကွ"

"မောင်ရယ် ... ဘယ်သွားမယ်ဆိုတာတော့ ပြောပြပါ၊ ဘုံ



www.burmeseclassic.com

www.burmeseclassic.com



တို့ ညစာစားပြီး အေးအေးဆေးဆေး စကားပြောကြမယ်လေ"

"မင်း ဒီလောက်တောင် သိချင်ရင်လည်း မောင်ပြောပြမယ် ဘုံ ... တည်းခိုခန်းကိုသွားမယ်၊ တစ်ည တည်းမယ် ... မနက်မှ မင်းပြန်ရမယ်"

"ဘာပြောတယ် မောင် ... "

မောင်က ကားကို လူရှင်းတဲ့လမ်းဘေးမှာ ထိုးရပ်လိုက်သည်။ ဘုံ့ကို တည်းခိုခန်းခေါ်သွားမလို့တဲ့။ လုံးဝမဖြစ်နိုင်ပါဘူး။ တစ်ညအိပ်ရအောင် မောင်နှင့်ဘုံက တရားဝင်လက်ထပ်ထားတဲ့ ဇနီးမောင်နှံမှ မဟုတ်တာ။ ဘုံ လုံးဝလက်မခံနိုင်ပါဘူး။ မောင် အနိုင်ကျင့်လွန်း၍ ဘုံ့ရင်ထဲမှာ အချစ်တွေပျောက်ပြီး မုန်းတီးလာခဲ့သည်။

"မင်းကို မောင်စိတ်မချဘူးဘုံ၊ မောင်တို့က မကြာခင် လက်ထပ်ကြတော့မယ့် ချစ်သူတွေပဲကွာ ... တစ်ညလောက် အလွမ်းပြေ လေးနေကြရအောင်နော် ... မောင် အရမ်းလွမ်းရတယ်၊ ချစ်သူနဲ့ ခွဲခွာနေရဦးမှာလေ၊ တညလောက်တော့ မောင့်ဆန္ဒကို လိုက်လျော ပေးပါ ဘုံရယ် ... နော်"

မောင်က ကားပေါ်မှ ဆင်းဟန်ပြင်လိုက်တဲ့ ဘုံ့ကို အတင်း ပွေ့ဖက်၍ နမ်းဖို့ကြိုးစားနေသည်။ မောင် ဘယ်တော့မှအရက်မရှိ





ဘူး။ ချစ်သူကို တန်ဖိုးမထားသူဟု ဘုံထင်မြင်လာသည်။

"မောင်နဲ့ဘုံက မကြာခင် လက်ထပ်ကြတော့မှာပဲ၊ ချစ်သူ ရဲ့ဆန္ဒကို တစ်ညလေးပဲ လိုက်လျောပေးပါကွာ၊ မောင့်ဆန္ဒတွေ အရမ်းပြင်းပြနေလို့ပါ အချစ်ရယ် ... မောင့်ကို မစိမ်းကားပါနဲ့၊ အရမ်း လွမ်းရလို့ပါ ... "

"ဘုံ့ကိုလွှတ်ပါမောင် ... တရားဝင် လက်မထပ်ရသေးဘဲနဲ့ ဘုံမလိုက်လျောနိုင်ပါဘူး၊ ဘုံတို့က မစဉ်းစား မဆင်ခြင်နိုင်တဲ့ ငယ် ရွယ်သူတွေ မဟုတ်ဘူးနော် ... အရှက်သိက္ခာမဲ့တဲ့ကိစ္စတွေ ဘုံ လုံးဝသဘောတူ လက်ခံမှာမဟုတ်ဘူးနော် ... မောင် ဆက်တောင်း ဆိုနေရင် ဘုံပြန်မယ် ... "

"ဘုံ ... မင်းဘာတွေ ကြီးကျယ်နေတာလဲ၊ ကောင်းပြီလေ ဟိုတယ်မလိုက်ရင် ကားထဲမှာပဲ ချစ်ကြမယ်"

"မောင် ... ဘာတွေပြောနေတာလဲ၊ အရှက်မရှိလိုက်တာ၊ ဘုံပြန်မယ် လွှတ်ပါ ... "

"မလွှတ်ဘူးကွာ ... မင်းဘာဖြစ်ချင်တာလဲ ချစ်ခြင်းဘုံ၊ မောင့်အပေါ်သစ္စာမဲ့ချင်တာလား"

"ဘုံ တောင်းပန်ပါတယ်၊ အေးအေးဆေးဆေး စကားပြော ပြီး နေကြရအောင်ပါ၊ ဘုံ့မှာက အလုပ်တာဝန်တွေရှိသေးတယ်လေ၊ နောက်သုံးလပြည့်သွားရင် ဘုံပြန်လာမှာပါ ... မောင်နဲ့လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



မယ်”

“မင်းကို မယုံတော့ဘူး ဘုံ ... မောင့်ကို အနမ်းလေးတောင် မင်း ကြည်ကြည်ဖြူဖြူ မပေးချင်ဘူး၊ မောင့်ကိုတော့ မင်းသစ္စာမဲ့ မယ် မကြံနဲ့နော် ... မောင့်အကြောင်း မင်းသိတယ် မဟုတ်လား”

ဘုံ ဘာတစ်ခွန်းမှပင် ပြောချင်တဲ့ဆန္ဒမရှိတော့။ မောင့်ရဲ့ ကြိမ်းမောင်းခြိမ်းခြောက်သံတွေရော ဘုံ့နှလုံးသားဆန္ဒတွေနှင့် ဆန့် ကျင်စွာ ကြမ်းတမ်းတဲ့အချစ်တွေကြောင့် နာကျင်မှုတွေ မုန်းတီး မှုတွေ ရောပြွမ်းနေရသည်။

အခန်း ( ၁၁ )

“ဘုံ”

“ဟင် ... ကိုငွေလထိန်”

“ကားပေါ်တက်လေ ဘုံ ... ဘာဖြစ်လာလို့လဲ အင်အား ရှိသလိုဘဲ”

“ကျွန်မ နည်းနည်းနေမကောင်းဖြစ်နေတယ်၊ စိတ်တွေ လည်း အရမ်းရှုပ်ထွေးနေလို့ပါ”

ကိုငွေလထိန်ရဲ့ မျက်နှာကို မကြည့်ရဲလောက်အောင် ဘုံ ခေါင်းငုံ့မလဲ ဖြစ်ရသည်။ မောင့်လက်ကနေ လွတ်မြောက်အောင် ဘုံ ကြိုးစားရုန်းထွက်လာခဲ့ရ၏။ သူမနှင့်မောင့်ကို သူတွေ့သွားပြီလား။ ဆံပင်တွေ ဖရိုဖရဲဖြစ်တာတော့ ဘုံဖြီးသင်ခဲ့သည်။

“တက်လေ ဘုံ ... ကိုယ်တို့ အတူတူပြန်ကြတာပေါ့၊ မင်းမှ နေမကောင်းတာပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း … မဟာနွယ်စံအိမ်ကြီးကလူတွေ အကြောင်း ကိုငွေလထိန် သိတဲ့အတိုင်းပဲလေ၊ ဘုံကြောက်တယ် … တော်ကြာ အထင်လွဲစရာတွေ ဖြစ်နေပါ့မယ် … ကျွန်မ အငှားကားနဲ့ပဲ ပြန်ပါ့မယ်"

"ကိုယ့်ကားနဲ့လမ်းထိပ်အထိ လိုက်ခဲ့စမ်းပါ ချစ်ခြင်းဘုံ၊ လမ်းကြုံနေတာပဲဟာ … နေရာတကာ သတ္တိရှိစမ်းပါ၊ မင်းစိတ်ပျော့လွန်းတယ် … တက်လေ … "

သူမကို ယောကျ်ားတစ်ယောက်က အမိန့်ပေးနေတာကို မုန်းမိသည်။ လာပြန်ပြီ ကိုငွေလထိန်။ ဒါပေမဲ့ … သူ့မျက်ဝန်းတွေထဲမှာ အကြင်နာရိပ်တွေ ထင်ထင်ရှားရှား ပြည့်လျှမ်းနေနေ၏။ သူမလည်း တကယ်ပဲ အင်အားတွေ ဆုတ်ယုတ်နေသည်။

"မင်းက ရိုးသားဖြူစင်တဲ့ မိန်းကလေးပါ ချစ်ခြင်းဘုံ၊ မင်း တာဝန်ကြေတာပဲ … မင်းကို သူတို့အလုပ်ကနေ မထုတ်ပါဘူး ကိုယ် ကာကွယ်ပေးမယ်"

"ရှင်"

သူမ အလုပ်ကနေထွက်ရလို့ မဖြစ်သေးပါဘူး။ အမေ့ကြောင့်ပါ။ စိတ်ဝေဒနာတွေ ခံစားနေရတဲ့မေမေ၊ မဟာနွယ်စံအိမ်ကြီးရဲ့ တစ်နေရာရာမှာ ရှိနေသည်။

"မင်း ကြောက်နေတာလား၊ မျက်နှာလေးက ဖြူရော်ရော်





နဲ့ … ဒေါက်တာမကြီးရယ်၊ ကိုယ့်ကျန်းမာရေးလည်း ကိုယ်ဂရုစိုက်ပြီး … ဘုံအပြင်သွားပြီး ဘာပစ္စည်းမှလည်း မဝယ်ပါလား"

"ကျွန်မမိတ်ဆွေတစ်ယောက်နဲ့တွေ့ပြီး ပြန်လာခဲ့တာပါ ကိုငွေလထိန် … နေမကောင်းဖြစ်လာလို့ ကျွန်မ ဘာပစ္စည်းမှမဝယ်ဘဲ ပြန်လာတာပါ"

မောင့်အကြောင်းတွေကို ပြောချင်တဲ့စိတ်ဆန္ဒတွေ ကုန်ခမ်းနေသည်။ သူမ ငြင်းပယ်နေသည်။ ကြားမှပင် ကိုငွေလထိန်က ကားပေါ်သို့ အတင်းတက်စေ၏။ သူမ ပြိုလဲတော့မယ်။ ကျေးဇူးတင်ပါတယ် ကိုငွေလထိန်ရယ်။ ဘုံရပ်တည်လို့တောင် မရတော့ပါဘူး။

"ဘုံ"

"ရှင်"

"မင်းတော်တော် နေမကောင်းဖြစ်နေတာပဲ … ခြံအထိပဲ ကိုယ်ကားမောင်းဝင်သွားမယ်၊ ဘာကိုမှ ဂရုစိုက်စရာ မလိုပါဘူး"

"ဟင့်အင်း … မဖြစ်ဘူး၊ ဘုံလမ်းလျှောက်သွားပါ့မယ် ရပါတယ်ရှင်"

"ဘုံ"

ဘုံ ငြင်းဆန်နေရင်းမှပင် သတိလစ်သွားသည်။ ငွေလထိန် ဘာမှစဉ်းစားမနေတော့ဘဲ ကားကို ဆေးခန်းတစ်ခုသို့ မောင်းလာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့၏။ ဘုံအရမ်းအားနည်းပြီး သွေးပေါင်ချိန်တွေလည်း ကျနေတယ်။ ဆေးခန်းရောက်တော့ ဘုံ့ကို အားဆေးတွေ သွင်းရသည်။

"ဘာမှတော့ မဖြစ်ပါဘူး၊ အားအရမ်းနည်းသွားတာပါ၊ ခဏနေ ဆင်းလို့ရပါပြီ"

ငွေလထိန် အရမ်းစိတ်ပူပြီး ဘုံ့လက်လေးအား ဆုတ်ကိုင်ထားမိသည်။ မဟာနွယ် စံအိမ်ကြီးထဲမှာ ဘုံအတော်လေး စိတ်ညစ်ညူး ရှုတ်ထွေးခဲ့ရသည်။ တိမ်ပန်းချီကြောင့်ပဲ အပြစ်မဲ့တဲ့ဘုံ့ကို စွတ်စွဲပုတ်ခတ်နေ၏။ သနားစရာကောင်းလိုက်တဲ့ ချစ်ခြင်းဘုံ၊ မျက်နှာလေးက သွေးရောင်လေး ပြန်လွှမ်းလာ၍ သူစိတ်အေးရသည်။

"ဟင် ... အင်း ... ဟင်း ... "

"ဘုံ ... မင်း သတိရပြီလား ... "

"ရှင်"

ဘုံ မျက်နှာလေးဖွင့်ပြီး ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ အိမ်မဟုတ်ဘဲ ဆေးခန်းတစ်ခုသို့ ရောက်နေသည်ဟု ထင်လိုက်၍ အထိတ်တလန့်နှင့် ထလိုက်သည်။

"ဘုံ အရမ်းမထနဲ့လေ ... မင်း အားနည်းပြီး သတိလစ်သွားလို့ ဆေးခန်းရောက်နေတယ် ... အားဆေးသွင်းရတယ်လေ"

"ဟုတ်လား"





"မင်း အနားယူပါဦး ... ခဏနေရင် အိမ်ပြန်မယ်"

သူမ သတိရလာတော့ ကိုငွေလထိန်က သူမအား ဖက်ထားသဖြင့် သူမကိုယ်လုံးလေးတွန့်၍ ဖယ်ရှားပစ်လိုက်ရသည်။

"ဆောရီးနော်"

"ရပါတယ်ရှင် ... "

ဘုံ့ရင်တွေ တဆတ်ဆတ် တုန်ရင်နေပေမယ့် ဘာမှမဖြစ်သလို ပြောရသည်။ ဘုံ ပြန်ချင်ပါပြီ။ အချိန်တော် အတော်လေး နောက်ကျနေပြီပဲ။

"ကိုငွေလထိန် ပြန်ပါ ... ကျွန်မ နေကောင်းပါပြီ၊ အငှားကားနဲ့ပဲ ပြန်ပါရစေ ... "

"ဘုံရယ်"

"ကျွန်မကို နားလည်ပေးပါ ကိုငွေလထိန် ... တောင်းပန်ပါတယ်နော်၊ ကျေးဇူးလည်း တင်ပါတယ်"

"မင်းဆန္ဒအတိုင်းပဲ လုပ်ပါဘုံ၊ မင်းစိတ်တွေ ထိတ်လန့်ကြောက်ရွံ့နေတာ ကိုယ်မကြည့်ရက်ဘူးကွာ ... နောက်ဆို မင်းကို ဘယ်သူမှ မထိပါးစေရပါဘူး"

ဘုံ့ကို ဆေးခန်းမှာ ထားခဲ့ရမှာကို သူစိတ်မချ၍ ဘုံပဲ အရင်ပြန်သွားဖို့ စီစဉ်သည်။

"ကိုယ် မနက်မှပြန်ခဲ့မယ်၊ ဘုံ ပြန်ပါ ... ကိုယ်ဘယ်လိုမှ

www.burmeseclassic.com

www.burmeseclassic.com



အရင်ပြန်လို့ရမှာ မဟုတ်ဘူးကွာ”

“ဟုတ်ကဲ့ ... ဘုံ ပြန်ပို့ပါမယ်”

အငှားကားနှင့်ဘုံ့ကို တင်ပေးလိုက်ပြီး သူလည်း အိမ်နားအထိ လိုက်လာခဲ့သည်။ ဘုံ ခြံကြီးထဲပြန်ဝင်သွားမှ သူပြန်ထွက်လာခဲ့၏။ ဒီညတော့ ငွေလထိန် တည်းခိုခန်းမှာ သွားအိပ်သည်။ တည်းခိုခန်းကနေ ဘုံ့ဆီ ဖုန်းဆက်လိုက်၏။ ဘုံ အသံလေးက ထုံးစံအတိုင်း အထိတ်တလန့်နှင့်ပင် သူ ရယ်မောပစ်လိုက်သည်။

“ရှင် ... ရှင် ... ဘာဖြစ်လို့ ဖုန်းဆက်ရတာလဲ၊ ရယ်မနေနဲ့လေ ... ဒီမှာ ကျွန်မ ရှင်နဲ့မပတ်သက်ချင်ဘူး ... မသင့်တော်ပါဘူးရှင်”

“ဘုံ”

“ဟင်”

“ကိုယ်က မိတ်ဆွေတစ်ယောက်အနေနဲ့ စိတ်ပူပြီးမေးတာပါ၊ မရဘူးလားကွာ”

“မိတ်ဆွေအဖြစ်နဲ့တောင် ဆက်ဆံလို့မဖြစ်ဘူးနော် ... ကျွန်မ အလုပ်ပြုတ်မခံနိုင်ဘူး၊ ကျွန်မ ဆရာကြီး မျက်နှာပျက်ရမယ့်ကိစ္စ ကျွန်မ ရှောင်ရှားရမယ် ... ကိုငွေလထိန်အနေနဲ့ တိမ်ပန်းချီနဲ့ လက်ထပ်လိုက်တာ ကံကောင်းမယ်ထင်ပါတယ်”

“ကိုယ် တိမ်ပန်းချီကို လက်မထပ်တာ မင်းနဲ့ဘာမှမဆိုင်ပါ





ဘူး ဘုံရယ် ... ကိုယ့်ဘဝတစ်လျှောက်လုံးအတွက် စဉ်းစားတာပါ။ ကိုယ့်မာမီကိုယ်တိုင် လုံးဝသဘောမကျတာ မင်းသိပါတယ်”

“ဟုတ်ပါပြီ ... ထားပါတော့၊ ကျွန်မကိုထပ်ပြီး မဆက်သွယ်ပါနဲ့နော် ... တောင်းပန်ပါတယ် ... ဒါပဲနော်”

“မင်း နေကောင်းလား ဘုံ ... ”

“ဟုတ်ကဲ့”

“အိုကေ ... မင်းကိုချစ်တယ်”

“ဘုရားရေ ... ”

သူ့ တဟားဟား ရယ်မောရင်း ဖုန်းခွက်လေးကို နမ်းသည်။ သူမ အထိတ်တလန့်နှင့် ရှုံ့သွပ်သွားမတတ်ပင်။ ရင်တွေတုန်ယင်လှိုက်ခါသွားရ၏။ ကြောက်လိုက်တာ ... ကိုငွေလထိန်က ကြင်နာယုယတတ်သူ။ ဘုံ့ကိုလည်း တန်ဖိုးထား ချစ်မြတ်နိုးခြင်းဖြစ်ကြောင်း ဘုံသိပါတယ်။ ဒါပေမဲ့ ... မဖြစ်နိုင်တော့။ ဘုံ့မှာ မောင်ရှိနေသည်။

“မင်း သစ္စာမဲ့မယ်ဆိုရင်တော့ ငါ့အကြောင်း မင်းသိပါတယ်နော် ချစ်ခြင်းဘုံ ... ”

ချစ်သူဖြစ်ပြီး မကြာခင်မှာပင် မောင်ဟာ ဒေါသကြီးတတ်သူ။ လူတွေအပေါ် ညှာတာထောက်ထားခြင်း ကင်းမဲ့သူအဖြစ် ဘုံ သိလိုက်ရသည်။ ဘုံ့အပေါ် အနိုင်ကျင့်လွှမ်းနေ၏။ မောင့်အပေါ်



www.burmeseclassic.com

www.burmeseclassic.com



သစ္စာမဲ့ဖို့ဆိုတာ မဖြစ်နိုင်ပေ။

"မမဒေါက်တာ ... "

"ဟင် ... မမြခင်"

သူမ ထပြီး တံခါးဖွင့်ပေးလိုက်သည်။

"ဘာဖြစ်လို့လဲ မမြခင်"

"ကျွန်မပါ ... ဗိုက်အောင့်နေလို့ ... ဆေးတိုက်ပါဦး"

"လာ ... ဝင်လေ"

မမြခင်အား သေသေချာချာစမ်းသပ်ပြီး ဆေးတိုက်ရသည်။ တော်ပါသေးရဲ့ ... ကိုငွေလထိန် ဖုန်းဆက်ပြီးသွားလို့ပါ။ ဘုံလည်း ဆေးသွင်းထား၍ နည်းနည်းအားပြည့်နေ၍သာ မမြခင်အား ဆေးကု သပေးနိုင်ခြင်း ဖြစ်၏။ ကိုငွေလထိန် ကျေးဇူးကြောင့်ပဲ ဖြစ်သည်။

"ဒီမှာ ခဏနေပါလား မမြခင် ... ဆက်ပြီး ဗိုက်အောင့် မအောင့် ကြည့်ရမယ် ... သိပ်ပြီး စိတ်ပူစရာတော့ မရှိပါဘူး"

"ကျေးဇူးတင်ပါတယ် မမရယ် ... မဟာနွယ်ကလူတွေက လေ အရမ်းအဆင့်အတန်း ခွဲခြားကြတာပဲ"

"ကျွန်မက ဝန်ထမ်းပဲလေ ... မမြခင်နဲ့အတူတူပါပဲနော်"

မမြခင်နှင့်ပေါင်းပြီး မေမေရှိနေတဲ့နေရာကို သိစေရန် ကြိုးစားရမည်ဖြစ်သည်။

"ကျွန်မ တော်တော်လေး သက်သာသွားပါပြီ မမ ... ကျေး





ဇူးတင်လိုက်တာ၊ လိုအပ်တာရှိရင် ပြောနော် ... "

"မမြခင်"

"ပြောလေ မမ ... "

"ဘုံလေ ... ဒေါ်သီရိရှင်းဆိုတဲ့ စိတ်ဝေဒနာရှင်ကြီးကို အရမ်း စိတ်ဝင်စားတယ်၊ သနားမိသလိုပဲ ... ဘုံက ဆရာဝန်လေ ... ဒေါ်သီရိရှင်းကို ဘယ်မှာထားလဲဟင်"

"မြေအောက်ခန်းပဲ ... မဟာနွယ်စံအိမ်ကြီးထဲမှာ မြေ အောက်ခန်းရှိတယ်၊ ဘယ်မှာလဲသာ မသိတာ"

"ဟုတ်လား"

"မြခင် ပြန်တော့မယ်နော် ... မြေအောက်ခန်းကို အိမ်တော် စိုးကြီး ဒေါ်စံမှီသိမလားပဲ၊ ကျွန်မ စုံစမ်းပေးမယ် ... ဒေါ်သီရိရှင်း ကို မြခင်လည်း သနားတယ်၊ ဒီစံအိမ်ကြီးထဲမှာ ကျွန်လိုပါပဲ၊ မြခင် တို့ထက်တောင် နှိပ်စက်ခံရသေးတယ်"

"ဖြစ်မှဖြစ်ရလေ"

"ဒါပေမဲ့ ... အစ်ကိုလေး ငွေလထိန်က ချစ်တယ်၊ ဒေါ်သီရိ ရှင်းကို အမြဲတမ်းကာကွယ်ပေးတတ်တယ်၊ အစ်ကိုလေးတော့ သိ ယ်ထင်တယ်"

"သနားလို့ပါ ... မမြခင်ကိုပြောတာနဲ့ ကျွန်မတောင် စိတ် မကောင်းဖြစ်ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... မြခင်လည်း ကယ်တင်ပေးချင်ပါတယ်၊ ဒါပေမဲ့လေ ... ခြံစောင့်ကြီးက ယင်ကောင်တစ်ကောင်တောင် အိမ်ကြီးရှင် ဒေါ်တိမ်နန်းစံ မသိဘဲ အပြင်ကိုထွက်လို့မရဘူး"

ခြံစောင့်ဘိုလူးကြီး ယက္ခ ကြောက်စရာကောင်းအောင် ခက်ထန်မာကျောသည်။ ဒေါ်တိမ်နန်းစံက သေဆိုသေမယ့်သူတဲ့။

"မဟာနွယ်စံအိမ်ကြီးရဲ့ အရုပ်အထွေးတွေကို အပြင်ထွက်မှာ အဖွားစံက အရမ်းကြောက်တယ် ... သူတို့အထဲမှာပဲ ကြိတ်ရှင်းနေကြတာလေ ... အားလုံးအရုပ်ပဲ"

မမြခင်ကိုပင် တရိုတသေ အိမ်တော်စိုးကြီးက ဒေါ်တိမ်နန်းစံအမိန့်ဖြင့် နှိပ်စက်တတ်သည်တဲ့။

"မေမေ့ကို မကယ်တင်ရသေးဘဲနဲ့ ဘုံ လုံးဝမထွက်သွားဘူး။ တွေ့ချင်လိုက်တာ မေမေရယ် ... "

မမြခင် ပြန်သွားမှ ဘုံအိပ်ဆေးသောက်ပြီး ဘုံအိပ်ရသည်။ မနက်မိုးလင်းတော့ သူမ အားအင်တွေ ပြန်ပြည့်လာခဲ့၏။ ကိုငွေလထိန် ကျေးဇူးကြောင့်ပါပဲ။ ထုံးစံအတိုင်း ဖွားစံအား ခြံထဲဆင်းပြီး ကျန်းမာရေးလေ့ကျင့်ခန်းတွေ လုပ်ပေးရသည်။

"ဖွားစံ"

"ဟင် ... မြေးလေးထိန်၊ မင်းပြန်လာပြီလား ... ဖွားစံတောင် စိတ်ပူနေတာ၊ ဖွားမြေးက အပြင်မှာ အိပ်ခဲ့တယ်လေ"





"အလုပ်ကိစ္စတွေများသွားလို့ပါ၊ ဖွားတောင် လမ်းအတော်လေး လျှောက်နိုင်နေပြီပဲ ... "

"ဒေါက်တာကြောင့်လေ ... အဖွားစံကို အရမ်းဂရုစိုက်တယ်"

"မြေး ... သွားပြီနော်"

သူက ဘုံကို မသိမသာ လှမ်းကြည့်သည်။ ဘုံ့မျက်နှာလေးကို တည်တင်းထားလိုက်၏။ မဖြစ်ပါဘူး ... မေမေကြောင့် ချစ်သူနှင့်ပင် အတိုက်အခံလုပ်၍ ဘုံရောက်လာတာပါ။ မေမေကို ကယ်ထုတ်ရမယ်။ မေမေပါမှ ဘုံ မဟာနွယ်စံအိမ်ကြီးထဲကနေ ထွက်သွားမည် ဖြစ်သည်။

"မြေး"

"ဗျာ"

"မင်း ခဏနေရင် ဖွားစံအခန်းကို လာခဲ့ပါ"

"ဟုတ်ကဲ့"

ဘုံကတော့ မဟာနွယ်မိသားစုအတွင်းရေး ဝင်မပါတာဘဲ ကောင်းလိမ့်မည်ဟု ထင်သည်။

"ဖွားစံ ... အထဲဝင်တော့မလား"

"အင်း ... ဝင်မယ်"

"ကျွန်မ ပို့ပေးမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ"

"ရှင်"

"မြေးထိန်နဲ့ စကားပြောစရာရှိတယ်၊ ဒေါက်တာရှောင်ထွက်သွားဖို့မလိုဘူးနော် … ဖွားစံ အနားမှာပဲနေပေးပါ"

"ကျွန်မ မိသားစုကိစ္စတွေထဲ ဝင်မပါချင်ပါဘူး"

"ဒေါက်တာရှိနေဖို့ လိုအပ်ပါတယ် … မြေးက ငြင်းမှာလေ၊ ကျွန်မ ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး"

မြေးထိန်က ငြင်းပယ်မှာပဲ။ မိမိ မခံစားနိုင်ပေ။ မြေးထိန်ကို လက်လွှတ်အဆုံးရှုံး မခံနိုင်လို့ပါ။ မြေးပန်းချီကို လက်မခံတာလည်း အပြစ်မဟုတ်ပေ။ မြေးပန်းချီက မျိုးရိုးမသန့်ဘူး။ ဒေါ်တိမ်နန်းစံလည်း သားကြီးနှင့်ပတ်သက်နေလို့သာ မြေးအဖြစ် ချစ်နေရခြင်းဖြစ်သည်။

"အမှန်အတိုင်းပြောရရင် မြေးထိန်ကို သွေးသားမတော်စပ်ပေမယ့် ချစ်တယ် … လိမ်မာလို့လေ၊ မိသားစုအပေါ်လည်း တာဝန်ကျေလွန်းတယ် … အမှန်အတိုင်းဝန်ခံရရင် မြေးတိမ်ပန်းချီ့ထက် ချစ်တယ် … "

"အထဲဝင်ရအောင်နော် ဖွားစံ … "

မေမေ့အပေါ် မတရားအနိုင်ကျင့် နှိပ်စက်ခဲ့တဲ့ ဒေါ်တိမ်နန်းစံကို ဘုံ မုန်းတီးနာကျည်းရပေမယ့်လည်း သူမရဲ့ လူနာအဖြစ်





အကောင်းဆုံးပြုစုစောင့်ရှောက်ပေးဖို့ပဲ ဆုံးဖြတ်ထားသည်။ အခန်းထဲရောက်တော့ ကိုငွေလထိန်က စောင့်နေ၏။ သူမလာတော့ မကြည့်။ ကိုငွေလထိန်ရှေ့ရောက်တိုင်း ရင်တွေတဒိန်းဒိန်းခုန်နေရသည်။

"မြေး … လက်ထပ်ပွဲကိစ္စ မင်းနှုတ်ကနေ ပြတ်ပြတ်သားသား အဖြေပေးတာ ဖွားစံ ကြားချင်တယ်ကွယ်"

"ဖွားစံ … ထိန့်ကို ခွင့်လွှတ်ပါနော်၊ တိမ်ပန်းချီကိုတော့ ညီမလေးအဖြစ်ပဲ စောင့်ရှောက်ပါရစေ … ဖွားစံကို ဆန့်ကျင်တာ မဟုတ်ပါဘူးနော်"

"လက်မထပ်နိုင်ဘူးပေါ့ ဟုတ်လား … "

"ဟုတ်ကဲ့"

"မြေး စဉ်းစားပါဦး … ဖွားစံက မြေးထိန်ကိုပဲ လုပ်ငန်းတွေအပ်ထားချင်တာပါကွယ်၊ မြေးပန်းချီကို လက်ထပ်မှဖြစ်မယ်လေ"

"ဖွားစံရဲ့ ဝန်ထမ်းအဖြစ်ပဲ ထိန်လုပ်ပေးနိုင်ပါတော့မယ်၊ တိမ်ပန်းချီကိုတော့ လုံးဝလက်မထပ်နိုင်ပါဘူး၊ ဒီကနေ ထွက်သွားမှပဲ ထိန် ဆုံးဖြတ်ထားပါတယ် ဖွားစံ … "

"အမလေး … သွားတော့၊ မင်းထွက်သွားတော့၊ ရက်စက်လိုက်တာ ငွေလထိန်ရယ် … အား … "

"ဖွားစံ"



www.burmeseclassic.com

www.burmeseclassic.com



ကိုငွေလထိန်ကို ပြန်ထွက်သွားခိုင်းပြီး ဘုံဆေးကုသမှုပြုရသည်။ ဒေါ်တိမ်နန်းစံက အရွယ်ကျနေပြီပဲ။ ဘုံအနားမှာရှိနေ၍ ကံကောင်းသွား၏။ သွေးက ဒိုင်းခနဲ ဆောင့်တက်သွားသည်။ ရှင်ဘာဖြစ်လို့များ ပြတ်ပြတ်သားသား ငြင်းပယ်နေရတာလဲ ကိုငွေလထိန်ရယ်။ ဘုံကြောင့်လားဟင် ... ဘုံ့မှာ ချစ်သူရှိနေတဲ့အကြောင်းတော့ အမြန်ဆုံးထုတ်ဖော်ပြောပြရမည် ဖြစ်သည်။

အခန်း ( ၁၂ )

"သမီးလေး ချစ်ခြင်းဘုံကို တွေ့ရမယ် ... မဟာနွယ်မိသားစုဝင်တွေနဲ့ ဝေးရာကိုထွက်သွားဖို့ ပြောရမယ်၊ သမီးလေးက မေမေ့ကို လာရှာတာ မဟုတ်လား"

ဒေါ်သီရိရှင်း ရူးချင်ယောင်ဆောင်နေပေမယ့် ပြန်ကောင်းနေပါပြီ။ သမီးဘုံကို စိတ်မချ။ ဘယ်လိုထွက်ရမလဲ။ သမီးဘုံက ယောက္ခမကြီး ဒေါ်တိမ်နန်းစံရဲ့ အခန်းနားမှာပဲ ဖြစ်နိုင်သည်။

"ညည်းက လင်ကြီးငုတ်တုတ်နဲ့ လင်ငယ်နောက်လိုက်လာတာပဲ သီရိရှင်း ... ကျူပ်သားဘဝကို ဖျက်စီးပြစ်တဲ့ကောင်မ၊ အကျင့်ပျက်မ ..."

မိမိက အနှိမ်ခံဘဝ။ ဒေါ်တိမ်နန်းစံရော ယောင်းမတွေရော ကျွန်လိုပဲ ဆက်ဆံကြသည်။ အမိက ကိုတိမ်ရဲမာန်လေ။ မိမိအား ဖြားယောင်းမြူဆွယ်ပြီး အရယူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ကြီးသားက ကျွန်မတို့မိသားစုဘဝကို ဖျက်စီးပြစ်တာ၊ ရှင်ကြီး လူမဆန်စွာ နှိပ်စက်ခဲ့လို့ ကျွန်မစိတ်တွေ နောက်ကျိခဲ့ရတာ၊ ရှင့်သားကိုလည်း ရှင်မြှောက်ပေးခဲ့တာပဲ ..."

ဒေါ်သီရိရှင်း ဘယ်တော့မှ အခဲမကြေနိုင်။ ယောက္ခမကြီး ဒေါ်တိမ်နန်းစံကြောင့်ပဲ။ မိမိ တံခါးကို အသာလေးဟ၍ မြေအောက်ခန်းကနေ အပေါ်ကိုတက်လာခဲ့သည်။ မဟာနွယ်စံအိမ်ကြီးရဲ့လမ်းတွေ့ မိမိသွားလာနေကျပါ။ မြေအောက်ခန်းကိုပင် မိမိ လေ့လာထားခဲ့၏။ စံအိမ်ကြီးရဲ့အပေါ်သို့ တက်လာခဲ့သည်။ ဒေါ်တိမ်နန်းစံ အခန်းရောက်တော့ အခြေအနေကို အသာလေး စောင့်ကြည့်နေမိသည်။

"သမီးလေးပဲ"

အခန်းထဲကနေ သမီးလေးထွက်လာတာကို မိမိတွေ့လိုက်ရသည်။ ညဥ့်နက်သန်းခေါင် ဘယ်ကိုသွားဖို့လဲ။ ချစ်ခြင်းဘုံ ဟုတ်တယ်။ မိမိသမီးလေးပါပဲ ... မိမိနှင့် ရုပ်ချင်းတူနေသည်။

"ချစ်ခြင်းဘုံ"

"ဟင် ... ရှင် ... ရှင် ဘယ်သူလဲ"

"မေမေလေ"

"ရှင်"

"လာ ... အခန်းထဲဝင်ကြရအောင်"





"ဟုတ်ကဲ့"

အဖွားကြီးတစ်ယောက်က ဘုံ့လက်လေးအားဆွဲ၍ အခန်းထဲဝင်သည်။

"ဘုံ မေမေပါ ... သမီးလေးက မေမေ့ကိုလာရှာတာမဟုတ်လားဟင်"

"ဟင် ... မေမေ ဒေါ်သီရိရှင်းလားဟင် ..."

"ဟုတ်တယ် ... မေမေပါ"

"မေမေ ... အမလေး မေမေရယ်"

မေမေ့ရင်ခွင်ထဲ ဘုံပြေးဝင်ဖက်တွယ်ထားမိသည်။ မေမေ အမလေး ... ဘုံတွေ့ချင်နေတဲ့ မေမေပါ။

"မေမေ"

"ဟင်"

"မေမေ စိတ်ဝေဒနာရှင်ဆို ... ရူးနေတယ်ဆို"

"အင်း ... အရင်တော့ ဟုတ်တယ်၊ အခု ... မေမေ နေကောင်းနေပါပြီ၊ ဒင်းတို့က ကျွန်လိုပြန်နိုင်းမှာစိုးလို့လေ ရူးချင်ယောင်ဆောင်နေတာပါ"

"မေမေရယ်"

မေမေ့ကို အကောင်းပကတိ ပြန်တွေ့ရ၍ ဘုံပျော်ရွှင်ရသည်။ မျက်ရည်တွေပင် ကျလာ၍ မေမေ့ကိုဖက်၍ ငိုမိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



မေမေက ချော့သည်။

“မငိုပါနဲ့ သမီးလေးရယ် ... မေမေ့အမှားတွေပါကွယ်၊ မေမေ အသုံးမကျတာပါ၊ လူယုတ်မာကြီးကြောင့် မေမေအယုံလွယ်ပြီး မိသားစုဘဝ ပျက်ခဲ့ရတာပါ”

“မေမေ”

“ပြော”

“မဟာနွယ်စံအိမ်ကြီးထဲကနေ ထွက်ကြမယ်၊ သက်ဆိုင်ရာကို အကြောင်းကြားလိုက်မယ်လေ ... ”

“မဖြစ်သေးဘူး ... အားလုံးရှုပ်ကုန်မယ်၊ မေမေ ဘာမှမဖြစ်ဘူး၊ မောင်ငွေလထိန်လေ သမီးသိလား ... သားထိန်က စောင့်ရှောက်ပေးနေတယ်”

ကိုငွေလထိန်အကြောင်း မေမေက ပြောပြသည်။ ဘုံလေးကျေးဇူးတွေတင်ပြီးရင်း တင်နေရပါတယ် ကိုငွေလထိန်။

“သမီးပြန်တော့ ... မဟာနွယ်စံအိမ်ကြီးထဲကလူတွေကယုတ်မာရက်စက်ကြတယ်လေ၊ သမီးလေးဘဝကို အထိခိုက်အနစ်နာ မခံနိုင်လို့ပါကွယ်”

သမီးလေးချစ်ခြင်းဘုံကို ပွေ့ဖက်ပြီး မျက်နှာလေးကို ပွတ်သပ်ကိုင်တွယ်မိသည်။ မိမိ ထွက်လာခဲ့တုန်းက လမ်းလျှောက်တတ်ကာစလေး။ မေမေ ရက်စက်တယ်။ ပြီးတော့လဲ ... အကျင့်ပျက်





အမေရဲ့သမီးအဖြစ် ဘဝတစ်လျှောက်လုံး အမဲစက် ထင်ကျန်ရစ်နေသည်။

“သမီးမပြန်ဘူး မေမေ ... ဒီမှာ သုံးလအထိနေဖို့ စာချုပ်ချုပ်ထားတယ်၊ ဘုံ ဆရာကြီးမျက်နှာလည်း ရှိတယ်လေ”

မထင်မှတ်ဘဲ မေမေ့ကို တွေ့လိုက်ရတာ ဘုံ ပျော်ရွှင်ရသည်။ ဘုံ အထီးကျန်မနေတော့ဘူး မေမေရှိတာပဲ။

“မေမေ”

“ဟင် ... ”

“ဒီမှာပဲ နောက်ထပ်နှစ်လလောက် သည်းခံပြီးစောင့်ပေးနေပါနော်၊ ဘုံ တာဝန်ပြီးတာနဲ့ မေမေ့ကို ခေါ်ပြီးပြန်ကြမယ်”

“မေမေကတော့ သမီးလေးအတွက်ပဲ စိတ်ပူတယ်၊ တိမ်ပန်းနှီဆိုတဲ့ ဟာမလေးကိုရှောင်နော် ... ဒေါ်တိမ်နန်းစံရဲ့သွေး ရောစပ်နေလို့ ဒင်းအမေ အကျင့်ပျက်မအကြောင်း ဘယ်သူမှ မပြောရဲကြဘူးလေ”

ဒေါ်တိမ်နန်းစံ။ ကျုပ်သမီးကို တွေ့ရပြီ။ ကျုပ် သပျော်ပါပြီလေ။ ရှင်ကြီးနဲ့တိမ်ရဲမာန်ဆိုတဲ့လူကို လက်စားချေပစ်ရမယ်။ သိရိရှင်းကတော့ ဒီအတိုင်း မဟာနွယ်စံအိမ်ကြီးထဲကနေ လက်မြှောက်အရှုံးပေး ထွက်မသွားဘူး။

“မေမေလေ သမီးလေးကို အမြဲတမ်း သတိရနေခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



မိဖမဲ့လေး ငွေလထိန်ကို မေမေ စောင့်ရှောက်ခဲ့တယ် ... သမီး အလွမ်းပြေလေ"

"မေမေရယ် ... သမီးလည်း မေမေအသက်ရှင်လျှက်ရှိသေးတယ်လို့ ဖေဖေ ပြောပြတော့ အရမ်းတွေ့ချင်ခဲ့တာပါ၊ အရင်က မေမေ သေဆုံးပြီလို့ပဲ ပြောခဲ့တာလေ ... "

မေမေကို ဖက်ထားပြီး ဘုံ အားပါးတရ နမ်းရှိုက်မိသည်။ မေမေ့ကို အရူးမကြီးအဖြစ် မြင်ရတော့မယ်ထင်နေခဲ့တာပါ။ ဖေဖေ့ကို ရှိစေချင်တယ်။'

"ဖေဖေကလည်း သူ့အမှားတွေပါတယ်လို့ ပြောပါတယ်၊ မေမေ့ကို အရမ်းလွမ်းနေခဲ့တာပါ ... "

"သမီးလေးရယ်"

သားအမိနှစ်ယောက် စကားတွေပြောကြသည်။ တစ်ယောက်ကိုတစ်ယောက် မလွှတ်တမ်း ဖက်ထားမိကြ၏။ ထိုအချိန်တွင် မဟာနွယ်စံအိမ်ကြီးထဲမှာ ပြဿနာတွေ ပွက်လောရိုက်သွားသည်။

"သီရိရှင်း ... ဘယ်မှာလဲ၊ ဒီမိန်းမ မြေအောက်ခန်းထဲမှာ မရှိတော့ဘူး၊ အရူးမ ... သေသွားရင်လည်း အေးမယ်"

"ဟင်"

အပြင်မှ ဦးတိမ်ရဲမာန် အသံကို ကြားလိုက်ရသည်။





"မေမေ သွားတော့မယ်၊ မေမေ့အတွက် ဘာမှမပူနဲ့ မေမေ့ပြဿနာ မေမေရှင်းနိုင်တယ် ... သမီးသာ သတိနဲ့နေ ... "

"ဟုတ်ကဲ့"

ဦးတိမ်ရဲမာန်တို့အဖွဲ့ ဒေါ်တိမ်နန်းစံ အခန်းထဲဝင်နေကြတုန်း ဒေါ်သီရိရှင်း သမီးကိုနှုတ်ဆက်၍ လှစ်ခနဲ ထွက်လာခဲ့သည်။ မိမိက ထွက်နေကျပါ။ ဒီလူ မြေအောက်ခန်းထဲ အချိန်မတော် ရောက်လာတာ မရိုးသားမှုပင်။ မသာကြီး နှာဗူးထမလို့။ ဒေါ်သီရိရှင်း နည်းနည်းလေးမှ မနှစ်သက်။ တမင် ရူးချင်ယောင်ဆောင်ပြီး အနားအကပ်မခံတာပါ။ မိမိ မြေအောက်ခန်းထဲ ပြန်ဝင်လာခဲ့သည်။

"မေမေ သီရိရှင်း ... တံခါးဖွင့်ပါဦး၊ စောစောက အခန်းထဲမှာ မရှိဘူးဆို"

မိမိ အခန်းထဲရောက်လာသူက ထိန်။ တံခါးကိုဖွင့်ပြီး မျက်လုံးပြူးကြီးနှင့် ကြည့်မိသည်။

"မေမေသီရိ"

"ဘာလဲ"

"ဘယ်ထွက်သွားတာလဲဗျာ"

"ငါ ပုန်းနေတာပါ ... ဟိုလူယုတ်မာကြီးကိုကြောက်လို့"

"ဒုက္ခပါပဲဗျာ ... စိတ်ပူလိုက်ရတာ၊ မေမေပျောက်သွားပြီထင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"သားရယ်"

သားထိန်ကိုတော့ ဒေါ်သီရိရှင်း ချစ်သည်။ လိမ္မာတဲ့ကလေး မိမိကိုလည်း အမေအရင်းကဲ့သို့ စောင့်ရှောက်နေ၏။ ခဏကြာတော့ ဦးတိမ်ရဲမာန်တို့ သားအဖ ဝင်လာသည်။

"ရှင်ကြီး ဘယ်တွေလျှောက်သွားနေတာလဲ"

"သီရိ ... ဘယ်ထွက်သွားတာလဲ"

ဒေါ်သီရိရှင်း နှုတ်ခမ်းတွေကို စေ့ကပ်ထားပြစ်လိုက်သည်။ မဖြေပေ။

"ကဲပါ ... ဘဘကြီးရော ပန်းချီရော ပြန်ကြပါ၊ မေမေသီရိက ဘဘကြီး တံခါးခေါက်သံကြားလို့ ကြောက်ပြီး ခုတင်အောက်ဝင် ပုန်းနေတာပါ"

"ဘာ ... ဖေဖေက ဒီအရူးမဆီ ဘာလာလုပ်တာလဲ"

"မဟုတ်ပါဘူး သမီးရယ် ... ဖေဖေ အိပ်မက်ဆိုးတွေ မက်လို့ပါ၊ ဒီအရူးမ သူ့ကိုယ်သူ သတ်သေတယ်လို့မက်တယ်၊ ဒါကြောင့် လာကြည့်မိတာပါ၊ နင် တော်တော်ဒုက္ခပေးတဲ့ ဟာမပဲ ... နောက် တစ်ခါ ပုန်းနေရင် နင့်ကို အသေသတ်ပစ်မယ် ကြားလား ..."

"အရူးမကြီး မသေနိုင်ဘူး၊ စိတ်ရှုပ်လိုက်တာ ... ကိုကိုလည်း ဒီကနေထွက်သွားဖို့ပြင်ထား ... ဒီလောက်ချစ်နေရင်လည်း ခေါ် သွားတော့"





"တိမ်ပန်းချီ ... မင်းစကားပြောတာတွေ ရိုင်းလွန်းတယ်၊ ဒါ ... မင်းအမေအရွယ်ကွ၊ ငါကလည်း ဒီကနေထွက်သွားဖို့ စီစဉ်နေ ပါပြီ၊ မေမေသီရိကိုလည်း ခေါ်သွားမှာပဲ"

"သွား ... ထွက်သွား၊ ရှင်က သူများအိမ်မှာ ခိုကပ်နေရတာ လေ ... ကြီးကျယ်မနေနဲ့ ..."

တိမ်ပန်းချီရဲ့ ရိုင်းစိုင်းစွာ စော်ကားပြောဆိုနေမှုတွေကြောင့် ဒေါ်သီရိရှင်း ဘယ်လိုမှ သည်းမခံနိုင်တော့ဘဲ တိမ်ပန်းချီ့မျက်နှာ အား ဝင်၍ ကုတ်ဖဲ့ပြစ်လိုက်၏။ အရူးမ ... အရူးမနဲ့ အရူးမ အကြောင်း ကောင်းကောင်းပြရမယ်။ ဆံပင်တွေ ဆွဲကာ နားရင်း ပရင်း ရိုက်ပြစ်သည်။

"အရူးမ ... ဘာလုပ်တာလဲ၊ လွှတ်နော် ... ဖေဖေ လာပါ ဦး၊ အရူးမကို သတ်ပစ်လိုက်ပါ ..."

"နင့်ကိုသတ်ရမယ် ... မိုက်ရိုင်းတဲ့ ဟာမလေး၊ ဇယားမရဲ့ သမီးကများ ..."

"ဖေဖေ ... အား ... သေပါပြီ"

ဦးတိမ်ရဲမာန်ကဝင်ပြီး ရိုက်နှက်မယ်လုပ်တော့ ငွေလထိန် ကြားဝင်လိုက်သည်။

"ဘဘကြီး မလုပ်ပါနဲ့ ... မေမေသီရိက စိတ်မမှန်ဘူးလေ၊ ပြန်ကြပါတော့ ... ကျွန်တော် တောင်းပန်ပါတယ်ဗျာ၊ စိတ်ထဲနာ



www.burmeseclassic.com

www.burmeseclassic.com



ရှင်ကို ဒီလောက်အထိ မရက်စက်ကြပါနဲ့"

"မင်း ဖယ်စမ်း ... ငါ့သမီးကို ရိုက်တာ ငါခွင့်မလွှတ်ဘူး"

ငွေလထိန် တားဆီးနေတဲ့ကြားမှပင် အတင်းရိုက်မည်ပြုနေစဉ် ဦးတိမ်လ ဝင်လာသည်။

"အစ်ကိုကြီး ... တော်ပါတော့ဗျာ၊ မသီရိက စိတ်မှမမှန်တာ၊ ထားလိုက်ပါတော့ ... မယ်မယ် ခေါ်နေတယ် ... "

"တောက်"

"ကိုကိုနော် ... နေရာတကာ ဝင်မပါနဲ့၊ မဟာနွယ်စံအိမ်ကြီးက ကိုကိုနဲ့ဘာမှမဆိုင်ဘူး၊ တိမ်ပန်းချီကို လက်ထပ်ဖို့ငြင်းပယ်တဲ့အတွက် တစ်နေ့ ရှင်သိမယ် ... ဟွန်း ... "

ဘဘကြီး တိမ်ရဲမာန်နှင့် တိမ်ပန်းချီတို့ ပြန်ထွက်သွားကြသည်။

"သား"

"ဒက်ဒီ"

"စိတ်မကောင်းစရာကွာ ... အစ်ကိုကြီးတို့သားအဖက ရိုင်းလွန်းတယ်၊ ဒက်ဒီသား လက်ထပ်ဖို့ငြင်းတာလဲ အပြစ်မရှိပါဘူး"

ဦးတိမ်လလည်း စိတ်မကောင်းကြီးစွာ ဖြစ်ရသည်။ မသီရိရှင်းကိုလည်း သနားတယ်။ အစ်ကိုကြီး ရှုပ်ပွေလို့ မိသားစုဝင်တွေဘဝပျက်သွားရခြင်းဖြစ်၏။ သားအတွက်လည်း စိတ်ထိခိုက်ကြေကွဲရသည်။

"ပြန်ကြပါစို့သားရယ် ... ဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့၊ ဒက်ဒီတို့ အဖြေတစ်ခုခုတော့ ရှာရမယ်၊ သားရှေ့ကနေ ဒက်ဒီ မားမားမတ်မတ်ရပ်တည်ပေးပါ့မယ်"

"မေမေသီရိ ... "

"ဟင်"

"အပြင်မထွက်ပါနဲ့နော်၊ အခန်းထဲမှာပဲနေပါ"

"ဟိုလူယုတ်မာကြီး ထပ်ရောက်လာရင် ဘယ်လိုလုပ်မလဲ"

"ဒီညတော့ မေမေသီရိ အေးအေးဆေးဆေးအိပ်လို့ရအောင် တံခါးကို အပြင်ကနေ သော့ခတ်သွားမယ်လေ"

"အင်း"

"မသီရိရှင်း ... သတိပြန်ရပါတော့ဗျာ၊ ဆေးလည်း ကုသပေးဖို့လိုတယ်၊ ကျွန်တော့်အစ်ကိုအတွက်လည်း တောင်းပန်ပါတယ်"

"မေမေသီရိ အိပ်တော့မယ် သားရယ် ... "

"ဟုတ်ကဲ့ ... မနက်မှ ထိန်လာခဲ့မယ်၊ ဆေးတိုက်ခဲ့မယ်၊ အိပ်တော့နော် ... "

"အင်း"

ဦးတိမ်လနှင့်သား ငွေလထိန်တို့ ပြန်ထွက်သွားမှ ဒေါ်သီရိရှင်း စိတ်အေးသွားရသည်။







www.burmeseclassic.com

www.burmeseclassic.com



"တိမ်ပန်းချီ ကောင်မ ... နင့်ရဲ့စော်ကားမှုတွေကို ငါခွင့်လွှတ်မယ်ထင်နေလား၊ ငါ့အကြောင်းလည်း နင်တစ်နေ့ ကောင်းကောင်း သိရမှာပါဟဲ့ ... "

တိမ်ပန်းချီအား သားငွေလထိန်နှင့် လက်ထပ်ဖို့ စီစဉ်ကြံပုံ ပင်။ ကောင်းတယ် ... ထိန်က ငြင်းပစ်လိုက်တယ်။ နင့်လိုကောင်မမျိုးကို ဘယ်သူက လက်ထပ်ယူမှာလဲ။

"ငါ့သမီးလေး ချစ်ခြင်းဘုံက ချောလိုက်တာ၊ ယဉ်ကျေးလိမ္မာတယ်၊ ပညာတတ်မိန်းကလေး ... ဘယ်လောက်တန်ဖိုးရှိလဲ ထိန်နဲ့ လက်ထပ်ပေးချင်လိုက်တာ ... "

ဒေါ်သီရိရှင်းကတော့ မဟာနွယ်မိသားစုဝင်တွေကို နည်းနည်းလေးမှ အခဲမကြေနိုင်။ မိမိကို ကျွန်တစ်ယောက်ကဲ့သို့ သဘောထားပြီး နှိပ်စက်ခဲ့ကြသည်။

"ကျုပ်သား နောက်မိန်းမယူတာ ဘာဖြစ်လဲ ... ကျုပ်မြေးတစ်ယောက်ထဲရှိတာလေ၊ ဘယ်သူ့သွေးပဲဖြစ်ဖြစ် ကျုပ်ချစ်တယ် လင်ကြီးငုတ်တုတ်နဲ့ လင်ငယ်နောက်လိုက်လာတဲ့ ကောင်မကများ ကျုပ်သားကို လူယုတ်မာလို့ ပြောနေသေးတယ်"

ဒေါ်တိမ်နန်းစံရဲ့ အသံတွေကို ဒေါ်သီရိရှင်း ဘယ်တော့မှ မမေ့ခဲ့။ နားထဲမှာ ဆူဝေနေဆဲပင်။ မိမိ နှိပ်စက်ဒဏ်မခံနိုင်တော့၍ စိတ်ဝေဒနာရှင်ဘဝ ရောက်သွားရသေးသည်။ သား ငွေလထိန်





ကြောင့် သွက်သွက်ခါတဲ့အထိ ရူးသွပ်မသွားခြင်းပါ။

"သမီးလေးကို ပြန်တွေ့ရတာ မေမေ ဝမ်းသာလိုက်တာ၊ ဆရာဝန်မလေးဖြစ်နေပြီဆိုတော့ မေမေ စိတ်အေးရပြီလေ ... ချောလိုက်တာ၊ မေမေနဲ့တူလွန်းတဲ့ သမီးလေးပဲ ... "

သမီးလေးကိုယ်တိုင်က မိမိကို စိတ်မနာကြည်းနေဘဲ အခက်အခဲတွေကြားမှ လာရောက်ရှာဖွေခဲ့တာ။ တွေးမိတိုင်း ကျေနပ်ပျော်ရွှင်ခဲ့ရသည်။ ကိုနန္ဒရယ်။ သီရိအမှားတွေပါ။ သမီးလေး ချစ်ခြင်းဘုံကို လိမ္မာယဉ်ကျေးပြီး ... ပညာတတ်လေးဖြစ်အောင် ယောက်ျားတန်မယ့် ကျွေးမွေးပြုစုစောင့်ရှောက်နိုင်ခဲ့တာ အရမ်းကို တော်ပါတယ်ရှင်။ တာဝန်ကျေပါတယ်။ နောက်ဆုံး မိခင်တစ်ယောက်ရဲ့တာဝန်က အိမ်ထောင်ဘက်ကောင်းနှင့် လက်ထပ်ပြီး ပျော်ရွှင်အေးချမ်းတဲ့ မိသားစုဘဝလေး တည်ဆောက်ပေးရမည်ဖြစ်ကြောင်း တွေးမိနေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၃ )

ကောင်မလေးတစ်ယောက်ကို သူ ငေးကြည့်မိနေသည်။ ချောချောလေးပဲ။ တစ်ယောက်ထဲ ထိုင်နေ၏။ စိတ်ဝင်စားစရာပါ။ ကောင်မလေးကြည့်ရတာ ဒေါသတွေ ပေါက်ကွဲမတတ် မျက်နှာလေးကလည်း သုန်မှုန်စူပုပ်နေသည်။ သူလည်း ချစ်သူဘုံကြောင့် စိတ်ထဲမှာ မကျေမနပ်တွေဖြစ်ပြီး ဒေါသတွေ ဖြစ်နေရသည်။

"ရှင့်ကို ကျွန်မ မုန်းတယ် ... ရှင်က ကျွန်မအပေါ် လုံးဝကို ညှာတာထောက်ထားမှု မရှိတဲ့ယောက်ျားပဲ ... ကျွန်မနဲ့ရှင် ချစ်သူတွေမဟုတ်တော့ဘူး ... ဒါပဲ ... "

ဘုံ ပြောပြီး ကားပေါ်ကနေ လှစ်ခနဲ ပြေးဆင်းသွားသည်။ သူ့ကို ကြောက်ရလွန်းတဲ့ ချစ်ခြင်းဘုံ။ အေးချမ်းပြီး ဣန္ဒြေသိက္ခာကြီးမားတဲ့မိန်းမ။ မင်းကိုတော့ မောင် ဘယ်လိုနည်းနဲ့မှ လက်မလွှတ်နိုင်ဘူးဘုံ။ မဟာနွယ်စံအိမ်ကြီးထဲ ဘယ်လိုဝင်ရမလဲဆိုတာ





အကြံထုတ်နေမိသည်။

"တောက် ... ဒေါသဖြစ်လိုက်တာနော် ... တစ်စစီသာ ဆွဲဖြဲပြစ်ချင်တယ်"

ကောင်မလေး တစ်ခုခုတော့ မကျေမနပ်ဖြစ်နေပုံပင်။ ဒေါသတွေနှင့် အသံလေးထွက်အောင်ပင် ကြိမ်းဝါးနေသည်။ သူစိတ်ဝင်စားသွားရ၏။ ကောင်မလေးက မြို့ခံထင်တယ်။ သူလည်း အကူအညီရလိုရငြား မိတ်ဆက်ဖို့ ဆုံးဖြတ်ထားသည်။

"မိန်းကလေး ... မင်းဘာတွေ ဒေါသဖြစ်နေတာလဲ၊ ဒေါသဖြစ်ရင် သွေးတွေဆူပွက်လာပြီး ရောဂါရမှာပဲ"

"ရှင်က ဘာလဲ ... "

"ဆရာဝန်"

"ဘာပြောတယ်"

"ကိုယ်က ဒေါက်တာငွေစင်ပါ၊ ရန်ကုန်က မင်းဒေါသတွေဖြစ်နေတာ စိတ်ဝင်စားလို့ ... "

ဆရာဝန်ဆို၍ တိမ်ပန်းချီ စိတ်ဝင်စားသွားရသည်။ ကိုကိုငွေလထိန်က ဆရာဝန်မကို အထင်ကြီးနေတာပါ။

"ရှင် ဆရာဝန်ဖြစ်ကြောင်း ကျွန်မက ဘယ်လိုယုံကြည်ရမှာလဲ"

"ဒီမှာလေ"

သူက ကောင်မလေးအား သူ့ရဲ့ ဆရာဝန်ဖြစ်ကြောင်းသက်



www.burmeseclassic.com

www.burmeseclassic.com



သေအဖြစ် မှတ်ပုံတင် ထုတ်ပြလိုက်သည်။

"အိုကေ … ဒါဆို ရှင်နဲ့ကျွန်မ ပတ်သက်ဆက်ဆံလို့ရပါပြီ"

"အမိ ဘယ်မှာလဲ"

"ဒီမြို့မှာ မသိတဲ့လူမရှိတဲ့ မဟာနွယ်စံအိမ်ကြီးထဲမှာ နေတာလေ"

"မဟာနွယ်စံအိမ် … "

"အင်း … ပန်းချီနာမည်က သခင်မကြီးဒေါ်တိမ်နန်းစံရဲ့မြေး တိမ်ပန်းချီတဲ့လေ"

မဟာနွယ်စံအိမ်ကြီး ဖြစ်နေ၍ ငွေစင့်အတွက် အတော်ပဲ ဖြစ်သွားရသည်။ ဘုံရှိတဲ့ အိမ်ကြီးပဲ။ သူ တရင်းတနှီး ဖြစ်စေရန် ကြိုးစားနေသည်။

"ပန်းချီ"

"ဟင်"

"မင်း ဘာတွေ ဒေါသတွေဖြစ်နေရတာလဲ … မင်းတစ်ယောက်ယောက်ကို မကျေမနပ်နဲ့ ဒေါသဖြစ်နေပုံပဲ"

"ဟုတ်တယ်လေ … ရည်းစားလူလု အနုကြမ်းခံရလို့ပါ"

"ဘာပြောတယ်"

"ပန်းချီ ချစ်ရတဲ့ကိုကိုငွေလထိန်ကို ဟိုဒေါက်တာမ ချစ်ခြင်းဘုံကလေ လုနေလို့ … ဒီဆရာဝန်မကို သတ်ပစ်ချင်လောက်အောင် မုန်းတယ်"





"ဒေါက်တာ ချစ်ခြင်းဘုံ"

"ဟုတ်တယ်လေ … ဒေါက်တာက သိလို့လား"

"မသိပါဘူး … နာမည်လေးက လှလို့ပါ။ မင်းကိုကိုနဲ့ ချစ်သူတွေဖြစ်နေကြလို့လား"

"မဖြစ်သေးပါဘူး … ကိုကိုက သဘောကျနေတာလေ၊ ပန်းချီနဲ့လူကြီးတွေ စေ့စပ်ပေးမှာကို ငြင်းဆန်တယ်"

ချစ်ခြင်းဘုံ … မင်း ငါ့ကိုငြင်းဆန်နေတာ ငွေလထိန်ကြောင့်လား။ မင်းကများ ငါ့ကိုလူယုတ်မာတဲ့။ ချစ်သူအဖြစ် ပြတ်စဲပြီတဲ့။ ငါ့လိုကောင်ကိုများ မင်း … ဒါမျိုး လာလုပ်လို့ရမလား ချစ်ခြင်းဘုံ။

"ကိုယ်က ရန်ကုန်ကနေ တာဝန်နဲ့လာတာပါ။ မင်းနဲ့မိတ်ဆွေဖြစ်လို့ရမလား"

"ရတာပေါ့ … ကိုကို့ကို အမြင်ကတ်လို့ ပန်းချီက ဆရာဝန်တစ်ယောက်နဲ့ တွဲပြချင်နေတာပါ"

"အိုကေ"

သူတလည်း ဒေါက်တာချစ်ခြင်းဘုံ ရှိနေတဲ့ မဟာနွယ်စံအိမ်ကြီးထဲ ဝင်ချင်နေသည်။ တိမ်ပန်းချီအား အသုံးချရမည်ဖြစ်သည်။

"ဘုံ … မင်းဒီလိုလုပ်လို့ရမလားကွ၊ ငွေစင်လိုကောင်ကိုများ … မင်း ငါ့အပေါ် သစ္စာမဲ့ရင်တော့ မင်းအသေပဲ … "

ငွေစင်လည်း ရည်းစားအလုခံလိုက်ရ၍ ဒေါသတွေ ပေါက်ကွဲချင်နေသည်။ တိမ်ပန်းချီအား ဝင်လုံးပြစ်လိုက်၏။ တိမ်ပန်းချီကိုသိ



www.burmeseclassic.com

www.burmeseclassic.com



တိုင်က သူကို အလွယ်တကူ တိမ်းညွှတ်နေခဲ့သည်။

"ပန်းချီတို့အိမ်ကို လိုက်ခဲ့ပါလား၊ ကိုငွေစင့်ကို အလည်ခေါ်ပါတယ်."

"အိုကေ"

မဟာနွယ်စံအိမ်ကြီးထဲဝင်ဖို့ အခွင့်အရေးရသွားသည်။ မင်းဘာပြောချင်သေးလည်း ချစ်ခြင်းဘုံ။

"ပန်းချီတို့ အိမ်ကြီးထဲမှာ အခန်းအပိုတွေရှိပါတယ် ... ဒေါက်တာ လာတည်းပါ"

"နေပါစေ ပန်းချီရယ် ... ကိုယ် လည်ခွင့်ရရင်ပဲ ကျေနပ်ပါပြီ"

"မရဘူး ... ကိုငွေစင် တစ်ပတ်လောက်တော့ တည်းရမယ်၊ ပန်းချီ့ကို ခင်ရင် တည်းနော် ... "

"ပန်းချီ"

"ဟင်"

"ကိုယ်နဲ့မင်း ခင်မင်ကြတာ သိပ်မကြာသေးလို့ မိသားစုဝင်တွေက ယုံပါ့မလားကွာ"

"မဟာနွယ်စံအိမ်ကြီးထဲမှာ တိမ်ပန်းချီဆန္ဒပဲ အဓိကလေ၊ ကိုကိုငွေလထိန်တောင် ပန်းချီနဲ့လက်ထပ်ဖို့ ငြင်းလို့ မဟာနွယ်အိမ်ကြီးထဲကနေ ထွက်သွားရလိမ့်မယ်"

ငွေလဉါန်ဆိုတဲ့လူ အပြင်ရောက်လာလျှင် ပို၍နိုးစပ်သွား





နိုင်သည်။ ဘုံကို မရ ရတဲ့နည်းနဲ့ အပြင်ခေါ်ထုတ်ရမယ်။ သူမကို အရယူရမည်။ မရရင်တော့ မင်းစိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်စေရမယ်။

"ကိုငွေစင်ကရော ပန်းချီ့ကို လက်ထပ်ရမယ်ဆိုရင် လက်ထပ်နိုင်ပါ့မလား"

"ဘာပြောတယ် ပန်းချီ ... "

"ကျွန်မနဲ့လက်ထပ်နိုင်မလားလို့ မေးနေတာပါ"

"ဒါကတော့ ကိုယ်နဲ့ပန်းချီတို့က ခင်မင်တာ မကြာသေးဘူးလေကွာ ... မိသားစုဝင်တွေ ကျေနပ်ပါ့မလား"

"ဒေါက်တာကြီး ဝေ့လည်ကြောင်ပတ်မဖြေနဲ့လေ ... အတိအကျဖြေ"

"မင်းကရော ... အခုမှ တွေ့တဲ့ယောကျ်ားတစ်ယောက်ကို လက်ထပ်မလား"

"အင်း"

"ရတယ်လေ"

မောင့်အတွက်ကတော့ မထူးတော့ဘူး ချစ်ခြင်းဘုံ။ မင်းကိုတော့ စိတ်အနှောက်အယှက်ပေးကိုပေးရမယ်။ ဖြစ်ချင်ရာဖြစ်။ မဟာနွယ်စံအိမ်ကြီးထဲ ဝင်ကိုဝင်မည်ဖြစ်သည်။

"မနက်ဖြန်မနက် ကိုကိုတည်းနေတဲ့ ဟိုတယ်မှာ ပန်းချီ



www.burmeseclassic.com

www.burmeseclassic.com



လာကြိုမယ်”

“မင်းသဘောပဲလေ ပန်းချီ … ကိုကိုတဲ့လား၊ မင်းကတော့ တကယ့်ကို ဆုံးဖြတ်ချက်ခိုင်မာတာပဲ”

“ပန်းချီက ဆရာဝန်တစ်ယောက်ကို မဖြစ်မနေ လက်ထပ်မှ ဖြစ်မယ်လေ”

ဒေါက်တာငွေစင်က ပန်းချီ ဘာငြင်းပယ်စရာများရှိနိုင်မလဲ။ ကိုကိုငွေလထိန်က ဒေါက်တာမကိုတွေ့ သူမအပေါ် စိမ်းကား ရက်စက်သွားတာပဲ မဟုတ်လား။ ပန်းချီ လုံးဝခွင့်မလွှတ်နိုင်ပါဘူး။ ကိုကို ငွေလထိန်တို့မိသားစုဝင်တွေကို မောင်းထုတ်ပစ်ရမယ်။ ဒေါက်တာငွေစင်က လူပျိုလား လူအိုလား မသိဘူး။ ပန်းချီ လက်ထပ်ဖြစ်မယ်။

“ကိုကို”

“ဟင်”

“ရှင့်မှာ မိန်းမရှိလား”

“မင်းမေးတာ အရမ်းကြီးနောက်ကျမနေဘူးလား”

“ဟင် … မိန်းမရှိနေတာလား”

“မရှိပါဘူး ပန်းချီရယ် … လူပျိုစစ်စစ်ပါ”

ပန်းချီ နှုတ်ခမ်းတွေက ပြုံးနေသည်။ ကြောင်ခံတွင်းပျက်နဲ့ ဇရက်တောင်ပံကျိုး တွေ့ကြတာပဲ။ မဟာနွယ်စံအိမ်ကြီးထဲက အမွေခံမိန်းမချောလေးပဲ။





နောက်တစ်နေ့တွင် တိမ်ပန်းချီက သူ့ကိုလာကြိုခဲ့၏။ သူလည်း လိုက်လာခဲ့သည်။ မဟာနွယ်စံအိမ်ကြီးက ထယ်ဝါခမ်းနားလွန်းနေ၏။ ပန်းချီပြောပြပုံအရ ငွေလထိန်က မွေးစားမြေးပဲ။ အမွေ ဆက်ခံပိုင်ခွင့်မရှိသူ။ မင်းက ဘာကိုမက်မောတာလဲ ချစ်ခြင်းဘုံ။

“ကိုကို … ဒီမှာ ကိုကိုနေဖို့ အခန်းလေ … ဘယ်သူမှ ဂရုစိုက်စရာ မလိုဘူးနော်”

“မင်း လူကြီးတွေကို အသိပေးပြီးပြီလား ပန်းချီ”

“မလိုပါဘူးကိုကိုရာ … ဒီမှာ ပန်းချီ့သဘောပဲ၊ ပန်းချီလုပ်ချင်တာလုပ်လို့ရတယ်”

“အင်းလေ … ပြီးတာပဲ”

ငွေစင်က မဟာနွယ်စံအိမ်ကြီးထဲမှာ တစ်ရက်လောက်ပဲဖြစ်ဖြစ်နေရမည်။ ချစ်ခြင်းဘုံနဲ့ စာရင်းရှင်းရမှာပဲ။

“ဖေဖေ့ကိုတော့ ပြောထားတယ်၊ ကိုကို အေးအေးဆေးဆေး နားလေနော် … လိုအပ်မယ်ထင်တာတွေ ရေခဲသေတ္တာထဲမှာရှိတယ် … စားနော်”

“ပန်းချီ”

“ကိုကို”

“မင်းက တကယ်ပဲ ချစ်စရာကောင်းတဲ့ ကောင်မလေးပဲ”

“အို … ကိုကို”



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုငွေစင်က သူမခန္ဓာကိုယ်လေးအား သိမ်းကျုံးဖက်လိုက်တော့ ပန်းချီ ကျေနပ်ပျော်ရွှင်သွားသလိုပင်။ နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်ရင်းစွာ ကိုကို့ကို မော့ကြည့်မိသည်။

"ကိုကို့ကို ပန်းချီ ချစ်တယ် ..."

"ငွေလထိန်ကိုရော"

"မုန်းတယ်"

"အရင်က ပန်းချီအချစ်ဆုံး ယောကျ်ားတစ်ယောက် မဟုတ်လား"

"ပန်းချီက စက္ကန့်နဲ့အမျှ ပြောင်းလဲပြစ်တတ်တာလေ ကိုကို"

"ဟား ... ဟား ... ဟား ..."

မဟာနွယ်စံအိမ်ကြီးက အကျယ်ကြီးပဲ။ လူတွေကိုလည်း မတွေ့ဘူး။ ပန်းချီကတော့ လူတွေက ကိုယ့်အခန်းကိုယ်နေကြတာ တဲ့။ လိုအပ်မှ ဆုံကြတာတဲ့။ ကောင်းပါတယ် ... သူ ပန်းချီ့ကို သူ့အပေါ် သံသယခြေတွေရစ်ပတ်ချည်နှောင်မိစေရန် အချစ်ကွန်ယက်တွေနှင့် ရစ်ပတ်တုတ်နှောင်ပစ်မိသည်။ ဒါပေမဲ့ ... သူသတိတရ ဖြစ်နေတာက ချစ်ခြင်းဘုံကိုပင်။ ဣန္ဒြေသိက္ခာကြီးမားသည့် မိန်းကလေးပါ။

"ဘုံ ... ငါ့ဘဝကြီးတစ်ခုလုံး ခောက်ထိုးမိုးမျှော်တွေဖြစ်ကုန်ပြီထင်တာပဲကွာ၊ မင်းကို မောင် အရမ်းချစ်ခဲ့တယ် ... အချစ်ကြီးရင်တော့ အမျက်ကြီးရလိမ့်မယ်ဘုံ"





တိမ်ပန်းချီက အညှာလွယ်လွန်းနေ၍ သူအထင်မကြီးမိ။ ဒါပေမဲ့ ... သူ့ရင်ခွင်ထဲ ပွေ့ဖက်ကာ အနမ်းတွေချွေပစ်သည်။ ချစ်ခြင်းဘုံရာ ... မင်းကတော့ အရမ်းကို အဖြစ်သည်းတဲ့မိန်းမပဲ။ အထိတောင်မခံဘူး။ ဘာကြောင့်လဲ ... မင်း ငါ့ကို မချစ်လို့ဘဲ။ ချစ်ခြင်းဘုံဆီက အချစ်တွေရဖို့ သူအတင်းအကြပ် တောင်းဆိုခဲ့ရသည်။

"ကိုကို"

"ဟင်"

"ပန်းချီ့ဖွားစံဆီ သွားရမယ် ... နောက်မှ ကိုကိုနဲ့မိတ်ဆက်ပေးမယ်လေ"

"ကောင်းပါတယ် ပန်းချီ ... ကိုကို အနားယူတော့မယ်"

"ကိုကို့ကို ချစ်တယ်"

"ကိုကိုလည်း ပန်းချီကို ချစ်တယ်"

တိမ်ပန်းချီ ပြန်ထွက်သွားသည်။ တကယ့်ကို ခပ်နန့်နန့်ကောင်မလေးပဲ။ ယောကျ်ားတစ်ယောက်ကို ယုံလွယ်လွန်း၏။ သူ့ရင်ထဲမှာ အချစ်မရှိ။ သူချစ်တာက ချစ်ခြင်းဘုံကိုပဲ။ သူ ဖုန်းဆက်သည်။

"ဘုံ ... မောင်ပါ"

"ဟင် ... ရှင် ... ရှင် ... ဘာဖြစ်လို့ ဖုန်းဆက်ရတာလဲ၊ ကျွန်မ ပြောပြီးပြီလေ၊ ဘုံ့မှာ တာဝန်တွေနဲ့ ... ရှင် ရန်ကုန်ကိုပြန်



www.burmeseclassic.com

www.burmeseclassic.com



ပါတော့ ... ဘုံကို မေ့ပစ်လိုက်ပါ"

"မင်းကိုလွယ်လွယ်နဲ့ မေ့ပစ်လို့ဘယ်ရမလဲ ဘုံရယ် ... မောင် အခု မင်းအနားအထိ ရောက်နေပြီဘုံ ... "

"ဟင် ... ဘယ်မှာလဲ"

"မဟာနွယ်စံအိမ်ကြီးထဲမှာ"

"ဘာ ... မဟုတ်တာတွေ လျှောက်ပြောမနေစမ်းပါနဲ့ ဘုံ အလုပ်တွေရှိလို့ပါ"

"ငွေလထိန်ကြောင့်လား"

"ရှင်"

"ငွေလထိန်ဆိုတဲ့လူကြောင့် မောင့်ကို သစ်စိမ်းချိုး ချိုးပြစ်လိုက်တာလားလို့ပါ"

"ဘာတွေပြောနေတာလဲ ကိုငွေစင် ... "

"မောင်ပါ"

"ရှင် ... ရှင် ... "

"ငွေလထိန်ကြောင့် မင်းရဲ့ဆက်ဆံရေးတွေ ပြောင်းသွားရတာ မဟုတ်လား ချစ်ခြင်းဘုံ ... "

သူ အော်ပစ်လိုက်သည်။ ဒေါသတွေက ပေါက်ကွဲချင်လာမိသည်။ ဘုံကတော့ အလွန်အမင်း ထိတ်လန့်တုန်လှုပ်သွားပုံပင်။ အသံတွေက တုန်ယင်လို့က်ခါနေသည်။





"ကိုငွေလထိန်နဲ့ ဘာမှမဆိုင်ပါဘူး၊ ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာ အခက်အခဲတွေကြောင့်ပါ ... ရှင် အေးအေးဆေးဆေး ရန်ကုန်ကို ပြန်သွားပါ ... ဘုံ တောင်းပန်ပါတယ်နော်"

"ငါက ဘာဖြစ်လို့ ရန်ကုန်ကို အေးအေးဆေးဆေး အရှုံးသမားဘဝနဲ့ ပြန်ရမှာလဲ ချစ်ခြင်းဘုံ ... ဘယ်တော့မှ မပြန်ဘူးကွ၊ ငါ့ကိုပြန်စေချင်ရင် မင်းပါလိုက်ခဲ့ ... "

မောင်က ဖုန်းပိတ်သွား၍ ချစ်ခြင်းဘုံ အထိတ်တလန့်နှင့် ကြောက်ရွံ့တုန်လှုပ်စွာ မျက်ရည်တွေ ဝဲကျလာသည်။ မောင် တကယ်ပဲ မဟာနွယ်စံအိမ်ကြီးထဲ ရောက်နေတာလား။ မဖြစ်နိုင်ပါဘူး။ မဟာနွယ်စံအိမ်ကြီးက လုံခြုံရေးတင်းကြပ်သည်။ ပြီးတော့လည်း ကိုငွေလထိန်အကြောင်း သိနေ၏။ ဘယ်သူ့ကြောင့်လဲ။ ဘုံမှာက မေမေကို အပြင်ပြန်ထုတ်နိုင်ဖို့ မဟာနွယ်စံအိမ်ကြီးထဲမှာ စာချုပ်ပြည့်တဲ့အထိ နေထိုင်ရမည်ဖြစ်သည်။ ကိုငွေစင်ကတော့ စိတ်ကြမ်းကိုယ်ကြမ်းသမားပဲ။ ဘုရားရေ ... သူမ ဘယ်လိုရှင်းရမှန်း မသိအောင် ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၄ )

ဒေါ်တိမ်နန်းစံ အခန်းထဲမှာ မိသားစုဝင်တွေ စုံလင်နေသည်။ မြေးဖြစ်သူ တိမ်ပန်းချီက သူမလက်ထပ်မယ့် ချစ်သူကိုပြမည်ဆို၍ မိသားစုဝင်တွေကို ဒေါ်တိမ်နန်းစံက ခေါ်ဆောင်ထားခြင်းဖြစ်၏။ မြေးထိန်က အပြတ်ငြင်းပယ်ပြီးမို့ တိမ်ပန်းချီဆန္ဒအတိုင်းသာဖြစ်စေရမည် ဖြစ်သည်။

“မယ်မယ်ကတော့ အားလုံးကို အတိအလင်းပြောရတော့မှာပဲ … မယ်မယ် မသေခင် စီစဉ်စရာရှိတာတွေ စီစဉ်ပေးခဲ့မယ်”

မြေးတိမ်ပန်းချီ ရွေးချယ်မယ့်ချစ်သူကို ကြည့်ရမည်ဖြစ်သည်။ အမွေကို အားလုံးအညီအမျှ လွှဲပေးဖို့လည်း ဆုံးဖြတ်ထား၏။ မိသားစုဝင်တွေအားလုံး စုံနေသည်။

“ဖွားစံ ကျွန်မရှိဖို့ မလိုအပ်ဘူးထင်တယ်နော် … ခွင့်ပြုပါ”

“ဒေါက်တာ ထွက်မသွားပါနဲ့ … ဖွားစံက ကျန်းမာရေး





မကောင်းတော့ ဒေါက်တာအနားမှာ နေပေးပါ”

ဘုံကတော့ မနေချင်တော့။ မဟာနွယ်မိသားစုဝင်တွေက ရှုပ်ရှုပ်ထွေးထွေးတွေပါ။ ပြီးတော့လည်း … ကိုငွေစင် ဖုန်းဆက်ထားတယ်။ သူက မဟာနွယ်စံအိမ်ကြီးထဲမှာတဲ့။ တကယ်ပဲလား။ ဖွားစံက မိသားစုဝင်တွေကို ထုတ်ဖော်မပြောသေးပေ။ ဘာကြောင့် စုဝေးခိုင်းနေရတာလဲ။ ဘုံမနေချင်။ ခဏနေတော့ တိမ်ပန်းချီနှင့် လူတစ်ယောက် ဝင်လာသည်။

“ဟင်”

မောင်ပါလား။ အမလေး … ဘာတွေဖြစ်ကုန်မှန်းပင် မသိတော့။ မောင့်ကိုတွေ့လိုက်သည်နှင့် ဘုံ့ခန္ဓာကိုယ်လေး ကျောက်ရုပ်လေးကဲ့သို့ လည်ပတ်နေတဲ့သွေးတွေ ရပ်ဆိုင်းသွားရသည်။

“ကဲ … အားလုံးကို မိတ်ဆက်ပေးရဦးမယ်၊ သူကတော့ ရန်ကုန်မှာနေတယ် … ဒေါက်တာငွေစင်တဲ့ … ”

ဘုံ မော့မကြည့်ရဲတော့။ ခြေဖျားလက်ဖျားတွေ အေးစက်တောင့်တင်းသွားရသည်။

“မြေးတိမ်ပန်းချီနဲ့ လက်ထပ်မယ့်သူပဲ … ”

ဘယ်လိုဖြစ်ရတာလဲ။ မောင်နှင့်တိမ်ပန်းချီ ဘယ်တုန်းက သိသွားရတာလဲ။ ငွေစင် ရှင့်အကြောင်း ဘုံသိတယ်။ ရှင်က ဘယ်တော့မှ အရှုံးပေးတတ်တာ မဟုတ်ဘူး။ ကျွန်မကို ဒုက္ခပေးဖို့



www.burmeseclassic.com

www.burmeseclassic.com



…ကြောင်းရှာပြီး ဝင်လာတာပါ။

"ကိုကိုနဲ့ မိသားစုဝင်တွေအားလုံးကို မိတ်ဆက်ပေးပါရစေ"

တိမ်ပန်းချီက တစ်ယောက်ချင်း မိတ်ဆက်ပေးနေသည်။ ကိုငွေလထိန်တော့ ဘယ်လိုနေမလဲမသိဘူး။ ဘုံကတော့ သေပစ်ချင်လောက်အောင်ပင် တုန်လှုပ်ချောက်ချားနေသည်။

"သူက ကိုကိုငွေလထိန်ပါ … ကိုကို ပန်းချီတို့မိသားစုစီးပွားရေးလုပ်ငန်းမှာ ဦးစီးနေတာပါ"

"ဟုတ်ကဲ့ … တွေ့ရတာ ဝမ်းသာပါတယ် ကိုငွေလထိန်"

ငွေစင့်အကြည့်တွေက ငွေလထိန်ဆိုတဲ့လူဆီ ရောက်သွားတဲ့အချိန်တွင် သူချစ်သူအား လုယူသွားတဲ့ကောင်ကို လက်သီးနှင့်ထိုးပစ်ချင်မိသည်။ ရုပ်ရည်ကတော့ မင်းသားရုပ်ရှိုးတယ်။ မိန်းကလေးတွေ စွဲလမ်းမည့်ရုပ်ပဲ။ လုံးဝ မနာလိုဖြစ်ချင်စရာပါ။ သူ့အကြည့်က တည်ငြိမ်အေးစက်နေသည်။ နှုတ်ခမ်းက မသိမသာလေးပဲ ပြုံးပြ၍ လက်ဆွဲနှုတ်ဆက်၏။ ပြီးတော့ … သူ့အကြည့်က ဘုံ့ဆီရောက်သွားသည်။

"ဒါက ဒေါက်တာချစ်ခြင်းဘုံတဲ့ ကိုကို … ဖွားစံအတွက် ခေါ်ထားတာပါ"

"တွေ့ရတာ ဝမ်းသာပါတယ် ဒေါက်တာ … ကျွန်တော်က ရန်ကုန်ကပါ၊ ဒေါက်တာ့ကိုတော့ မမြင်ဖူးပါဘူး၊ ကျွန်တော်က စီနီ





ယာကျမယ် ထင်ပါတယ်"

"ဟုတ်ကဲ့"

သူကတော့ တည်တည်ငြိမ်ငြိမ် မှင်သေသေပဲ။ ကြောက်လာမိသည်။ ကိုငွေစင် ရက်စက်တော့မှာလား။ ဘုံကတော့ မေမေ့ကြောင့်ပါ။ ကိုငွေလထိန်ကိုလည်း မချစ်ပါဘူး။

"မြေးတိမ်ပန်းချီနဲ့ ဒေါက်တာငွေစင့်ကို လက်ထပ်ပြီး အမွေပုံတစ်ဝက်ကို ပေးရမယ် … စီးပွားရေးလုပ်ငန်းတွေလည်း မြေးတို့ခနီးမောင်နှံလက်ထဲ လွှဲပေးရလိမ့်မယ်၊ ဘယ်လိုလဲ … သဘောတူကြတယ် မဟုတ်လား"

"တူပါတယ် မယ်မယ် … သားလတ်တို့မိသားစုတွေ အိမ်ပြောင်းကြမှာပါ၊ မယ်မယ့်ဆန္ဒအတိုင်း စီမံပါ"

သားတိမ်လကတော့ မိခင်အပေါ် ကောင်းသူပါ။ မိသားတစ်စုလုံး မိမိအားဒုက္ခမပေးကြ။ ဒါပေမဲ့ … မိမိကတော့ မမျှတစွာဖြင့် သားကြီးကိုပဲ ဦးစားပေးချင်သည်။ မြေးတိမ်ပန်းချီကို ပျော်စေချင်ခဲ့၏။ သမီးငယ် တိမ်လွှာခကတော့ သူ့အတွက် အထိုက်တန်ဆုံးလုပ်ပေးတဲ့။

"မယ်မယ်နော် … လွှာတို့ကတော့ မယ်မယ့်ဆန္ဒအတိုင်း စီမံတာလက်ခံပေမယ့် အစ်ကိုကြီးက အရမ်းသုံးဖြုန်းခဲ့တာ၊ လွှာအနစ်နာ မခံနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"လွှာ … နှင့်ပါးစပ်ပိတ်ထားစမ်း၊ နှင့်လင်ကရော မဖြုန်းလို့လား၊ နှင်က နှင့်လင်အတွက် တောင်းနေတာ မဟုတ်လား"

"ကိုကိုနော် … လွှာ ဘယ်သူ့အတွက်ပဲတောင်းတောင်း ရသင့်တာ တောင်းတာပဲ … မမျှမတ လုပ်ရင်တော့ လွှာ လုံးဝ လက်မခံဘူး"

"တိတ်ကြစမ်း … ညည်းအတွက်လည်းရမယ်လေ၊ ငါ့သားကြီးက ဘာပဲဖြစ်ဖြစ် တစ်ချိန်က ငါတို့နဲ့လက်ရေတပြင်းတည်း စီးပွားရှာခဲ့ရတယ်၊ စကားမများကြနဲ့၊ ငါစီစဉ်တာ လက်မခံရင် ငါသေမှယူ … "

မြေးငွေလထိန်အတွက်ကတော့ ဒေါ်တိမ်နန်းစံ သီးသန့်စီစဉ်ထားတာတွေ ရှိနေသည်။ မိမိ စိတ်မကောင်းပါဘူး။ နှင်းသခင်က မာနကြီး၏။ သူလည်း ဘိုးစဉ်ဘောင်ဆက် ချမ်းသာပြီး အမွေတွေရထား၍ မိမိအမွေကို မမက်ပေ။ သားလတ်ကလည်း မမက်။ သူတို့သား ငွေလထိန်က စီးပွားရေးလုပ်ရာမှာ ကျွမ်းကျင်ထက်မြက်သူဖြစ်နေသည်။ စိတ်မပူရပါဘူး။ သမီးတိမ်လွှာခပဲ။ ဒင်းလင်က အရှုပ်ကောင်။ မျက်နှာ ခပ်ပြောင်ပြောင်နဲ့ ငွေလည်းမရှာခဲ့။ ယောက္ခမငွေကို ထိုင်ဖြုန်းနေသည်။

"သားကြီးအတွက် တစ်ဝက်ပေးမယ်လို့ ပြောထားပြီးသားပဲ





သွားကြတော့ … မယ်မယ်မောလာပြီ၊ ဒေါက်တာအနားယူချင်တယ်"

"ဟုတ်ကဲ့"

"ဖွား … ဘယ်လိုဖြစ်လို့လဲ၊ ကျွန်တော် ကြည့်ပေးပါရစေ"

"အေးကွယ် … အဖွား နည်းနည်းမောလာသလားလို့"

"ကိုယ်စစ်ဆေးပေးပါ့မယ် ဒေါက်တာချစ်ခြင်းဘုံ … မင်းသွားနားပါ"

"ဟုတ်တယ် ဒေါက်တာ … နောက်ဆို ကိုကိုရှိနေလို့ ဒေါက်တာတောင် လိုအပ်မယ်မထင်တော့ပါဘူး"

ဘုံ ထွက်လာခဲ့သည်။ ကိုငွေစင်ရဲ့ မျက်လုံးအကြည့်တွေကို ဘုံသိနေ၏။ ရက်စက်တော့မည့် အရိပ်တွေ ပြည့်နှက်နေသလိုပင်။ တတ်နိုင်ဘူးလေ။ ဘုံ ဘာဆက်လုပ်ရမလဲ။ ဒေါ်တိမ်နန်းစံက ပြန်ခွင့်ပေးမယ်ဆိုရင်တော့ မေမေ့ကိုခေါ်သွားဖို့ ဆုံးဖြတ်ထားသည်။

"ဘုံ"

"ဟင် … ကိုငွေလထိန်"

"တိမ်ပန်းချီအတွက်တော့ စိတ်အေးသွားရလို့ ကိုယ်ဒီကနေထွက်သွားတော့မယ် ဘုံ … "

တိမ်ပန်းချီနဲ့လက်ထပ်မယ့် ဒေါက်တာက ဘုံ့ချစ်သူပါဟု ပြောပြရဲ့။ ဘုံ ဘာဆက်လုပ်ရမှန်းပင် မသိတော့။ ကိုငွေလထိန့်



www.burmeseclassic.com

www.burmeseclassic.com



က မေမေ့ကို စောင့်ရှောက်ပေးနေသည်ဟု မေမေကိုယ်တိုင်က ပြောခဲ့သည်။

"မင်းလည်း ဒီကနေ ထွက်လိုက်ပါဘုံ ... နောက်ပြီးတော့ လေ ကိုယ်စိတ်တွေပူပန်နေရတာက မင်းဒီမှာနေရတာ တထိတ်ထိတ်တလန့်လန့်နဲ့လို့ ထင်တယ်"

"ကျွန်မလေ ... ကျွန်မ ... ရှင့်ကို ယုံကြည်ပါတယ် ကိုငွေ လထိန် ... ဖွင့်ဟတိုင်ပင်စရာတွေလည်း ရှိနေပါတယ်"

"ပြောလေ ဘုံ ... "

"ဒီမှာက ... "

"ဘုံ"

"ရှင်"

"မင်းကို လက်ထပ်ခွင့်ပြုဖို့ ဖွားစံဆီမှာ ကိုယ်တောင်းဆို မယ်"

"အို ... လုံးဝမဖြစ်ပါဘူး၊ ကျွန်မလက်မခံဘူး၊ ရှင် မတောင်း ဆိုပါနဲ့၊ ကျွန်မက ဘဝအတွက် လုပ်စရာတွေအများကြီးရှိနေသေး လို့ပါ"

"ဘာတွေလဲ ဘုံ ... ကိုယ့်ကိုပြောပြစမ်းပါ၊ မင်းဘာရေး ဖြစ်နေလဲ ... ကိုယ် မင်းကို ကာကွယ်ပေးချင်ပါတယ်"

"ကိုငွေလထိန်"





"ပြောလေ ... ဘုံ"

"ကျွန်မ အနူးအညွတ် တောင်းဆိုချင်တာက ကျွန်မကို လက်ထပ်ဖို့ စကားမပြောစေချင်တာပါပဲ"

"ဘုံ"

"တကယ်တော့ ... ကျွန်မ ဒီကိုရောက်လာတာ အကြောင်း တစ်ခုကြောင့်ပါ"

ကိုငွေလထိန်ကိုတော့ မေမေ့အကြောင်းပြောပြပြီး အကူ အညီတောင်းမှဖြစ်တော့မည်။ ဘုံလည်း မကြာခင် မဟာနွယ်စံအိမ် ကြီးကနေ ထွက်ခွာသွားရတော့မည် ထင်သည်။

"ဘုံလာရတဲ့အကြောင်းရင်းက ဘုံ့မေမေကြောင့်ပါ"

"ဘာပြောတယ် ဘုံ ... မင်း မေမေက ဘယ်သူလဲ"

"ဒေါ်သီရိရှင်းပါ"

"မေမေ သီရိရှင်းလား"

"ဘုံနဲ့မေမေ တွေ့ပြီးပါပြီ ကိုငွေလထိန် ... "

မေမေနှင့်တွေ့ဆုံခဲ့တဲ့အကြောင်းတွေကို ဘုံပြောပြလိုက် သည်။

"ဘုံက ဒေါ်သီရိရှင်းရဲ့သမီး ချစ်ခြင်းဘုံပါ"

"ဘုံရယ် ... "

မေမေသီရိရှင်းက သူ့သမီးကို ရှာပေးဖို့ တောင်းဆိုခဲ့ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းလား ဘုံ ... မေဒမသီရိရှင်းစိတ်ရောဂါ ဝေဒနာတွေ မခံ တော့ဘူးဆိုတဲ့ သတင်းကြားရ၍လည်း ငွေလထိန် စိတ်ချမ်း သွားရသည်။

"ကျွန်မ မေမေ့ကို ကယ်တင်ချင်ပါတယ် ကိုငွေလထိန် တစ်ယောက်ထဲမထားနိုင်ဘူး ... ဘယ်လိုလုပ်ရမလဲဟင်"

"မင်း ဘာမှစိတ်မပူပါနဲ့ ဘုံ ... မေမေသီရိရှင်းကို ကိုယ် ထုတ်သွားမယ်၊ ဖွားစံဆီမှာ တောင်းဆိုမယ် ... တိမ်ပန်းချီကလ လွှတ်ပေးမှာပါ"

"ကျေးဇူးပါပဲ ကိုငွေလထိန်ရယ် ... ဘုံ စိတ်ချမ်းသာ ပါပြီ၊ မေမေနဲ့အေးအေးဆေးဆေး နေချင်တယ်၊ ကျွန်မက ဒေါ် ရှင်းရဲ့သမီးဆိုတော့ မျိုးရိုးက မသန့်တော့ဘူးထင်ပါတယ်နော်"

"ဘုံ ... မေမေသီရိရှင်းက ဘယ်လောက်အထိ ဖြူစင်ရိုး တယ်ဆိုတာ ကိုယ်အသိဆုံးပါ၊ မင်းကိုအထင်မသေးဘူး ဘုံ ကိုယ် အဲဒီလောက်အထိ သဘောထား မသေးသိမ်ပါဘူးကွာ"

ကိုငွေစင်သာသိလျှင် ဘုံ့ကိုအထင်သေးပြီး ပြစ်ပြစ်နှ ပြောပြစ်မှာသေချာသည်။ ကိုငွေလထိန်က အထင်မသေးဘူးဆို တောင် သူ့မမှာက ချစ်သူရှိနေ၏။ ကိုငွေစင်ပဲ။ တိမ်ပန်းချီကို ကပ်ပြီး သူ့မကို အကြီးအကျယ် ဒုက္ခပေးတော့မယ်ဆိုတာ ထင် နေသည်။





"ဘုံ"

"ဟင်"

"ဘာတွေကြောက်နေတာလဲ ... ကိုယ်အားလုံးဖြေရှင်းပေး မယ် ... ကိုယ်တာဝန်ယူပေးမယ်၊ ဘုံ့မျက်နှာလေး ညှိုးနွမ်းနေတာ ကိုယ်မကြည့်ရက်ဘူး၊ မေမေသီရိရှင်းက ကိုယ့်မေမေပါပဲကွာ"

သူ စိတ်တွေ မထိန်းနိုင်စွာဖြင့် ဘုံ့ကို ဖက်မိသည်။ သူ့ရင်ခွင် မှာအပ်ထားလိုက်၏။ ဘုံ ခဏလေးငြိမ်သက်စွာနေပြီးမှ အထိတ် တလန့် ပြန်ခွာသည်။

"မေမေ့ကိစ္စပဲ ကူညီပေးပါ ကိုငွေလထိန် ... ကျွန်မတို့နှစ် ယောက် ချစ်သူတွေအဖြစ်တော့ ဘယ်လိုနည်းနဲ့မှ မဖြစ်ပါဘူး"

"ဘုံ ဘာဖြစ်လို့ကြောက်နေရတာလဲ ... ကိုယ့်မာမီက မင်း နဲ့သဘောတူထားပြီးသားပါ"

"ဘုံက ဒေါ်သီရိရှင်းရဲ့ သမီးလေ ... ကိုယ်ကျင့်သိက္ခာမရှိ တဲ့ မိန်းမတစ်ယောက်ရဲ့ သမီးပါ"

ဘုံ့မှာ ချစ်သူရှိပါသည်ဟု ပြောရမှာ ဝန်လေးနေသည်။ ဘုံ ကိုယ်တိုင် စဉ်းစားမရ၊ ပြီးတော့ ... ပြဿနာတွေ ရှုပ်ထွေးတော့ မည့် အရိပ်လက္ခဏာတွေ မြင်လာနေ၏။ ကိုငွေစင်က တိမ်ပန်းချီ အား အသုံးချနေပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လက်ထပ်ဖို့ကိစ္စက နောက်မှနော် ... စဉ်းစားကြတာပေါ့နော်၊ ဘုံ့ဘဝက မငြိမ်းချမ်းသေးပါဘူး ကိုငွေလထိန်ရယ် ... "

ဘုံ ကံဆိုးမပါ။ ဘုံ့ကိုဒုက္ခပေးဖို့အတွက် ကိုငွေစင်က မဟာနွယ်စံအိမ်ကြီးထဲ ရောက်နေသည်။ ဒီကနေ ဘုံအမြန်ဆုံးထွက်သွားမှ ဖြစ်မှာပါ။ မေမေကို စိတ်မချရသ၍ ဘုံထွက်မသွားနိုင်ပေ။ ကိုငွေလထိန်ကို နှုတ်ဆက်ပြီး သူမအိပ်ခန်းထဲ ပြန်ဝင်လာခဲ့၏။ စိတ်တွေပူပင်မောပန်းရလွန်း၍ ဘုံခန္ဓာကိုယ်လေး နုံးခွေချိနဲ့နေသည်။

"တီ ... တီ ... "

"တီ ... တီ ... "

"ဟင်"

စားပွဲပေါ်မှာ တင်ထားတဲ့ သူမဖုန်းလေးက အသံမြည်လာသည်။ မောင်ဆက်တာပဲဖြစ်မည်။ ဘုံ မကြည့်ရဲ၊ ဖုန်းကိုပိတ်လိုက်ရင်လည်း တနည်းနည်းနှင့် ဘုံ့အနားရောက်လာမှာ အသေအချာပဲ။ မကိုင်လို့လည်း မဖြစ်ပေ။ သူမ အင်အားပျိုနဲ့လွန်းတဲ့ ခြေလှမ်းတွေနှင့် စားပွဲနားလျှောက်သွားပြီး ဖုန်းကို ဖွင့်၍ နားထောင်လိုက်မိသည်။

"ဘုံပါ"

"ဘယ်လိုလဲ ချစ်ခြင်းဘုံ ... မင်းအရမ်းပျော်ရွှင်နေပြီလား"

"မဟုတ်ပါဘူး ကိုငွေစင် ... "





"ဘာမဟုတ်တာလဲကွ ... မင်းနဲ့ငွေလထိန် ကြည်နူးနေတာငါတွေ့တယ် ... မင်းက ဒီကောင့်ရင်ခွင်ထဲတောင် ရောက်နေတာပဲ"

"ရှင် ... "

"ဘာရှင်လဲ ... ငါ အခု တိမ်ပန်းချီကို လက်ထပ်မယ်ပြောလိုက်တာ မဟာနွယ်စံအိမ်ကြီးထဲ ဝင်ချင်လို့ပဲ ချစ်ခြင်းဘုံ"

"ဘုံနဲ့ကိုငွေလထိန်တို့ ဘာမှမပတ်သက်ပါဘူး ကိုငွေစင်"

"မင်း ဘာဖြစ်လို့ မောင်လို့ မသုံးနှုန်းနိုင်ရတာလဲ ဘုံ ... မောင်လို့ပဲ ပြောစမ်းပါ"

သူ့အသံကြီးက ကျယ်လွန်း၍ သူမ တုန်လှုပ်ချောက်ချားစွာဖြင့် ဖုန်းခွက်ကိုပင် ဖယ်ပစ်မိသွားသည်။

"မင်း ... မင်း ... ဒီကနေ ထွက်သွားဖို့မစဉ်းစားနဲ့နော်၊ ငါက တိမ်ပန်းချီကို လက်ထပ်မယ်ဆိုရင်တောင် မင်းကိုအလွတ်ပေးမှာမဟုတ်ဘူး"

"ကျွန်မ ... ကျွန်မ ... "

"မင်းနားထောင်စမ်းပါ ဘုံ ... တိမ်ပန်းချီကို ငါလက်ထပ်မယ်ဆိုရင်တောင် မင်းကတော့ ငါ့ရဲ့ဒုတိယမယားနေရာမှာ နေကိုနေရမယ် ချစ်ခြင်းဘုံ"

"ရှင် ... ရှင် အပြစ်ကင်းမဲ့တဲ့ မိန်းကလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အပေါ် မတရားအနိုင်မကျင့်ပါနဲ့ ကိုငွေစင် ... ကောင်းပြီလေ ... ရှင်က ဒီလောက်အထိ ဆန္ဒရှိနေမယ်ဆိုရင်လည်း ကျွန်မ ဒီမှာ သုံးလတာဝန်ထမ်းဆောင်ပြီးတဲ့အထိ စောင့်ပါ၊ ကျွန်မ ... ရှင့်ကိုလက်ထပ်မယ်၊ ကျွန်မချစ်သူတစ်ယောက်ကိုပဲထားပြီး အဲဒီယောက်ျားကိုပဲလက်ထပ်မှာပါ"

"မင်းနဲ့ငွေလထိန်ကို ငါမသက်ဲတော့ဘူး၊ မင်းက အပျိုစင်စစ်စစ်လေးလည်း မဖြစ်နိုင်တော့ဘူး ... ငါတိမ်ပန်းချီကို လက်ထပ်မှာ၊ မင်း ငါ့ရဲ့ဒုတိယမယားအရာနေဖို့ ပြင်ဆင်ထား ... ဒါပဲ ..."

သူ ဖုန်းပိတ်သွားတော့ သူမလက်ထဲမှ ဖုန်းလေးက ကြမ်းပြင်ပေါ် ပြုတ်ကျသွားသည်။

န်း ( ၁၅ )

"မြေးထိန် ... မင်းစဉ်းစားပါဦးကွယ်၊ ဖွားစံက မြေးလက်ထဲအရာအားလုံးအပ်နှံထားခဲ့ချင်တာပါ"

"ထိန် ဆုံးဖြတ်ပြီးသားဖြစ်နေလို့ပါ ဖွားစံ ... ဒီစံအိမ်ကြီးထဲ ပဲ ထွက်သွားပါတော့မယ်၊ ခွင့်ပြုပေးပါ ... ဖွားအထောက်အပံ့ကို က်မခံပါရစေနဲ့ ... ထိန် မာမီမှာ ငွေတွေရှိပါတယ်၊ တီလေးလွှာ ပဲ ပို့ပေးလိုက်ပါ"

"ထိန်"

"ထိန် တစ်ခုလောက်ပဲ တောင်းဆိုချင်ပါတယ်ဖွားစံ"

"ပြောပါ ထိန် ..."

"မေမေသီရိရှင်းကိုတော့ ခေါ်သွားချင်ပါတယ် ... ခွင့်ပြုပါ"

"သီရိရှင်းက မင်းဘဘကြီး တိမ်ရဲမာန်နဲ့ပဲ ဆိုင်တာလေ၊ းစံ ပြောလို့ ဘယ်ရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖွားစံ ကူညီပေးပါ … ဖွားစံအမိန့်က အမိကပါပဲ၊ မေမေ သီရိရှင်းကို ထိန် မထားခဲ့နိုင်ဘူး"

"အင်းလေ … ဖွားစံ ပြောပါ့မယ်၊ မဟာနွယ်စံအိမ်ကြီးထဲ လဲ မထားခဲ့ချင်ပါဘူး … ဖွားစံလည်း ကျန်းမာရေးသိပ်မကော တော့ပါဘူးမြေးရယ် … ဖြစ်မထားပါနဲ့"

မြေးထိန်ကို ထွက်မသွားစေချင်ပေ။ မြေးတိမ်ပန်းရို အတင်းအကြပ်တောင်းဆိုနေ၍ ဖြစ်သည်။ အတူတူဆက်နေလို့ မဖြစ်တော့ဘူးမဟုတ်လား။ မြေးထိန်က လိမ်မာရေးခြားရှိသူ မိမိလည်း အသက်ကြီးနေပြီ။ ကျန်းမာရေးမကောင်း၍ စိတ်တွေ လျှော့ထားမိသည်။

"ဖွားစံ"

"ဟင်"

"ထိန်ကို ခွင့်ပြုမယ်ဆိုရင် မကြာခဏ လာကြည့်မှာပါ၊ ဘာ စိတ်မပူပါနဲ့နော် … ဖွားစံက ထိန့်ရဲ့အဖွားအရင်းပါပဲ"

"ထိန်ရယ်"

"အမွေကိစ္စတွေက နောက်မှပဲ ဖွားစံတို့ရှင်းပါ၊ တစ် အတွင်းထိန်တို့ ပြောင်းပါ့မယ်"

"မြေးရယ် … ဖွားအားငယ်မိတယ်၊ သားကြီးအတွက် စိတ်အေးရအောင်လုပ်တာ နားလည်သဘောပေါက်ပေးပါ"





"ထိန် နားလည်ပါတယ် ဖွားရယ် … မေမေသီရိရှင်းကိုသာ မြေးလက်ထဲ အပ်လိုက်ဖို့ ဖွားစံအမိန့်ချမှတ်ပေးပါ"

"ကောင်းပြီထိန် … ဒီတစ်ခုတော့ ဖွားစံ မဖြစ်မနေအမိန့် ချမှတ်ပေးပါ့မယ်ကွယ်"

ဖွားစံအား ကန်တော့ပြီး ထိန်ပြန်ထွက်လာခဲ့သည်။ မေမေ သီရိရှင်းကို ကယ်ဘင်ဖို့ ဖွားစံ ခွင့်ပြုပေးတာပဲ ကျေးဇူးတင်လို့မဆုံး ပေ။ မေမေသီရိရှင်းထံ ဝင်လာခဲ့၏။ ထိန့်အသံကြားမှ တံခါးဖွင့်ပေး သည်။

"မေမေသီရိရှင်း နေကောင်းလား … ကြည့်ရတာ ရွှင်လန်း နေတာပဲ ထိန်ပျော်လိုက်တာဗျာ … "

"ထိန်"

"ဗျာ"

"ထိန့်ကို မေမေသီရိရှင်း ပြောစရာစကားတွေရှိတယ်"

"ဒေါက်တာချစ်ခြင်းဘုံ အကြောင်းလား … "

"ဟင် … ထိန်က ဘယ်လိုလုပ်ပြီး သိနေတာလဲ"

"ချစ်ခြင်းဘုံ ပြောပြလို့ပါ"

"ထိန်နဲ့သမီးက … "

"အဖြစ်အပျက်တွေအားလုံး ထိန်သိထားပြီးပါပြီ၊ ဘုံပြောပြ တာပါ၊ အခုအချိန်ကစပြီး ဘာမှစိတ်ပူပန်စရာမလိုတော့ဘူးမေမေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ သားထိန်ရယ် … မေမေသီရိကတော့လေ ဒီမဟာနွယ်စံအိမ်ကြီးအရိပ်ကနေ မထွက်ရသေးဘဲနဲ့ စိတ်မအေးနိုင်ဘူး၊ သမီးဘုံအတွက်လည်း စိတ်ပူတယ် … "

"ထိန်တို့ ဒီတစ်ပတ်အတွင်း မဟာနွယ်စံအိမ်ကြီးထဲကနေ ထွက်သွားကြမယ် မေမေသီရိ … ဖွားစံက ခွင့်ပြုပြီ"

"ဟင် … ဟုတ်လို့လား"

"ဟုတ်တယ် … ထိန်တို့လွတ်မြောက်တော့မှာပါ။ မေမေသီရိလည်း စိတ်ကိုလျှော့ပါနော် … ဘယ်သူ့အပေါ်မှလည်း အညှိုးမထားပါနဲ့၊ အရာအားလုံးက ကံကြမ္မာကြောင့်ပါဗျာ"

"ထိန်ရယ် … မင်းက စိတ်သဘောထားပြည့်ဝလိုက်တာကွယ်၊ မေမေသီရိ စိတ်ချမ်းသာလိုက်တာ … သမီးဘုံကိုလည်း ကယ်ပါဦး"

"ဘုံလည်း ထွက်လာရမှာပါ မေမေသီရိကြောင့် ဘုံဝင်လာခဲ့တာလေ … အခု တွေ့ရပြီပဲ၊ ထိန်အားလုံး စီစဉ်သွားပါ့မယ်"

ဒေါ်သီရိရှင်းလည်း မဟာနွယ်စံအိမ်ကြီးထဲကနေထွက်၍ သမီးဘုံကို စောင့်ရှောက်ရင်းနေချင်သည်။ စိတ်တွေကို လျှော့ထားလိုက်၏။ အငြိုးအတေး အာဃာတတွေ လက်စားချေမှုတွေ မထားတော့ပါဘူး။ ထွက်ခွာသွားရမယ်။ သမီးလေးဘုံကို စောင့်ရှောက်ရဦးမယ်။ မိမိ သုံးနှစ်သမီးလေးထဲက ပြစ်ထားခဲ့တာပါ။

"မေမေသီရိ နေကောင်းအောင်ပဲ နေပါနော် … အပြင်လည်း





ထွက်ပါနဲ့၊ ငြိမ်ငြိမ်လေးနေပါ။ ထိန်တို့မဟာနွယ်စံအိမ်ကြီးထဲကနေ ထွက်သွားနိုင်မှ စိတ်အေးနိုင်မှာ"

"အေးပါကွယ် … မေမေသိပါတယ်၊ သမီးလေးနဲ့လည်း အမေ နေချင်ပါတယ်"

ဒေါ်သီရိရှင်းကတော့ မဟာနွယ်စံအိမ်ကြီးထဲကနေ ထွက်သွားခွင့်ရတာကိုပဲ ကျေးဇူးတင်မိသည်။ ဒေါ်တိမ်နန်းစံ စိတ်ကောင်းဝင်နေလို့ပဲ မိမိအား ကျွန်တစ်ယောက်သဖွယ် နှိမ်ချဆက်ဆံလာခဲ့၏။ ဒါပေမဲ့ … ရှင်ကြီးတို့သားအမိတွေကို လက်တုန့်မပြန်တော့ပါဘူး။ ကျုပ်သမီးလေးနဲ့ အေးအေးဆေးဆေး နေချင်လို့ပါနော်။ သားအရင်းလို မိမိကိုစောင့်ရှောက်လာခဲ့တဲ့ ထိန့်ကိုသမီးလေးနှင့် လက်ထပ်စေလိုသည်။

"ထိန်"

"ဗျာ"

"အိုကွယ် … ဘာမှမဟုတ်တော့ပါဘူး သားထိန်ရယ် … ကျေးဇူးတင်ကြောင်း ပြောမလို့ပါ"

"ထိန် သွားတော့မယ် … အစားတွေကိုလည်းစားပါ၊ တံခါးကိုလည်း မဖွင့်နဲ့နော်၊ အိပ်ရေးဝအောင် အိပ်ပါ"

"အင်း … "

ထိန် ပြန်ထွက်လာခဲ့သည်။ မေမေသီရိရှင်းကို ဘာကြီး



www.burmeseclassic.com

www.burmeseclassic.com



မတော်မတရား ကြံစည်မှာစိတ်ပူမိ၏။ သေသေချာချာ မှာရသေးသည်။ သူ မိဘတွေဆီ ပြန်ရောက်လာပြီး မဟာနွယ်စံအိမ်ကြီးထဲကနေ အမြန်ဆုံးထွက်နိုင်ဖို့ အစီအစဉ်တွေ လုပ်ကြရသည်။

"ကိုတိမ်လ ... ရှင့်ကိုတော့ နှင်း အားနာပါတယ်၊ ရှင့်တူက လူတွေကို စော်ကားလွန်းတယ်၊ ရှင့်အစ်ကိုကရောပဲ ... နှင်းတို့ဘာအမွေမှမယူဘူးနော်၊ ထားလိုက်တော့ ... နှင်းတို့ သန့်သန့်ရှင်းရှင်းလေးပဲ ပြောင်းကြမယ် ... ပြီးတော့ ဘဝကိုရပ်တည်မယ်"

"ကိုယ်လည်း သိပါတယ်နှင်း မတတ်နိုင်ဘူးလေ ... ကိုယ့်မိသားစုဖြစ်နေရပြီပဲ၊ သားထိန်အတွက် မယ်မယ်က စီစဉ်ပေးပါလိမ့်မယ်"

"မလိုဘူး ... နှင်းသားက အရည်အချင်းရှိပြီးသားပဲ၊ သူ့မြေးမကို လက်မထပ်တာနဲ့ နှင်းတို့ကို မောင်းထုတ်တာတော့ ကောင်းလား"

"မာမီရယ် ... ဖွားစံက သားကိုချစ်ပါတယ်၊ အခုတောင်တားနေပါသေးတယ်၊ မေမေသီရိရှင်းကိုလည်း ခေါ်သွားခွင့်ပြုတယ်"

"မယ်မယ်က သူ့သားကြီးအတွက် စိတ်ပူတယ်၊ ကိုယ်တို့လိုမဟုတ်ဘူးလေ ... သားထိန်ကိုလည်း မြေးအရင်းလိုချစ်တာပါ"

ဒေါ်နှင်းသခင်ကတော့ ယောက္ခမကြီးအကြော လုံးဝမခံနိုင်အတွက်ကြီးလွန်းနေသည်။ သီရိရှင်းလည်း သနားပါတယ်။ အပြင်ထွက်





ခွင့်ပြုပြီဆိုတော့လည်း မဆိုးပါဘူး။ စိတ်ကို လျှော့ထားလိုက်သည်။

"မာမီ"

"ပြော ... "

"တစ်ယောက်ကိုတစ်ယောက် အာဃာတတွေ မထားကြဘဲ မိသားစုဘဝလေးကို တည်ဆောက်ကြရအောင်ပါဗျာ"

"မာမီလည်း စိတ်လျှော့လိုက်ပါတယ်၊ ပြီးတော့လေ ဒေါက်တာချစ်ခြင်းဘုံနဲ့သား လက်ထပ်နိုင်အောင် ကြိုးစားစမ်းပါ"

ထိန် စဉ်းစားနေမိသည်။ မေမေသီရိရှင်းကို မာမီလက်ခံပေမယ့် မေမေသီရိရှင်းရဲ့သမီးဆိုရင် ဘုံ့ကို သဘောတူပါ့မလားဘဲ။ မာမီက မျိုးရိုးဂုဏ်နှင့်ကိုယ်ကျင့်တရားကို ကြည့်သူပါ။ သူ စိတ်မအေးနိုင်။ ဘုံကိုယ်တိုင်ကလည်း ငြင်းဆန်နေသည်။

"ဘုံ့ကို သား မချစ်ဘူးလား ... ဒေါက်တာချစ်ခြင်းဘုံလို မိန်းကလေးတစ်ယောက်က တွေ့ရဖို့ ရှားတယ်နော်"

"မာမီကရော ... ဘုံ့အကြောင်းသိပ်မသိသေးဘဲနဲ့ ဘာဖြစ်လို့ အရမ်းကြီး သဘောတူနေရတာလဲဗျာ"

"ဒေါက်တာ ချစ်ခြင်းဘုံကို ကြည့်ရတာ မာမီအရမ်းစိတ်ချမ်းသာတယ်၊ လိမ်မာယဉ်ကျေးတယ်၊ မိန်းကလေးပီသတယ် ... မာမီချွေးမလေးအဖြစ် လက်ခံချင်တယ်"

"ဘုံ့မိသားစုဝင်တွေအကြောင်း မာမီစုံစမ်းရမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"သားထိန်ရယ် ... မင်းဆန္ဒပါပဲ၊ မင်းနဲ့ဘဝတစ်သက်တာလုံး လက်တွဲရမယ့် မိန်းကလေးပါ ... မင်းနှစ်သက်ဖို့ပဲ အရေးကြီးတယ် လေ"

"မာမီ တကယ်ပြောတာလားဟင်၊ ဘုံ့မိသားစုဘဝလေး ဘယ်လိုဖြစ်လာမလဲ၊ ထိန်ကတော့ ဘုံ့ကိုချစ်တယ် ... နှစ်သက် တယ်၊ မြတ်နိုးတယ်၊ လောလောဆယ်တော့ ဘုံကလက်ထပ် လက်ခံမှာမဟုတ်ဘူး မာမီ"

"မာမီ ပြောပေးရမလား သား ... "

"နေပါစေ မာမီ ... သားအိမ်ထောင်ရေးအတွက် အရေး တကြီး မဆုံးဖြတ်သေးပါဘူး၊ မဟာနွယ်စံအိမ်ကြီးထဲကနေ ထွက် သွားဖို့ အဓိကပဲ"

"သားအိမ်ထောင်ရေးအတွက်လည်း မာမီစိတ်ပူတယ်၊ စီစဉ် ပေးရမယ် ... ဒေါက်တာချစ်ခြင်းဘုံလေးကိုတော့ မာမီ အရမ်း သဘောကျတယ်"

မာမီ ... ဘုံက ဒေါ်သီရိရှင်းရဲ့သမီးပါ။ မဟာနွယ်စံအိမ်ကြီး နဲ့ ရှုပ်ထွေးပတ်သက်ခဲ့တဲ့ ဒေါ်သီရိရှင်းရဲ့ သမီးလေးပါဗျာ။ ထိန် တော့ ဘုံ့ကိုပဲ လက်ထပ်မယ်။ တစ်နေ့နေ့မှာ ဘုံ့ကိုလက်ထပ် ဆုံးဖြတ်ထားသည်။

"သားထိန် ... မာမီတော့လေ ဟို ... ဒေါက်တာငွေစင်





လား၊ သူ့ကို မနှစ်သက်သလိုပဲ၊ တိမ်ပန်းချီနဲ့တွေ့ဆုံကြတာ မကြာ သေးဘူးထင်တယ်၊ မျက်လုံးတွေက တစ်မျိုးပဲ ... မာမီ သတိထား မိတယ်"

"တိမ်ပန်းချီက သားကိုအရွဲ့တိုက်ချင်တာပါ မာမီ ... အကောင်းဆုံးက သားတို့စိတ်မဝင်စားဖို့ပဲ"

တိမ်ပန်းချီ ဘာပဲလုပ်လုပ် သူစိတ်မဝင်စားမိ။ ဒေါက်တာ ငွေစင်က ဘယ်သူလဲ။ ထိန်လည်း မသက်ာမိ။ တိမ်ပန်းချီကလည်း ရုတ်တရက်ကြီး လက်ထပ်မယ့်ယောကျ်ားတစ်ယောက်ကို ခေါ် ခဆောင်လာခဲ့သည်။ တိမ်ပန်းချီ ဘာတွေများတိုင်ပင်ကြံစည်နေပြီ လဲ။ ထိန့်ကို ပထုတ်ဖို့ ကြံစည်တာပဲဖြစ်နိုင်၏။ ထိန် စိတ်မဝင်စား ပါဘူး။ ညီမလေးတစ်ယောက်ကဲ့သို့ နေထိုင်လာတဲ့ မိန်းကလေးကို သူ လက်မထပ်နိုင်ပေ။

"မာမီတို့ ပြောင်းရွှေ့ဖို့ပဲ လုပ်ကြတော့၊ ဒေါက်တာချစ်ခြင်း ဘုံလည်း အပြင်ကိုထွက်ခွင့်ရှိလာမှာပါ ... မာမီတို့ မိသားစုဘဝ ပြန်စကြမယ်"

ငွေလထိန် ရွှေ့ပြောင်းဖို့ကိစ္စတွေကို အလျင်အမြန် စီစဉ်နေ သည်။ လုပ်ငန်းတွေ လွှဲဖို့ ဘဘကြီး တိမ်ရဲမာန်က တောင်းဆိုနေ ၏။ ဖွားစံ လွှဲခိုင်းတာက တရားဝင်မဟုတ်သေးပေ။ ဦးတိမ်ရဲမာန် က သုံးစွဲချင်နေပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းလည်း ဒီကနေထွက်သွားရတော့မှာပဲထိန်၊ ငါ့ကို အားလုံးလွှဲခဲ့ပါ"

"ဖွားစံက တရားဝင်လွှဲဖို့ စေခိုင်းတဲ့လူကို ထိန်အမြန်ဆုံးလွှဲပေးမှာပါ ဘဘကြီး ... "

"ဘာကွ ... မင်းတော်တော် ကတ်သပ်တဲ့ကောင်ပဲ၊ မယ်မယ်ကိုယ်တိုင်က လွှဲပေးဖို့ ပြောထားတယ်လေ"

"ကျွန်တော် လွှဲပေးမှာပါ ဘဘကြီး၊ ဘာမှလည်း မမက်မောပါဘူး ... ကျွန်တော်တို့မိသားစုရော မေမေသီရိရှင်းရော အားလုံးဒီကနေ ထွက်သွားဖို့ ဖွားစံက လက်ခံသဘောတူထားပြီးပါပြီ"

"မှင်း ... မင်း ဘာစကားပြောတာလဲ ငွေလထိန် ... သီရိရှင်းက ငါ့မိန်းမလေ၊ မင်းက ဘာဖြစ်လို့ အပြင်ကိုခေါ်ထုတ်သွားချင်ရတာလဲ"

"ဆေးကုသပေးဖို့ပါ၊ ဖွားစံလည်း သဘောတူထားပါတယ်၊ ဘဘကြီးလည်း ပေါင်းမှမပေါင်းတော့တာဘဲ ... ကျွန်တော့်ကို ခေါ်သွားခွင့်ပြုပါ ... "

"ငွေလထိန် ... မင်းနဲ့ဘာဆိုင်လို့လဲကွ၊ သီရိရှင်းက ငါ့မိန်းမလေ၊ ငါ့ဟာငါ ပေါင်းချင်ပေါင်းမယ်၊ မပေါင်းချင် မပေါင်းဘူး ... မင်းနဲ့ ဘာဆိုင်လဲ၊ မင်းဟာမင်းပဲ ထွက်သွား ... ငါခွင့်မပြုဘူး"

"ဘဘကြီး ... အဲဒီလိုမလုပ်ပါနဲ့၊ ကျွန်တော် အရာအားလုံး





ကို စွန့်လွှတ်ခဲ့ပြီပဲ ... မေမေသီရိရှင်းကို မထားခဲ့နိုင်ဘူး၊ ဖွားစံကလည်း သဘောတူထားခဲ့ပြီးပါပြီ"

"ဟေ့ကောင် ငွေလထိန် ... မင်းလူပါးဝလှချည်လားကွ၊ ငါ့မိသားစုကိစ္စမှာ ခင်းပါနေစရာမလိုဘူး၊ သီရိရှင်းကို ထားခဲ့ရမယ်၊ လုံးဝ ခေါ်ခွင့်မပြုနိုင်ဘူးကွ ... "

ဦးတိမ်ရဲမာန် ဒေါသတကြီးနှင့် အော်ဟစ်နေသည်။ သမီးတိမ်ပန်းချီနှင့်ချစ်သူ ဒေါက်တာငွေစင် ရောက်လာ၏။ ပြဿနာတွေက အကြီးအကျယ် ပေါက်ကွဲတော့သည်။

"ဖေဖေကလည်း ... ဒီအရူးမကို ခေါ်သွားပါစေ၊ ဘာဖြစ်လို့ခွင့်မပြုနိုင်ဘူးဖြစ်နေရတာလဲ၊ ခေါ်သွားပါစေ ... ခေါ်သွား၊ ရှင်တို့မိသားစုလည်း အမြန်ဆုံး ဒီကနေထွက်သွားကြတော့၊ ကပ်ရပ်မနေကြနဲ့ ... "

ငွေလထိန် ချာခနဲ လှည့်ထွက်လာခဲ့သည်။ သူ့နောက်သို့လိုက်လာသူက ဒေါက်တာ ငွေစင်ပင်။

"ဟေ့လူ ... ခဏလောက်နေပါဦး"

"ခင်ဗျားနဲ့ မဆိုင်တဲ့ကိစ္စ ဝင်မပါပါနဲ့ ဒေါက်တာ"

"ဆိုင်တယ်ကွာ ... တိမ်ပန်းချီက ငါနဲ့လက်ထပ်တော့မယ့်သူလေ ... မင်းကိုကြည့်ရတာ နည်းနည်းလေးမြှောက်နေပုံပဲ၊ ငါ့ယောက္ခမလောင်းကြီးကို မင်းက မလေးမစားနဲ့ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ခွပ် ..."

"ဟာ ... ဟေ့လူ"

"ထိုးတယ်ကွာ ဘာဖြစ်လဲ"

"ခွပ် ... ခွပ် ..."

ငွေစင်ကတော့ ငွေလထိန်ဆိုတဲ့ကောင်ကို ထိုးချင်နေတာကြာပြီဖြစ်သည်။ သူ့ချစ်သူကို လုချင်တဲ့ကောင်။ နောက်ကနေ တိမ်ပန်းချီကရောက်လာပြီး ဝင်ဆွဲထား၏။ တိမ်ပန်းချီတို့သားအဖက သူ့ဘက်မှ ငွေလထိန်အား ဆူပူကြိမ်းမောင်းနေသည်။

အခန်း ( ၁၆ )

မယ်မယ်ကိုယ်တိုင်က သီရိရှင်းကို ခေါ်သွားခွင့်ပြုနေသဖြင့် ဦးတိမ်ရဲမာန် ဘယ်လိုမှ တားဆီးပိုင်ခွင့်မရှိတော့။ ငွေလထိန်တို့သားစုက အမွေတွေ စွန့်လွှတ်၍ ထွက်သွားကြတော့မည်ဖြစ်သည်။

"သားကြီးရဲမာန် ... မယ်မယ်စကားကို နားထောင်ပါ။ သီရိရှင်းရှိနေတာ မင်းအတွက် အကောင်းမရှိနိုင်ဘူး။ ခေါ်သွားပါစေ၊ မြေးထိန်က တာဝန်ယူမှာပဲ ... လွှတ်ပေးလိုက်တော့"

"ဒီကောင်က သီရိရှင်းကို အသုံးချပြီး သားတို့ကို ပြဿနာရှာနေရင် ဘယ်လိုလုပ်မလဲ မယ်မယ် ..."

"မြေးထိန်ကို မယ်မယ် ယုံတယ် ... မဟာန္တယ်စံအိမ်ကြီး ပျက်သိက္ခာမဲ့အောင် ဘယ်တော့မှ မလုပ်ဘူးဆိုတာပဲ"

မြေးထိန် မျက်နှာပေါ်မှာ ဒဏ်ရာတွေရှိနေသည်။ မိမိ စိတ်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဖြစ်ရ၏။ ထိမ်ပန်းချီချစ်သူက ထိုးတာတဲ့။ ဘာဆိုင်လို့လဲ။ မိမိငယ်ငယ်လေးထဲက ကျွေးမွေးစောင့်ရှောက်ထားရတဲ့ မြေးပါ။ သွေးသားမတော်စပ်ပေမယ့်လည်း သံယောဇဉ်ကြီးရ၏။ သူ့သားကိစ္စအတွက် နှင်းသခင် အကြီးအကျယ် ဒေါသတွေပေါက်ကွဲပြီး ချက်ချင်းပဲ ပြောင်းရွှေ့ဖို့ စီစဉ်သည်။

"ကျွန်တော်ကတော့ ဘယ်လိုပဲဖြစ်ဖြစ် မေမေသီရိရှင်းကို ခေါ်သွားရပါလိမ့်မယ် ... အဖွားစံ ပြောသလိုပဲ မဟာနွယ်စံအိမ်ကြီး ဂုဏ်သိက္ခာမဲ့အောင် ထိန် ဘယ်တော့မှ မလုပ်ပါဘူး"

"မင်း ... ခေါ်သွားပါ။ မဟာနွယ်စံအိမ်က မိသားစုဝင်တွေ ကိုယ်စား ဖွားစံ တောင်းပန်ပါတယ် ... "

"ဖွားစံက ဘာဖြစ်လို့အောက်ကျခံပြီး တောင်းပန်နေရတာလဲ ... အဓိပ္ပာယ မရှိတာဘဲ ... "

ထိန်ကတော့ ဖွားစံအခန်းထဲကနေ ထွက်လာခဲ့သည်။ ဒေါက်တာငွေစင်က သူ့ကို ဒေါသတကြီး ဝင်ထိုးတာကို နားမလည်နိုင်ပေ။ မျက်နှာပေါ်မှာ အညိုအမဲ စွဲသွားခဲ့ရသည်။

"ကိုငွေလထိန်"

"ဟင် ... ဘုံ"

"မျက်နှာပေါ်က ဒဏ်ရာအတွက် ဆေးပေးဖို့ စောင့်နေတာပါ"





ကိုငွေစင် ထိုးကြိတ်တာကို ဘုံသိ၍ စိတ်မကောင်းဖြစ်ရသည်။ သူ့မကြောင့်ပါ။ ကိုငွေလထိန်က အပြစ်မဲ့သူ။

"ကိုယ့်အတွက် စိတ်မကောင်းမဖြစ်ပါနဲ့ ဘုံရယ် ... မကြာခင် ကိုယ်တို့လွတ်မြောက်တော့မှာပါ၊ မေမေသီရိရှင်းကို ခေါ်ထုတ်နိုင်ဖို့ ကိုယ် ဘယ်သူ့ကိုမဆို အတိုက်အခံလုပ်ရမှာပဲ ဘုံ"

"ကျေးဇူးတင်ပါတယ် ကိုငွေလထိန်ရယ် ... မေမေ့ကိုပဲ ကယ်တင်ပေးပါ"

"ဘုံရော ... "

"ဖွားစံက ဆက်နေခိုင်းနေတယ်၊ ဘုံက စာချုပ်ရှိသေးတယ်လေ"

ဘုံလည်း မနေချင်တော့ပါဘူး။ ဖွားစံက တိမ်ပန်းချီချစ်သူကို မယုံသေးပေ။ ကိုငွေလထိန်ကို မဆီမဆိုင်ဝင်ပြီး ထိုးနှက်၍လည်း ဒေါသတွေဖြစ်ပြီး သွေးတက်ချင်နေသည်။

"ဖွားစံကို ဘုံစောင့်ရှောက်ရဦးမယ်၊ စာချုပ် မပြည့်ခင် ဘုံ ထွက်သွားလို့မှ မရတာ"

"စိတ်ချပါ ... မေမေ လွတ်မြောက်သွားဖို့ပဲလေ၊ ဘုံက မကြာခင် လွတ်မြောက်တော့မယ်လေ ... "

ဘုံ့ဘဝက အခက်အခဲတွေ အများကြီးနဲ့ ရင်ဆိုင်ဖြတ်သန်းရဦးမှာပါ ကိုငွေလထိန်ရယ်။ ဆေးဗူးလေးပေးပြီး သူမ လှည့်ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘုံ"

"ဟင် ... ရှင် ... ရှင် ... "

"မောင်ပါ"

"တိမ်ပန်းချီ တွေ့သွားရင် မကောင်းပါဘူး ကိုငွေစင်"

"ဘာပြောတယ်ဘုံ ... မောင်က တိမ်ပန်းချီကို လက်ထပ်မယ်များ ထင်နေလားကွ"

"ဘုံ တောင်းပန်ပါတယ် ကိုငွေလထိန်နဲ့ဘုံလည်း ဘာမှ မဆိုင်ပါဘူး"

"မင်း ... ဆေးဗူးတွေသွားပေးတာ မဟုတ်လား၊ မင်းက ဘာဖြစ်နေရတာလဲ ... ပြောလေ ... "

"သူ ... သူက ဘုံ့ကို ကူညီနေခဲ့တာပါ၊ မိတ်ဆွေအစစ်ပါပဲ၊ ဘုံ့ကို လွှတ်ပေးလိုက်ပါတော့"

"မင်းအခန်းကို ဖွင့်လိုက်ပါ ဘုံ ... "

"ဟင် ... ဘာလုပ်ဖို့လဲ၊ မသင့်တော်ပါဘူး၊ တိမ်ပန်းချီ တွေ့သွားရင် ပြဿနာတွေက မိုးမီးလောင်သွားမှာပါ"

"လောင်လောင်ကွာ ... မင်းအခန်းကို ဖွင့်စမ်း"

ကိုငွေစင်က သူမ အိပ်ခန်းဝက စောင့်နေတာပါ။ သူမ ကြောက်လန့်တကြား ဖြစ်နေသည်။

"မင်းကို ငါ ဘယ်တော့မှ လွှတ်မပေးဘူးဘုံ၊ ငါပြောထားပြီး ပြီပဲ၊ မင်း ငါ့ရဲ့ ဒုတိယမယားနေရာကနေဖို့ အဆင်သင့်ပြင်ထားဆို





တာလေ"

"ရှင် ... ရှင် မယုတ်မာနဲ့နော်၊ ကျွန်မ သည်းခံနေလို့ အကောင်းထင်မနေပါနဲ့၊ ရှင့်ရဲ့ အနိုင်ကျင့်စိုးမိုးမှုကို ကျွန်မ လုံးဝ မခံနိုင်တော့ဘူး ... ရှင် ထွက်သွားပါ"

မေမေ အပြင်မရောက်သေး၍ ဘုံ သည်းခံနေခဲ့ပေမယ့် ကိုငွေစင်က ယုတ်မာရက်စက်ဖို့ ကြံစည်နေသည်။ သူစော်ကားချင် တိုင်း စော်ကားလို့ရမည် ထင်နေ၏။ ဖြစ်ချင်ရာဖြစ် ဆန့်ကျင်ပြစ်ဖို့ ပဲ ဆုံးဖြတ်ထားသည်။

"တိမ်ပန်းချီက အရမ်းချမ်းသာတဲ့ကောင်မလေးပါ၊ ဘုံ့မှာက တိုက်ခန်းလေးတစ်ခန်းပဲ မိဘအမွေအနှစ်ရှိတာပါ၊ ကိုငွေစင် ရှင် သာတာကို အမြဲတမ်းလိုလားခဲ့တာ မဟုတ်လား"

"ဟား ဟား ဟား ... "

"ရှင် ... ရှင်"

"မင်းက မောင့်ကို လျှော့တွက်ထားတာကိုးဘုံ ... မင်း လည်း ငွေလထိန်ကို ရွေးချယ်လိုက်တာ ရုပ်ချောလို့ အစွမ်းအစရှိလို့ မိဘကချမ်းသာလို့ ... ဒါမျိုးလား ... "

သူကတော့ ချစ်ခြင်းဘုံကို လက်မထပ်ချင်ရင်တောင် သူမ ဘဝကို အစိတ်စိတ်အမွှာမွှာဖြစ်စေရန် ဖျက်စီးပြစ်ရမည်ဖြစ်သည်။ ငါက အတ္တကြီးတဲ့ကောင်ပဲ ချစ်ခြင်းဘုံ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ဒီအတိုင်းလွှတ်ပေးဖို့ဆိုတာတော့ မဖြစ်နိုင်ဘူးထင်တယ်၊ မင်းကိုကြည့်လိုက်ရင် သစ္စာရှိသလိုလို ဣန္ဒြေသိက္ခာကြီးမားသလိုလိုနဲ့ ငါ့ကို ဒါမျိုးအချိုး လာချိုးလို့မရဘူးနော် ... "

"ရှင် ... ရန်ကုန်ကိုပြန်ပါ၊ ကျွန်မကိုစောင့်နေပေးပါ၊ ဒီမှာကိစ္စတွေဖြေရှင်းပြီးရင် ကျွန်မ ရှင့်ကိုလက်ထပ်မယ်လို့ ပြောထားပြီးပြီပဲ"

"မင်းနဲ့လက်ထပ်ဖို့တော့ ငါ့မှာဆန္ဒမရှိတော့ဘူး၊ ဒါပေမဲ့ မင်းရဲ့ အပျိုစင်ဘဝကိုတော့ ငါရယူရလိမ့်မယ် ... တံခါးဖွင့် ... "

"မဖွင့်ဘူး ... ရှင် ထွက်သွားပါ၊ ကျွန်မ ရင်ဆိုင်ဖို့အဆင်သင့်ပဲ"

"မင်း တော်တော်လေး သတ္တိတွေရှိနေပါလား ချစ်ခြင်းဘုံ"

"ဖယ်ပါ"

မေမေ ထွက်ခွာခွင့်မရသေး၍ ဘုံ ပြဿနာ မဖြစ်လိုသေ ဒါပေမဲ့ ... မတရားစော်ကားခံရမှာတော့ လက်မခံနိုင်ပါဘူး။ သူက ဘုံ့အား အတင်းအကြပ်ဖက်ဖို့ ပြင်နေစဉ် တိမ်ပန်းချီ ရောက်လာ၍ ကံကောင်းသွားသည်။

"ကိုကို ဘာလုပ်နေတာလဲ ... ပန်းချီက ပျောက်သွားလို့ လိုက်ရှာနေတာလေ"

"ဒီမှာ ... ကိုကို လမ်းပျောက်နေတာလေ ပန်းချီ၊ ဒေါ်





တာနဲ့တွေ့လို့ မေးနေရင်း ဆွေမျိုးစပ်နေတာပါ"

သူက တိမ်ပန်းချီကိုဖက်၍ ပြောနေသည်။ ဘုံ ဒေါသဖြစ်မိ၏။ သူ့မျက်လုံးတွေထဲမှာ ဒေါသရောင်တွေ လက်လက်ထနေသည်။

"ကိုကိုနော် ... ဒီဒေါက်တာမက ပြုစားတတ်တယ်၊ သတိထားနေ ... ပန်းချီ့ဆီကဆို အရမ်းလုချင်နေတာ"

"တိမ်ပန်းချီ ... မင်းစကားပြောတာ ဆင်ခြင်ပါ၊ လူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို မချချင်ပါနဲ့၊ ဘုံနဲ့ကိုငွေလထိန်တို့ ဘာမှ မပတ်သက်ဘူးနော်"

"ဘာမပတ်သက်တာလဲ၊ ရှင်နောက်လာမှ ကိုကိုက ငါ့ကို စိမ်းသွားတာ ... ငါတို့မိသားစုဝင်တွေ စိတ်ဝမ်းကွဲရတာလေ"

ဘုံဆက်ပြီး မပြောချင်တော့ပေ။ မေမေလည်း ထွက်သွားတော့မှာပဲ။

"ဒေါက်တာ့ကို ဘယ်လိုပြောနေတာလဲ ပန်းချီ ... မဟာနွယ်စံအိမ်ကြီးထဲမှာ မရှိမဖြစ်လူတစ်ယောက်လေ ... "

"နောက်တစ်ခါ သူနဲ့အရောတဝင်လုပ်တာ မကြိုက်ဘူး၊ ကိုကို ဆင်ခြင်ပါ ... "

ရှင် ဝဲ့လည်နေပြီ မဟုတ်လားကိုငွေစင်။ ကျွန်မကို နှိပ်စက်သမျှလေ တိမ်ပန်းချီက လေသံမာကျောလွှန်းသည်။ ကိုငွေစင် ငြိမ်သက်သွား၏။ ဘုံကတော့ မကြာခင် မဟာနွယ်စံအိမ်ကြီးကနေ ထွက်သွားဖို့ပဲ ဆုံးဖြတ်ထားသည်။ သူမ အိပ်ခန်းထဲဝင်လာခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



တံခါးကို ပိတ်ပြစ်လိုက်၏။ ကိုငွေခင်ကို ကြောက်ရတယ်။ ဘုံလည်း ဂုဏ်သိက္ခာအညှိုး မခံနိုင်ပါဘူး။ နောက်တစ်ယောက်ကိုတွေ့လို့ ချစ်သူအပေါ်သစ္စာမဲ့သွားတဲ့ မိန်းကလေးအဖြစ် အမဲစက်အထင် မခံနိုင်ပါဘူး။

"ကိုငွေလထိန်ရယ် ... ဘုံ့အပေါ် စေတနာ မေတ္တာတွေ မထားပါနဲ့ ... မေ့ပစ်လိုက်ပါ"

မေမေကိုယ်တိုင်ကပင် ကိုငွေလထိန် စောင့်ရှောက်နေလို့ ပါတဲ့။ ကျေးဇူးတွေ တင်ပါတယ်နော်။ ဘုံလည်း မဟာနွယ်စံအိမ် ကြီးထဲမှာမနေချင်တော့ပါဘူး။ ဘုံ အိပ်စက်လို့ပင်မရ၊ စိတ်တွေ ရှုပ်ထွေးနေသဖြင့် အိပ်ပျော်စေရန် အတော်လေးကြိုးစားနေရသည်။

"မင်း ... ငါ့ရဲ့ဒုတိယမယားနေရာမှာ နေဖို့ပဲအသင့်ပြင်ထား စမ်းပါ ချစ်ခြင်းဘုံ"

သူမ အလွန်အမင်းကြောက်ရွံ့ထိတ်လန့်နေခဲ့သည်။ အကောင်းဆုံးက မဟာနွယ်စံအိမ်ကြီးထဲကနေ ထွက်သွားဖို့ပင်။ ကိုငွေလထိန်တို့လည်း ပြောင်းရွှေ့တော့မယ်။ သူမ ညဥ့်နက်မှ အိပ် ပျော်သွားပြီး မမြခင် လာနှိုးမှ နိုးသည်။

"မမဒေါက်တာ ... ဘာဖြစ်လို့ နေမြင့်တဲ့အထိ အိပ်နေရတာ လဲ ... အဖွားစံ ခေါ်ခိုင်းလို့ပါ"

"ဟုတ်သားပဲ မမြခင်ရယ် ... ဘုံ မနက်အစောကြီးထပြီး ဖွားစံကို ကျန်းမာရေးစစ်ဆေးပေးရဦးမယ်"





သူမ ထသည်။ ညက သူမ အိပ်မပျော်။ စိတ်တွေတုန်လှုပ် ချောက်ချားနေရ၏။ မဖြစ်နိုင်တော့ဘူးထင်တယ်။ ကိုငွေစင်က သူမအား တစ်စုံတစ်ခုတော့ အကောက်ကြံတော့မည်ဆိုတာ သိ သည်။ ဘယ်လိုရှောင်တိမ်းရမှန်းပင် မသိ။ မေမေ လွှတ်မြောက် သည်နှင့် ဖွားစံထံ ခွင့်ပန်ပြီး ပြန်ဖို့စဉ်းစားထား၏။ သူမ ပြင်ဆင် ၍ ဖွားစံ အခန်းထဲရောက်လာခဲ့သည်။

"ဖွားစံ ... တောင်းပန်ပါတယ်နော် ... ဘုံ အိပ်ရာထနောက် ကျသွားပါတယ်၊ ဖွားစံကို ကျန်းမာရေးအတွက် လေ့ကျင့်ခန်းလုပ် ပေးရဦးမယ်"

"ဒေါက်တာ"

"ရှင် ... "

"ဖွားစံ အနားမှာပဲနေပေးပါဦးနော် ... တိမ်ပန်းချီ ချစ်သူကို ဖွားစံ စိတ်မချသလိုဘဲ"

"ဒေါက်တာငွေစင်ရှိလျက်နဲ့ ဘုံရှိနေလို့ ဖြစ်ပါ့မလား အဖွားစံ ရယ် ... ပန်းချီ့အကြောင်းလည်း အသိဆုံးပဲလေ"

"ဖွားစံလည်း စိတ်မကောင်းပါဘူး၊ မြေးထိန်ကို လက်လွှတ် ဆုံးရှုံးလိုက်ရတာ အဖွားစံ အရမ်းဝမ်းနည်းကြေကွဲနေရတယ်ကွယ်၊ ဖွားစံအရင်လို မဟုတ်တော့ဘူး၊ တစ်ချိန်က အတ္တတွေကြီးခဲ့တာ တွေ ကြောက်ရွံ့တုန်လှုပ်လာရတယ် ... အသက်ရှုလို့တောင် မော



www.burmeseclassic.com

www.burmeseclassic.com



ဘူး”

အဖွားစံရဲ့ မျက်ဝန်းတွေက ယခင်ကကဲ့သို့ မာန်မာနတွေနှင့် တင်းမာမနေတော့။ လောကဒဏ်ရဲ့ ရိုက်ပုတ်မှုတွေကို နောင်တရနေပုံပါပဲ။ မေမေနှင့်ပတ်သက်ပြီးတော့လည်း ပြောသည်။

“တစ်ချိန်က အဖွားစံ အတ္တတွေကြီးပြီး အပြစ်မရှိတဲ့မိန်းမတစ်ယောက်ကို နှိပ်စက်ခဲ့တယ် ... သီရိရှင်းလေ ... သားကြီးရဲ့မိန်းမပဲ၊ လင်ကြီးငုတ်တုတ်နဲ့ လင်ငယ်နောက်လိုက်လာလို့ အကျင့်ပျက်မဆိုပြီး ကျွန်တစ်ယောက်လို ဆက်ဆံပြုမူခဲ့တယ်”

ဒေါ်တိမ်နန်းစံ ဝန်ခံလည်တာဟုပဲထင်သည်။ သီရိရှင်းကိုလွှတ်ပေးလိုက်တော့မယ်။ မဟာနွယ်မှာ တစ်နေ့မှအေးချမ်းသည်မရှိခဲ့။ ပြဿနာတွေနှင့် ရှုပ်ထွေးနေ၏။ တိမ်ပန်းချီခင်ပွန်းလောင်းဒေါက်တာငွေစင်ကိုပင် စိတ်ထဲမှာတစ်မျိုးကြီး ခံစားနေရသည်။

“နောက်ဆုံးတော့ အဲဒီအတ္တတွေကမှားတယ် ... ဖွားစံလည်း ဒုက္ခတဘဝရောက်ရ မိသားစုတွေအားလုံး ပျော်ရွှင်ရတယ်မရှိပါဘူး ဒေါက်တာ ... ”

“ဖွားစံ အခုလိုအသိဝင်လာတာ နောက်မကျသေးပါဘူးရှင်အခု ... ဖွားစံလုပ်ခဲ့တာတွေ ကောင်းပါတယ်”

ဒေါ်သီရိရှင်းက ဘုံ့မေမေဟုပြောရန် ဘုံတွန့်ဆုတ်နေသည်





တစ်ခါတလေ ကိုငွေလထိန်မှာမီ ဒေါ်နှင်းသခင်သိသွားမှာလည်း ကြောက်မိ၏။ သူမစိတ်ထဲမှာ ဒေါ်နှင်းသခင် အထင်သေးမှာအကြောက်ကြီး ကြောက်နေမိသည်။

“ဒေါက်တာဘုံပဲ ဖွားစံအနားမှာ ဆက်နေပေးပါ၊ တိမ်ပန်းချီကို ဂရုစိုက်စရာမလိုဘူး ... ဒီကောင်မလေးကလည်း အရေးပေးရင် ထင်ရာစိုင်းချင်တယ်”

“မိသားစုကိစ္စတွေမှာ ဘုံမပါဝင်ပါရစေနဲ့ ဖွားစံ ... အခုကျန်းမာရေးစစ်ဆေးမယ်နော်၊ ပြီးတော့ ... ခြံထဲဆင်းမယ်”

“အင်း ... ဖွားစံလည်း အရင်ကလို ကိုယ့်မိသားစုဝင်တွေအကြောင်း ပတ်ဝန်းကျင်က သိမှာမကြောက်တော့ပါဘူး ဒေါက်တာ ... ရင်ထဲမှာ မွန်းကြပ်နေလွန်းလို့ ရင်ဖွင့်ပြချင်တယ်”

ဘုံကတော့ မဟာနွယ်မိသားစုတွေကို ကြောက်မိသည်။ ကင်းကင်းရှင်းရှင်းနေချင်၏။ ကိုငွေစင်ကြောင့် ဘုံသေတော့မယ်။ ကိုငွေလထိန် အထင်သေးမှာလည်း စိုးရိမ်နေ၏။ ဘုံ ဘယ်လိုမှ မပျော်ရွှင်နိုင်ဘဲ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၇ )

ဒေါ်သီရိရှင်း လွှတ်မြောက်ဖို့ လမ်းစက ပေါ်လာ၍ တစ်ယောက်ထဲ ပျော်ရွှင်ကျေနပ်နေမိသည်။ သမီးလေးကို ခဏလေးထားခဲ့ရမှာပင် စိတ်မအေးနိုင်။ သားထိန်ကတော့ မေမေသီရိရှင်း ထွက်တာနဲ့ ဘုံလည်း နောက်ကနေလိုက်လာမှာပါတဲ့။ သမီးကိုတော့ ခဏလေးပဲဖြစ်ဖြစ်တွေ့ပြီး သတိပေးရမယ်။

"ဖွားစံက ဗွတ်အတင်းပဲ မေမေသီရိကို ထွက်ခွင့်ပေးခဲ့တာပါ။ ဘဘကြီးတိမ်ရဲမာန်က သိပ်သဘောမတူချင်ဘူး ... သူ့မိန်းမတဲ့တားနေတယ် ... "

သားထိန်ပြောတဲ့စကားတွေကို ကြားရတော့ ငါ့မိန်းမဆိုတဲ့ ကိုတိမ်ရဲမာန်ရဲ့စကားတွေအတွက် ဒေါသထွက်ရသည်။ မိမိအတွက် ဘဝနဲ့ရင်းပြီး ပေးဆပ်ခဲ့ရတာ။ ရှင်ယုတ်မာလို့ပဲ။

"မင်း ... ငါ့အမေထားရာမှာနေ့ စေရာကိုသွား၊ ခိုင်းတာလုပ်





ပါ သီရိရှင်း ... မင်းလည်း နန္ဒဘုံနဲ့နေရတုန်းက ဟိုကောင့်ရဲ့အစေအပါးကျွန်ပဲလေ"

"ရှင် ... ကျွန်မကို အရမ်းချစ်တယ်ဆို တာဝန်ယူပါ့မယ်ဆို၊ ရှင့်အမေကို ဘာဖြစ်လို့ ကျွန်မက လင်ကြီးကိုထားခဲ့ပြီး လင်ငယ်နောက်လိုက်ခဲ့ရပါတယ်လို့ ပြောရတာလဲ"

"ငါမပြောပါဘူး ... ငါ့မယ်မယ်သိသွားတာလေ၊ ငါ့မှာငွေမရှိဘူး၊ လုပ်ငန်းတွေ မအောင်မြင်ဘူး ... မင်းကို ဘယ်လိုတာဝန်ယူမလဲ၊ ဒီမဟာနွယ်ခြံကြီးထဲမှာ လက်ခံထားတာတောင် ကျေးဇူးတင် ... "

"ကျွန်မမိသားစုဆီ ပြန်မယ် ... ရှင့်ကိုလည်း မပေါင်းဘူး၊ ကိုနန္ဒဘုံက လက်မခံလည်း ကျွန်မခြေသလုံးဖက်ပြီး တောင်းပန်မယ်"

"ဖြန်း"

"ဟင်"

"နောက်တစ်ခါ ဒီခြံကြီးထဲကနေ ထွက်သွားမယ်လို့ပြောရင် ခင်းအသေပဲ ... မင်းကတော့ ငါ့မိန်းမအဖြစ် ထာဝရရှိနေစေရမယ်"

"ရှင် မယုတ်မာပါနဲ့၊ ရှင်က ကျွန်မကို တန်ဖိုးထားချစ်မြတ်နိုးတဲ့ ယောကျ်ားတစ်ယောက်လက်ထဲက လုလာခဲ့တာ၊ ရှင်က ပိုပြီး တန်ဖိုးထားသင့်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... နန္ဒဘုံက မင်းအပေါ် တန်ဖိုးထားမြတ်နိုးတဲ့ ယောကျ်ား ... ဟုတ်လား ... ငါ့ကို မင်းပြောပြတာတော့ နန္ဒဘုံက မင်းကိုပြစ်ပယ်ထားတယ်ဆို၊ အစေအပါး ကျွန်တစ်ယောက်လိုပဲ သဘောထားပါတယ်ဆို"

"ကျွန်မ အရမ်းမှားသွားတယ်၊ ရှင့်ကိုယုံမိတာလေ ... ဖြား ယောင်းသွေးဆောင်ပြီး ကျွန်မကို အရယူခဲ့တာက ရှင်ပဲ ... ကျွန်မ ရိုးသားဖြူစင်တဲ့ မိန်းမပါ"

"ဟား ဟား ဟား ... မင်း ဘယ်လောက်ပဲ ရိုးသားပါတယ် ပြောပြော မင်းက လင်ကြီးငုတ်တုတ်နဲ့ လင်ငယ်နောက်လိုက်လာခဲ့ တာလေ ... အဲဒါ ရိုးသားဖြူစင်တာလား"

"ရှင် ... ရှင် ... "

"ငါ့မှာ နောက်မိန်းမတစ်ယောက်ရှိတယ်၊ သမီးလေးတစ် ယောက်တောင် မွေးထားပြီးပြီ ... မင်းက ငါနဲ့ကလေးမရအောင် တားဆေးတွေ သောက်တယ်၊ မင်းလင်ကြီးနဲ့ရတဲ့သမီးကြောင့် မဟုတ်လား"

"လူယုတ်မာ"

"ဖြန်း"

"ဖြန်း"

ဒေါ်သီရိရှင်း စိတ်သောကတွေ ခံစားရလွန်း၍ စိတ်ဝေဒနာ





ရှင်ဘဝကို ရောက်သွားခဲ့ရသည်။ သားထိန်ကြောင့် ... သမီးကိုပါ အသိအမှတ်ပြု၍ ခေါ်လာခဲ့၏။ မိမိကို မိထွေးဆိုပြီး နှိပ်စက်တတ် ၏။ ဒေါ်တိမ်နန်းစံက မြေးအကြိုက်ပဲ လိုက်ခဲ့သည်။

"မေမေသီရိရှင်းရယ် ... အာဃာတတွေ မထားပါနဲ့တော့ဗျာ မဟာနွယ်စံအိမ်ကြီးထဲကနေ ထွက်ခွင့်ရပြီပဲ ... ဘဝသစ်ကို ပြန်စ ကြမယ်"

မနက်ဖြန်ဆို မဟာနွယ်စံအိမ်ကြီးထဲကနေ ထွက်သွားရ တော့မည်။ သမီးလေးကို နှုတ်ဆက်ချင်တယ်။ သတိလည်း ပေးရ မယ်။ ရှုပ်ထွေးပွေလီနေတဲ့ စံအိမ်ကြီးထဲကနေ အမြန်ဆုံးထွက်နိုင် အောင် ကြိုးစားပါလို့ ပြောချင်သည်။ လူခြေတိတ်သည်နှင့် တံခါးကိုဖွင့် လိုက်၏။ မိမိအပြင်ထွက်မည်ပြုစဉ် လူတစ်ယောက်က မိမိခန္ဓာ ကိုယ်အား တွန်းဖယ်၍ အခန်းထဲဝင်လာသည်။

"ဟင် ... ရှင် ... ရှင် ... "

"တိမ်ရဲမာန်လေ ... မင်းလင်ပါ"

"ရှင် ဘာလာလုပ်တာလဲ၊ ကျွန်မ အော်ပစ်လိုက်မှာနော်"

"သီရိရှင်းရယ် ... မင်းက မနက်ဖြန်ဆို ဒီကနေ ထွက်သွား တော့မယ်လေ ... တကယ်တမ်းကျတော့ ကိုယ်က မင်းလင်ပါ၊ ခွဲနိုင်ဘူး သီရိ ... အရမ်းခံစားရလို့ပါ"

ကိုတိမ်ရဲမာန်၏ ခန္ဓာကိုယ်မှာ အရက်နံ့တွေက ထောင်း



www.burmeseclassic.com

www.burmeseclassic.com



ထောင်းထနေသည်။ အတော်လေးလည်း မူးယစ်နေ၏။ ဒေါ်သီရိ ရှင်းကတော့ လူယုတ်မာကြီး ဦးတိမ်ရဲမာန်ကို မယုံပေ။ ရုန်းရှာမုန်းတီးစွာ ငြင်းဆန်ပြီး အပြင်ထွက်ပြေးဖို့ပဲ ကြိုးစားနေသည်။

"မင်းအပြင်ထွက်မလို့လား၊ ဘယ်သွားမှာလဲ သီရိရှင်းရယ် မနက်ဖြန်မှာ ခွဲရတော့မယ်လေ … ကိုယ်ကတော့ မင်းကိုထွက် မသွားစေချင်ဘူးကွာ"

"ရှင် … ဘာယုတ်မာမလို့လဲ … လွှတ်နော်"

"မလွှတ်ဘူးကွာ … လင်မယားချင်းပဲ၊ ငြင်းမနေပါနဲ့တော့ သီရိရှင်းရယ် … မင်းကိုကြည့်ရတာ လှကောင်းလိုပဲ၊ ကိုယ်နဲ့ပဲနေ ခဲ့စမ်းပါ၊ မင်းက ကိုယ့်မိန်းမလေ … "

"ဖယ်ပါ … ကျွန်မ သွားမယ်၊ ရှင်လာပြီးမတားနဲ့၊ အဆော ကြီးထဲက ကျွန်မ လှကောင်းလေ … ရှင့်ရဲ့ညှဉ်းပန်းနှိပ်စက်မှု မခံ နိုင်လို့ ရူးချင်ယောင်ဆောင်နေတာ"

"မင်း … မင်း … "

ဦးတိမ်ရဲမာန် လက်တွေက သီရိရှင်းအားပွေ့ဖက်၍ အတင်း အကြပ် နမ်းရှိုက်ဖို့ ကြိုးစားနေစဉ် ဒေါ်သီရိရှင်း ဘယ်လိုမှသည်းမခံ နိုင်တော့ဘဲ လက်လှမ်းမှီရာမှာရှိနေတဲ့ ပန်းအိုးကိုယူ၍ ရိုက်ထည့် လိုက်သည်။

"အား"





"ဟင်"

အချိန်က ပြင်းလွန်း၍ ဦးတိမ်ရဲမာန်ရဲ့ လက်တွေပြေလျော့ သွားပြီး ကြမ်းပြင်ပေါ် လဲပြိုကျသွားသည်။

"မင်း … မင်း … ရက်စက်တယ်၊ ဆရာဝန် ခေါ်ပေးပါ၊ အား … "

"မခေါ်ပေးနိုင်ဘူး၊ ရှင်သေစမ်း … သီရိရှင်းအပေါ် ရက်စက် ယုတ်မာခဲ့တဲ့ လူယုတ်မာကြီး … သေ … "

ဒေါ်သီရိရှင်း အထိတ်တလန့်နှင့်အပေါ်သို့ တက်လာခဲ့သည်။ ဦးတိမ်ရဲမာန် ရှင်သေရမယ်။ စိတ်ကို တင်းထားလိုက်၏။ သူမ အပေါ်ရောက်တော့ မထင်မှတ်ဘဲနှင့် တိမ်ပန်းချီတစ်ယောက်ထဲ ခေါ်တိမ်နန်းစံအခန်းထဲ ဝင်သွားတာတွေ့လိုက်၍ အသာလေး ချောင်းနားထောင်မိသည်။

"ဖွားစံ … ဘာဖြစ်လို့ လုပ်ငန်းတွေ ပန်းချီနာမည်နဲ့လွှဲဖို့ တွန့်ဆုတ်နေရတာလဲ၊ ကိုငွေလထိန်ကိုပဲပေးဖို့ ကြံစည်နေတာ ဟုတ်လား"

"တိမ်ပန်းချီ … ညည်း ဘာဖြစ်လို့ အဖွားအခန်းထဲအချိန် တော်ဝင်လာရတာလဲ၊ အဖွား အိပ်တော့မယ် … ပြန် … "

"မပြန်ဘူး … အဖွားနဲ့စာရင်းရှင်းဖို့ လာတာလေ၊ ဟိုဆရာ ဝန်မကို အနားမှာဘာဖြစ်လို့ ခေါ်ထားရတာလဲ၊ ပန်းချီချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကိုပါ ထပ်လုသွားအောင်လား ... ဒီဆရာဝန်မက ယောက်ျားတွေကို ညှို့ယူဖမ်းစားနိုင်တဲ့ စုန်းမ ... ”

“တိမ်ပန်းချီ မဟုတ်တာတွေလာပြောမနေနဲ့ ... ငါညည်းရဲ့ ညည်းချစ်သူဆိုတာကို မယုံတော့ဘူး၊ သားသမီးယုံ စုံလုံးကန်းတဲ့”

ဒေါ်တိမ်နန်းစံ စိတ်တွေပြောင်းသွားပြီး လုပ်ငန်းတွေ ဦးစီးဖို့ မြေးထိန်လက်ထဲမှာပဲ ထားချင်သည်။ တစ်နေ့ထက်တစ်နေ့ သားကြီးနှင့်မြေး ပန်းချီတို့က လောဘရမက်တွေ တက်လာ၍ဖြစ်၏။ အဖွား နေမကောင်းတာတောင် နည်းနည်းလေးမှ ဂရုမစိုက် အမွေတွေပဲ ခွဲခြမ်းစိတ်ဖြာဖို့ ပြောနေကြသည်။

“လုပ်ငန်းတွေ မလွှဲချင်ရင်လည်း ဖွားစံပိုင်တဲ့ လက်ဝတ်ရတနာတွေ စိန်တွေပေးပါ”

“မပေးဘူး ... ညည်း ဘာဖြစ်လို့ လောဘတက်နေရတာလဲ ငါတစ်သက်လုံး ညည်းတို့သားအမိပဲ ပေးထားခဲ့တာလေ၊ အခုတော့ မပေးနိုင်တော့ဘူး”

“ပေးရမယ် ... ပန်းချီပဲရှိတာ၊ ဘယ်မှာလဲ မီးခံသေတ္တာ သော့ ... ပေး ... ”

“ထွက်သွားစမ်း ပန်းချီ ... ညည်း အကျင့်စရိုက်တွေ ကြောက်စရာကောင်းလိုက်တာ၊ ငါနောင်တတွေရနေပြီဟဲ့ ... ညည်းတို့ကို မယုံဘူး ... ”





တိမ်ပန်းချီက မီးခံသေတ္တာသော့ကို အတင်းရှာဖွေနေသည်။ ဒေါ်တိမ်နန်းစံ အော်ဟစ်အကူအညီတောင်းဖို့ကျတော့လည်း တိမ်ပန်းချီကို ပတ်ဝန်းကျင်က ပြဿနာရှာမှာလည်း စိတ်ပူမိသည်။

“ညည်း ... ညည်း ထွက်သွားစမ်းပါ တိမ်ပန်းချီ၊ ငါ အော်လိုက်မှာနော် ... အမလေး ... မောလိုက်တာ ... အမလေး ... ”

“ဟင်”

“ပန်းချီ ... ဒေါက်တာ ခေါ်ပေးပါ ... သွားလေ ... ”

“မခေါ်ပေးဘူး၊ ခေါ်ပေးစေချင်ရင် မီးခံသေတ္တာသော့ ပေးလေ ... မသေခင် ပြောပြစမ်းပါ၊ အဖွားမှာ စိန်တွေအများကြီးရှိတယ် ... ပန်းချီ့ကိုပေး ... ”

“အား ... မောလိုက်တာ အသက်ရှူလို့တောင် မဝတော့ဘူး”

ဒေါ်တိမ်နန်းစံ တဖြည်းဖြည်းနှင့် စကားပင်မပြောနိုင်တော့ အသက်ရှူတွေ ကြပ်လာသည်။

“ဒုန်း ... ဒုန်း ... အထဲမှာ ဘယ်သူရှိလဲ တံခါးဖွင့်စမ်းပါ၊ ဒုန်း ... ဒုန်း ... ”

ဒေါ်သီရိရှင်း စောင့်ကြည့်မနေနိုင်တော့ဘဲ တံခါးကိုထုသည်။ တစ်ဖက်ခန်းကနေ သမီးချစ်ခြင်းဘုံလည်း ရောက်လာ၏။ မီးကိုမြင်တော့ အံ့ဩနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘုံ ... ဆေးအိတ်သွားယူ၊ အထဲမှာ ဒေါ်တိမ်နန်းစံ သေ တော့မယ်ထင်တယ်"

"ဒုန်း ... ဒုန်း ..."

"ဒုန်း ... တံခါးဖွင့်လေ၊ မဖွင့်ရင် ရဲစခန်းကိုဖုန်းဆက်လိုက် မှာနော် ... တိမ်ပန်းချီ ... တံခါးဖွင့် ..."

ဒေါ်သီရိရှင်း အော်သဖြင့် တိမ်ပန်းချီက တံခါးဖွင့်ပေးပြီး လှစ်ခနဲ ပြေးထွက်သွားတော့သည်။

"မယ်မယ်"

"ဟင် ... သီရိရှင်း ... အား ... ဒေါက်တာ ..."

ချစ်ခြင်းဘုံလည်း ဆေးအိတ်ကိုဆွဲပြီး ဖွားစံအား အရေးပေ ပြုစုကုသပေးနေရသည်။ မဟာနွယ်စံအိမ်ကြီးထဲမှာ ကိုယ့်အခန်းထဲ မှာပဲ ကိုယ်နေတတ်ကြ၍ တော်ရုံအဖြစ်အပျက်တွေကို မသိနိုင်ကြ အချိန်မီ ပြုစုကုသမှု ခံယူရ၍ ဒေါ်တိမ်နန်းစံ သက်သာလာသည်

"သီရိရှင်း ... ညည်းက မယ်မယ့်အသက်ကိုကယ်တင်လိုက် တာပဲ ... ကျေးဇူးတင်လိုက်တာအေ၊ တိမ်ပန်းချီ ယုတ်မာရက်စက် လွန်းတယ် ... ဒင်းတို့မိသားစုကိုပဲ မဟာနွယ်ကနေ မောင်းထုတ် ပြစ်ရမယ်"

ဒေါ်သီရိရှင်းကတော့ ယောက္ခမကြီးအား စေ့စေ့ကြည့်ပြီး မိမိလုပ်ရပ်အတွက် စိတ်တော့ကျေနပ်မိသည်။ ကိုတိမ်ရဲမာန် ရှိစေ





တယ်။ အဖွားကြီး စိတ်ချရမှ သမီးဘုံကို အကျိုးအကြောင်းပြောပြ မိသည်။ ကိုငွေလထိန်ပါ ရောက်လာ၏။ မေမေ ပြောပြ၍ ချစ်ခြင်း ဘုံတို့ မြေအောက်ခန်းသို့ ရောက်သွားကြသည်။

"ဘဘကြီး"

"ဦးတိမ်ရဲမာန်"

"အား ... ကျွတ် ... ကျွတ် ... အား ..."

"သတိရပြီလား ... ဘဘကြီး"

"ငွေလထိန်"

"မေမေသီရိရှင်းက ပြောပြလို့လေ"

ဦးတိမ်ရဲမာန်ရဲ့ ခေါင်းကဒဏ်ရာ ခြောက်ချက်လောက် ချုပ် ရသည်။ သွေးထွက်လွန်၍ သွေးသွင်းပေးဖို့အထိ စီစဉ်ရ၏။ ဦးတိမ် ရဲမာန်ကို ဒေါက်တာချစ်ခြင်းဘုံ အကူအညီဖြင့် သွေးသွင်းဖို့စီစဉ် သည်။

"သီရိရှင်း မမှားပါဘူး ... ကိုယ်တို့က မင်းသတ်ပြစ်သင့်တဲ့ လူတွေပါ၊ မင်းအကောင်းပကတိဖြစ်သွားလို့ ကိုယ်ဝမ်းသာတယ်၊ မင်း မဟာနွယ်စံအိမ်ကြီးထဲကနေ ထွက်သွားဖို့ ကိုယ်ခွင့်ပြုပါတယ်၊ မင်းဆန္ဒအတိုင်းပါပဲ ..."

"ရှင်တို့မိသားစုဝင်တွေလည်း အဏ္ဏတွေကို လျော်ပြစ်သင့် ပါပြီ ... သူက ကျွန်မ သမီးလေး ဒေါက်တာချစ်ခြင်းဘုံပဲ၊ အမေ့ကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့ချင်လို့ ဒီကိုအရဲစွန့်ပြီး ရောက်လာခဲ့တာလေ”

“ဟင် ... ထင်သားပဲ၊ သီရိရှင်းနဲ့တူပါတယ်လို့၊ မင်းလည်း မင်းအမေလို ရိုးသားဖြူစင်ပါတယ်လေ၊ ဘဘကြီးကို ခွင့်လွှတ်ကြ ပါ။ တောင်းပန်ပါတယ်ကွယ် ... ”

ဦးတိမ်ရဲမာန် တကယ်ပဲ အနူးအညွတ် တောင်းပန်နေမိ သည်။ မိမိ ယုတ်မာခဲ့တာပါ။ သူငယ်ချင်းအပေါ် ယုံကြည်တဲ့နန္ဒာ့ တို့ မိသားစု ပြိုကွဲကြေကွဲခဲ့ရ၏။ သီရိရှင်းကိုလည်း နောက်မိန်းမ တစ်ယောက်နှင့်တွေ့ပြီး နှိပ်စက်ခဲ့သည်။

“တောင်းပန်ပါတယ် ... သီရိရှင်းရယ်၊ မင်းတို့မိသားစုကို ပြိုကွဲအောင် ကိုယ်လုပ်ခဲ့တာပါ”

“ဘဘကြီးအခန်းကို ပြန်ပို့ပေးပါ့မယ်၊ အနားယူလိုက်ပါလား ထိန် ပို့ပေးပါ့မယ် ... ”

“ထိန်”

“ဗျာ”

“မင်းကိုလည်း တောင်းပန်ပါတယ် ... ဘဘကြီး မတရား တာပါ၊ မင်းဆန္ဒတွေအတိုင်း ဘဘကြီး လုပ်ပေးပါရစေ”

“ဒါတွေပြောမနေပါနဲ့တော့ ဘဘကြီးရယ် ... တစ်ယောက် နဲ့တစ်ယောက် အဆင်ပြေသွားရင်ပဲ ကောင်းပါတယ်ဗျာ၊ မဟာနွယ် စံအိမ်ကြီးကလူတွေ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် နေထိုင်ကြ





ရင် ကျေနပ်ပါတယ် ... ”

“ထိန် ... မင်း ဒီကနေ မထွက်သွားပါနဲ့လား၊ ဘဘကြီးတို့ စီးပွားရေးကို မင်းပဲ ဦးဆောင်နိုင်မှာပါ”

“ထိန်တို့ မိသားစုတွေ ထွက်သွားဖို့ စီစဉ်ထားပြီးပါပြီ၊ မဟာ နွယ်ရဲ့စီးပွားရေးကိုတော့ ထိန် စောင့်ရှောက်ပေးနေမှာပါ ... ပန်းချီ နားလည်တတ်ကျွမ်းတဲ့အထိပါ”

“ထိန်ရယ်”

ဦးတိမ်ရဲမာန် နောင်တတွေ ရနေသည်။ သီရိရှင်းနှင့်မဝေး ချင်ပေ။ ဒါပေမဲ့လည်း ... မိမိအတင်းအကြပ် မတောင်းဆိုလို။ သီရိ ရှင်းဆန္ဒအတိုင်း ဖြည့်ဆွမ်းပေးဖို့ပဲ ဆုံးဖြတ်ထားမိ၏။ မိမိကို သေစေ ချင်လောက်အောင် မုန်းတီးရွံ့ရှာနေခဲ့တဲ့ သီရိရှင်းရဲ့ နှလုံးသားက မရက်စက်နိုင်တာပင် ဦးတိမ်ရဲမာန် နှစ်သက်မြတ်နိုးလို့မဆုံးအောင် ဖြစ်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၈ )

"ဖွားက ပန်းချီကို အမွေဖြတ်တော့မယ်ထင်တယ်ကိုကို၊ ဘာပဲဖြစ်ဖြစ် ကိုကိုနဲ့အမြန်ဆုံး လက်ထပ်ပြီး ရသင့်တာကိုအတင်း အကြပ်တောင်းဆိုရမှာပဲ ... ဖေဖေကတောင် ဟိုဟာတွေဘက်ပါ သွားပြီ"

ငွေစင်ကတော့ တိမ်ပန်းချီဆိုတဲ့ ကောင်မလေးကို လက်မထပ်လိုပေ။ စိတ်ဓာတ်ကြီးက သူ့ထက်ပင် မာကျောယုတ်မာသည်။ အဖွားကိုတောင် သေကြောင်းကြံစည်ခဲ့သည်။ တကယ်တမ်း ချစ်ခြင်းဘုံကို သူဘယ်နည်းနဲ့မှ လက်လွှတ်အဆုံးရှုံး မခံနိုင်။ အရယူဖို့ ဆုံးဖြတ်ထား၏။ ဘုံက ကတိတည်တယ်။ သူ့ကို လက်ထပ်မှာပဲ။ ဘုံ့မေမေကို လာရှာတာဟုလည်း သူသိထားသည်။

"ပန်းချီ ကိုယ်တို့လက်ထပ်ပွဲကို ပြန်စဉ်းစားကြရမယ်၊ ကိုယ် ရန်ကုန်ကိုပြန်မယ် ... ပြီးမှ စဉ်းစားကြမယ်"





"မရဘူး ... ကျွန်မကို အမြန်ဆုံးလက်ထပ်ပါ၊ ရှင်ကိုယ်တိုင် လက်ထပ်ပါ့မယ်လို့ ကတိပေးပြီး အတူတူညအိပ်ခဲ့တာလေ"

"ကိုကို လက်မထပ်ဘူးလို့ မပြောခဲ့ဘူးလေ ... ဖြည်းဖြည်းမှ လုပ်စေချင်တယ်၊ မိသားစုဝင်တွေလည်း ရှုပ်ထွေးနေတယ် ပန်းချီ"

"ချက်ချင်းပဲ လက်ထပ်မယ်၊ ဆင်ခြေပေးဖို့တော့ မစဉ်းစားနဲ့နော်ကိုကို ... ရှင်ထောင်ထဲရောက်သွားချင်လို့လား၊ ကျွန်မ အသက်ဆယ့်ရှစ်နှစ် မပြည့်သေးဘူးနော် ... "

ငွေစင် အခက်ကြုံသွားရသည်။ တိမ်ပန်းချီအား အဖွားကိုယ်တိုင်က အမွေဖြတ်၍ မဟာနွယ်စံအိမ်ကြီးထဲကနေ ထွက်သွားဖို့ အမိန့်ချမှတ်ထားသည်။ သူလည်း ပြန်ရမည်ဖြစ်၏။ ဒေါက်တာ ချစ်ခြင်းဘုံကို လူကြီးတွေက ငွေလထိန်နှင့် လက်ထပ်ပေးရန် စီစဉ်နေ၍ ဘုံက ငြင်းပယ်နေသည်။

"ပန်းချီတို့ ဒီကနေထွက်သွားရတော့မယ်၊ ဖေဖေက အရင်း အနှီးငွေကြေးပေးမယ်တဲ့ ... အပြင်မှာနေဖို့ ခြံနဲ့တိုက်လည်း ရှိပါတယ်ကိုကို ... "

"ဟုတ်ပါတယ် ... ကိုကို သိပါတယ်ကွာ၊ လက်ထပ်ပွဲကို ခမ်းခမ်းနားနားဖြစ်အောင် အချိန်ယူစီစဉ်ချင်တာပါ၊ ပြီးတော့ ကိုယ့်လည်း ရန်ကုန်မှာ တာဝန်ရှိသေးတယ် ... ခွင့်နဲ့လာတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ … ခမ်းခမ်းနားနားဖြစ်အောင် စီစဉ်မယ်ဆိုရင် လက်ခံမယ် … ဒါမှမဟုတ်ဘဲ ကျွန်မနဲ့လက်ထပ်ဖို့ ငြင်းရင်ရှင့်ကို ထောင်ထဲပို့ပစ်မယ် … ဒါပဲနော် … "

တိမ်ပန်းချီကို သူသွားပြီး ပတ်သက်မိတာ မှားသွားသည်။ မိန်းကလေးက စတင်ခဲ့တာပဲ။ တိမ်ပန်းချီက အသက်ဆယ့်ရှစ်နှစ်မပြည့်သေးပေ။ ပြစ်မှုလွန်ကျူးမိပြီ။ သူ့ အရမ်းကြီး မငြင်းရဲ၊ သူ့ဘဝကြီးတစ်ခုလုံး ပျက်စီးခဲ့ရတာ ဘုံ့ကြောင့်ပဲ။ မင်းကြောင့် ချစ်ခြင်းဘုံ … ငါ့ဘဝက မထူးတော့ဘူးကွ။ မင်းဘဝကိုလည်း ဖျက်စီးပြစ်ရမှာပဲကွ။ ငါက ဒီအတိုင်း လွှတ်ထားမယ်ထင်နေလို့လား ချစ်ခြင်းဘုံ။

"မင်းကို တရားဝင်လက်ထပ်ဖို့တော့ မဖြစ်နိုင်တော့ဘူးထင်တယ် … ဒါပေမဲ့ … မင်းရဲ့အပျိုစင်ဘဝကတော့ ငါ့ရင်ခွင်ထဲမှာပဲ ကုန်ဆုံးရမယ် ချစ်ခြင်းဘုံ … "

ငွေစင် စိတ်ထဲကနေ ကြိမ်းဝါးပြီး အခွင့်အရေးကို စောင့်နေသည်။

နောက်နေ့ … မဟာနွယ်စံအိမ်ကြီးထဲကနေ ထွက်ခွာသွားရတော့မည်ဖြစ်၏။ အရှုံးတွေနဲ့တော့ လုံးဝနောက်မဆုတ်နိုင်။ လူခြေတိတ်ဆိတ်သွားတဲ့ ညဉ့်နက်သန်းခေါင်ချိန်တွင် သူအပြင်သို့ ထွက်လာခဲ့သည်။





"ဒေါက် … ဒေါက် … "

"ဘုံ"

"ဒေါက် … ဒေါက် … "

အပြင်မှ တံခါးခေါက်သံကြောင့် ဘုံ အထိတ်တလန့်ဖြစ်သွားရသည်။ အသံက တိုးတိတ်နေပေမယ့် မောင်ဆိုတာ သိလိုက်၏။ ဒုက္ခပါပဲ။ မနက်ဖြန်မှာ တိမ်ပန်းချီနဲ့သူ့ကို မဟာနွယ်စံအိမ်ကြီးထဲကနေ ထွက်သွားရန် အမိန့်ထုတ်ထားသည်။

"ဒေါက် … ဒေါက် … "

"ဘုံ … တံခါးဖွင့်နော် … မောင်အော်ကျယ် ဟစ်ကျယ်မလုပ်ချင်ဘူး"

ဘုံ ဘယ်လိုလုပ်ရမလဲ။ ကိုငွေစင်က ဘုံ့ကို နည်းနည်းလေးမှ သက်သာခွင့်ပေးမှာမဟုတ်။ တံခါးမဖွင့်လို့လည်း မဖြစ်ပေ။ ပြဿနာက ကြီးထွားသွားမှာ သေချာနေ၍ တံခါးဖွင့်ပေးလိုက်သည်။

"ဘုံ"

"ရှင် … ရှင် အရက်တွေမူးလာတာလား … ကိုငွေစင်"

"ဟုတ်တယ် … မောင့်အသည်းတွေ အရမ်းကွဲနေပြီ၊ မင်းကို လက်လွှတ်အဆုံးရှုံး မခံနိုင်လို့လေ"

"ကျွန်မတို့ ရန်ကုန်ပြန်ပြီး လက်ထပ်ကြမယ်လို့ ပြောခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ … ကျွန်မကို ယုံပါ"

"မယုံဘူး ဘုံ … မင်းက အခုတောင် အရမ်းစိမ်းနေတာလေ၊ ဘာတဲ့ ကိုငွေစင်တဲ့ … မောင်လို့ခေါ်လေ"

"မဟာနွယ်စံအိမ်ကြီးထဲမှာလေ ကျွန်မတို့ ဂုဏ်သိက္ခာအရပါ၊ ရန်ကုန်မှာပဲ ဆုံကြမယ် … ပြန်သွားပါနော်"

"မပြန်ဘူးကွာ … ဘာလဲ မင်းအကောင် ငွေလထိန်သိသွားမှာစိုးရိမ်လို့လား၊ အရမ်းကြောက်နေတဲ့ပုံပဲ"

"မဟုတ်ပါဘူး ကိုငွေစင် … အခြေအနေအရပါ၊ ကျွန်မ ဒီမှာနေရမယ်၊ စာချုပ်ပြည့်သွားတာနဲ့ ရန်ကုန်ပြန်မယ် … ကိုငွေလထိန်နဲ့ကျွန်မ ဘာမှမသက်ဆိုင်ပါဘူး … ယုံပါ"

မင်းက လက်ထပ်ပါ့မယ်ဆိုရင်တောင် ငါက လက်ထပ်လို့မရဘူးကွ။ တိမ်ပန်းချီက ထောင်ထဲပို့မှာ။ ဘုံ့အခန်းထဲ အတင်းဝင်ပြီး တံခါးကို ပိတ်သည်။

"မပိတ်နဲ့ … ရှင် ပြန်ထွက်သွားပါ၊ ကျွန်မ အသက်ပဲအသေခံမှာနော်"

"ဘုံရယ် အဖြစ်သည်းမနေစမ်းပါနဲ့၊ မောင်နဲ့ဒီတစ်ညထဲပါ၊ အတူတူနေကြရအောင်ပါ … မနက်ဖြန် မောင်က ပြန်ရတော့မယ်၊ မင်းက တစ်လထပ်နေရဦးမယ်လေ … အဖွားကြီးက မင်းကို အရမ်းချစ်နေတယ်လေ၊ သူ့မြေးနဲ့တောင် လက်ထပ်ပေးတော့မယ်၊





မောင် အရမ်းခံစားနေရလို့ပါ … တစ်ညထဲနော်"

"ရှင် ယုတ်မာလိုက်တာ … ကျွန်မ လုံးဝလက်မခံနိုင်ဘူးနော်၊ ကိုငွေစင် ထွက်သွားပါ … ရန်ကုန်ရောက်လို့မှ ကျွန်မဘက်က ငြင်းဆန်နေရင် ရှင်ကြိုက်သလိုလုပ်ပါ၊ အခုတော့ တောင်းပန်ပါတယ် … ကျွန်မတို့ ဂုဏ်သိက္ခာအတွက်ပဲ တောင်းပန်ပါတယ်"

ဘုံ အနူးအညွတ် တောင်းပန်နေတာကို သူက လက်မခံပေ။ ဘုံ အဖြစ်မခံနိုင်ပါဘူး။ အရှက်ကို အသက်နှင့်လဲပြစ်ရမည်။ သူ အရက်တွေ အရမ်းမူးယစ်နေသည်။

"ဘုံ … အချစ်ရယ် … မောင်ရင်ခွင်ထဲမှာ နေစမ်းပါကွာ၊ ဘုံက မောင့်ကို ဘယ်တော့မှ မယုံဘူး၊ မောင် အရမ်းခံစားရတယ်၊ တစ်ညထဲပါ … မောင့်ကို ခွင့်ပြုပေးပါ"

"ကျွန်မ လက်မခံနိုင်ဘူးလို့ ရှင့်ကိုပြောထားပြီးပြီပဲ၊ ကျွန်မ ကတိပေးတယ်၊ ရန်ကုန်ရောက်ရင် ရှင့်ကိုလက်ထပ်မယ် … ဘယ်လိုအကြောင်းတွေပဲရှိရှိလေ ကိုငွေလထိန်ကို ကျွန်မ ဘယ်တော့မှ လက်မထပ်ဘူး"

"ရှုပ်တယ်ကွာ … စကားတွေ အရမ်းမပြောချင်ဘူး၊ ဒီညတော့ မောင်က ဒီမှာပဲအိပ်မယ်"

"ရှင် … ရှင် ထွက်သွားနော် … "

"ချစ်တယ် ဘုံရယ် … "



www.burmeseclassic.com

www.burmeseclassic.com



"အမ်လေး ..."

သူက ဘုံခန္ဓာကိုယ်လေးအား အတင်းပွေ့ဖက်၍ ခုတင်ပေါ် လှဲချပစ်သည်။ ဘုံ ရှန်းကန်နေမိ၏။ ကယ်ကြပါဦး ... ဘုံ့ဘဝလေး ပျက်စီးရတော့မယ်။ သူမ အော်ဟစ်ဖို့ ကြိုးစားသည်။

"မင်းအော်လေ ... မင်းပဲ အရှက်ကွဲမှာ၊ ငါက မင်းခေါ်လို့ ဝင်လာတာလို့ ပြောမှာပဲ"

"ရှင် ... ရှင် မယုတ်မာပါနဲ့၊ တောင်းပန်ပါတယ်နော်၊ ကျွန်မ လက်ထပ်ပါ့မယ် ... ကတိပေးပါ့မယ်"

ငွေစင်ကတော့ ဘုံ့စကားတွေကို နားမထောင်တော့။ ဘုံ့ကို မလွှဲမသွေ စွန့်လွှတ်ရတော့မည်ဖြစ်သည်။ နောက်မဆုတ်တော့ဘူး ဖြစ်ချင်ရာဖြစ်။ ဘုံ့ဘဝကို ဖျက်စီးပြစ်ရမယ်။ ဒါမှ ငွေစင် ကျေနပ်မယ်။ တိမ်ပန်းချီကိုလည်း လက်ထပ်မှာ စိတ်ညစ်နေသည်။ သူ့ဘဝက စုတ်ပြတ်သတ်တော့မယ်။

"လွှတ်ပါ ... တောင်းပန်ပါတယ်"

"ချစ်တယ် ... မင်းကို အရမ်းချစ်တယ်ဘုံ၊ ဒါပေမဲ့ ... မင်းကို လက်ထပ်ဖို့ မဖြစ်နိုင်တော့ဘူး၊ မင်းရဲ့အပျိုစင်ဘဝလေးကို ဘာဖြစ်လို့ မပေးချင်ရတာလဲ"

"လွှတ် ... လူယုတ်မာ၊ ရှင်အမြဲတမ်း ကျွန်မကို အနိုင်ကျင့်နေတာပဲ"

ဖိုးလပြည့်စာပေ



သူမ ရှန်းကန်ရလွန်း၍ အင်အားတွေပင် ချိနဲ့လာရသည်။ မောပန်းနွမ်းနယ်စွာဖြင့် ခန္ဓာကိုယ်က လေးလံလာ၏။ ဘုံ့မျက်ဝန်းတွေထဲမှာလည်း မျက်ရည်တွေ လိမ့်ဆင်းကျလာသည်။

"ကျွီ ..."

"ဟင် ... ရှင် ... ရှင်တို့နှစ်ယောက် ဘာတွေလုပ်နေတာလဲ ဒေါက်တာ ... ရှင်ဘယ်လိုမိန်းမလဲ ... ရှင့်အမေလိုပဲ အကျင့်ပျက်မ"

မထင်မှတ်ဘဲ အခန်းတံခါးကပွင့်လာပြီး တိမ်ပန်းချီ ဝင်လာသည်။ နောက်မှ ဦးတိမ်ရဲမာန်နှင့်ကိုငွေလထိန်။ သူမကတော့ ဘာမှ ရှင်းပြနိုင်ခြင်းမရှိဘဲ အဖြစ်မှန်တွေပြောပြဖို့ပင် တုန်လှုပ်ကြောက်ရွံ့နေသည်။

"မောင်ရင်က ဘာဖြစ်လို့ ဒေါက်တာ့အခန်းထဲ ရောက်နေရတာလဲ"

တသိမ့်သိမ့်ရှိုက်ငိုနေတဲ့ ဘုံ့ကိုတော့ ပထမဆုံးအကြိမ် ငွေစင် သနားသွားရသည်။ သူမက ဖြူစင်သူပါ။ သူကပဲ မတရား အနိုင်ကျင့် ဆက်ဆံလာခဲ့သည်။

"မောင်ငွေစင် ပြောလေ ... မင်းက ငါ့သမီးချစ်သူပဲ"

"ဒေါက်တာချစ်ခြင်းဘုံကို ကျွန်တော် မြင်မြင်ချင်းပဲ ချစ်မိသွားလို့ ကျွန်တော့်ဆန္ဒနဲ့ အတင်းအကြပ် စော်ကားဖို့ ကြံစည်မိတာပါ ... သူမှာ အပြစ်မရှိပါဘူး"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ်ကွ"

ကိုငွေစင့်အဖြေကြောင့် ဘုံပင် အံ့သြသွားရသည်။ သူ ... ဘာများထပ်ကြံစည်ဦးမလို့လဲ။ သူ စိတ်ကောင်းဝင်သွားပြီလား။

"တိမ်ပန်းချီ ... ကိုကို တောင်းပန်ပါတယ်၊ ဒါက ကိုကို့အမှားပါ ... မင်းလက်ခံပေးပါ၊ ဒေါက်တာက အပြစ်ကင်းစင်ပါတယ်၊ ကိုကို့ကိုလည်း မင်းကြိုက်သလိုသာ လုပ်ပါတော့ ..."

တိမ်ပန်းချီကတော့ ဒေါက်တာချစ်ခြင်းဘုံကို လုံးဝခွင့်မလွှတ်နိုင်ဘဲ ပိုင်းလုံးမအဖြစ် အော်ဟစ်စွပ်စွဲပစ်သည်။ ဖေဖေက အတင်းအကြပ်ပဲ သူမအား ဆွဲခေါ်သွားတော့၏။ မဟာနွယ်စံအိမ်ကြီးတစ်ခုလုံး ပွက်ပွက်ညံသွားသည်။

"ဘုံ ... သမီးလေး ဘယ်လိုဖြစ်ရတာလဲ ... ဒီလူကို မေမေတို့ တရားစွဲရမယ် ... ရဲစခန်းကို အကြောင်းကြားလိုက်မယ်"

"မေမေ နေပါစေတော့ ... တကယ်တော့ သမီးနဲ့သူက ရန်ကုန်မှာ ချစ်သူတွေပါ"

"ဟင်"

ငွေလထိန်လည်း ဘုံ့ကို အထိတ်တလန့် အံ့သြတုန်လှုပ်စွာ ကြည့်မိသည်။ ဘုံ့ကို သူယုံကြည်နေဆဲပင်။ ဘုံက ရိုးသားဖြူစင်သည့် မိန်းကလေးဆိုတာ ထိန် အသိဆုံးဖြစ်၏။ ဘုံ့ကို သနားကြင်နာမိသွားသည်။





"သမီး ဖွားစံရှေ့မှာပဲ အဖြစ်မှန်တွေအားလုံးကို ရှင်းပြပါ့မယ်"

"သမီးလေး ..."

"သမီးကို မဟာနွယ်စံအိမ်ကြီးထဲက မိသားစုဝင်တွေ ဘယ်လိုပဲထင်ထင် သမီးရှင်းပြရပါ့မယ်"

ဒေါ်သီရိရှင်းကတော့ သမီးလေးအတွက် နာကျင်လို့မဆုံးပေ။ မောင်ငွေလထိန်လည်း ရှိနေသည်။ မိမိတို့ လူကြီးတွေက ထိန်နှင့်သမီးကို လက်ထပ်ပေးဖို့ စီစဉ်နေကြ၏။ တိမ်ပန်းချီ တော်တော်ယုတ်မာတာပဲ။ သမီးလေး မောပန်းနွမ်းနယ်နေ၍ စကားပင်မပြောနိုင်။

"ဘုံ ... အကောင်းဆုံးက ဘာမှမပြောဘဲ မင်းအနားယူလိုက်ပါ ... မင်းက ဖြူစင်တဲ့မိန်းကလေးဆိုတာ ကိုယ်ယုံတယ်"

ထိန်ကလည်း ဘုံဘာပဲဖြစ်နေဖြစ်နေ အချစ်မပျက်ဘဲ သူ လက်ခံနိုင်သည်။ ဘုံက သူ့အပေါ် မရိုးမသား မဆက်ဆံခဲ့။ သူနှင့်လက်ထပ်ဖို့ ငြင်းပယ်ခဲ့တာက ချစ်သူရှိနေလို့ပဲ ဖြစ်နိုင်၏။ ဘုံ့ခန္ဓာကိုယ်လေး မမတ်နိုင်သေး။

"ဟုတ်တယ် သမီးလေး ... နားလိုက်ပါ၊ မေမေ ဘာမှမကြားချင်တော့ဘူး ... နားလိုက်ပါ"

"မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"ပြော"

"ပြဿနာက ရှင်းမှဖြစ်မယ်"

"အရေးကြီးတာက ဟိုကောင်ကို ဖမ်းဖို့ပဲ၊ ဒီအတိုင်းလွှတ်မထားနိုင်ဘူး ... သမီး ဘယ်တော့မှ အိပ်ခန်းထဲယောက်ျားတစ်ယောက်ကို မခေါ်ဘူးဆိုတာ မေမေယုံတယ် ... သားထိန် ရဲစခန်းမှာ တိုင်ချက်ဖွင့်သင့်တယ်"

"သမီး ဘယ်သူ့ကိုမှ အပြစ်မရှာချင်တော့ပါဘူး မေမေရယ် ထားလိုက်ပါ ... မတိုင်ပါနဲ့ ... "

"ဟုတ်တယ် ... မေမေသိရဲ့ ... မနက်ဖြန် သူတို့ထွက်သွားရတော့မှာပဲ၊ အခြေအနေကို စောင့်ကြည့်ပါ၊ ဖွားစံလည်း ရှိသေးတယ် ... ကျန်းမာရေးမကောင်းဘူးလေ"

"ဟုတ်တယ် မေမေ ... ဘာပဲဖြစ်ဖြစ် ဖွားစံမျက်နှာကိုတော့ ထောက်ရမယ် ... မတိုင်ပါနဲ့"

နွမ်းနယ်မောပန်းနေတဲ့ သမီးလေးကို ဒေါ်သီရိရှင်း တင်းကြပ်စွာ ဖက်ထားမိသည်။ ဖြစ်မှဖြစ်ရလေကွယ်။ မေမေ သိပါတယ်။ သမီးလေးရောက်လာတာ မေမေကြောင့်ဆိုတာလေ။

"မေမေ သနားလိုက်တာကွယ် ... သမီးကိုဖြစ်ထားခဲ့တဲ့ မေမေရဲ့အမှားတွေပါ၊ သမီးလေးက ဂုဏ်သိက္ခာကြီးမားအောင် နေထိုင်ခဲ့တာပါ"





ဘုံကတော့ ကြောက်ရွံ့တုန်လှုပ်စွာဖြင့် မေမေ့ ရင်ခွင်ထဲမှာ မှီတွယ်ထားရသေးသည်။ အခုလောက်ဆိုရင် တိမ်ပန်းချီ တစ်တိုက်လုံးမှာရှိနေတဲ့လူတွေကို ပွက်လောရိုက်အောင် သောင်းကြမ်းနေမှာပါ။ ဘုံ ရှင်းရမယ်။ မေမေ့ကိုလည်း တွေ့နေရပြီပဲ။ ဘုံ ရင်ဆိုင်ရဲပါတယ်။ ကိုငွေလထိန်ကတော့ ဘုံ့ကိုအနားယူဖို့ပဲ ပြောနေသည်။

"ပြောချင်တာတွေကို မနက်မှပြောကြတာပေါ့ဘုံရယ်၊ ကိုယ်တာဝန်ယူပါတယ်"

"ဘုံ မတတ်နိုင်တော့ဘူး ... လူစုပေးပါ၊ ကြာနေရင် ဘုံ အားအင်တွေပြည့်လာမှာပါ ကိုငွေလထိန်ရယ် ... ဖွားစံအခန်းမှာ မိသားစုဝင်တွေကို စုရုံးပေးပါ၊ အားလုံးပါ ... ဘုံ ရှင်းပြချင်ပါတယ်"

"ဟုတ်တယ် ထိန် ... သမီးလေးဆန္ဒကို ဖြည့်စွမ်းပေးပါ၊ မင်းသွားစီစဉ်ပေးပါ"

မိသားစုဝင်တွေကိုလည်း ဖွားစံ အခန်းမှာ တွေ့ဆုံဖို့ စီစဉ်သည်။ အဖြစ်မှန်တွေအားလုံးကို မဖုံးမကွယ်ဘဲ ဖွင့်ပြောပြဖို့ပဲ ဆုံးဖြတ်ထားမိ၏။ မေမေကတွဲ၍ ဖွားစံအခန်းထဲ ဝင်လာခဲ့သည်။

"တိမ်ပန်းချီ စောစောကပဲ ဖွားစံအခန်းလာပြီး သောင်းကြမ်းသွားတယ် ... ဘယ်လိုဖြစ်ရတာလဲ ဒေါက်တာရယ်"

"ဖွားစံ"

"ပြောပါ ... "



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ သူနဲ့ဘုံက ချစ်သူတွေပါ၊ ဘုံမေမေ့ကိုရှာဖို့ မဟာနွယ်စံအိမ်ကြီးထဲ ဝင်လာခဲ့တာပါ"

သူမအဖြစ်အပျက်တွေအားလုံးကို မခြွင်းမချန်ဘဲ မဟာနွယ်စံအိမ်ကြီးရဲ့ မိသားစုဝင်တွေရှေ့မှာ ရှင်းလင်းပြောပြလိုက်မိသည်။ ကိုငွေလထိန်ရဲ့မိခင်ကိုလည်း ဘုံမျက်နှာချင်းမဆိုင်ရဲတော့။ မေမေ့ကိုပင် တစ်ချိန်က ကိုယ်ကျင့်တရားပျက်ပြားတဲ့ မိန်းမအဖြစ် အထင်သေးစွာ မဆက်ဆံခဲ့ဟု မမြခင်က ပြောခဲ့၏။ ဘုံလေ ဘယ်လိုယောကျ်ားမျိုးကိုမှ လက်မထပ်တော့ပါဘူး ကိုငွေလထိန်ရယ်။ လောကကြီးက ဘုံ့အတက် ကံကြမ္မာဆိုးတွေကိုပဲ ဖန်တီးပေးနေခဲ့ပြီထင်ပါတယ်။ ဘုံ ပြောချင်တာတွေပြောပြီး မေမေ့ရင်ခွင်ထဲမှာ ခွေခွေလေးလဲကျ မေ့မျောသွားသည်။

အခန်း ( ၁၉ )

ဘုံ မဟာနွယ်စံအိမ်ကြီးထဲကနေ ထွက်သွားဖို့ပဲ ဆုံးဖြတ်သည်။ ဖွားစံက တားဆီးနေပေမယ့် မေမေ့ကိုခေါ်ပြီး ရန်ကုန်ကို ပြန်တော့မည်ဖြစ်သည်။

"ခေါက်တာကိုလည်း မြေးအရင်းလေးလို ချစ်မိပါတယ်၊ အားလည်းကိုးပါတယ်ကွယ် ... ဖွားစံ အနားမှာနေပေးပါ"

"ကိုငွေလထိန်တို့ မိသားစုရှိပါတယ် ဖွားစံရယ် ... အားမငယ်ပါနဲ့နော် ... နောက်ထပ် ဆရာဝန်တစ်ယောက် ဖွားစံဆီ ထပ်ပြီးလွှတ်ပေးပါ့မယ် ... ဘုံကတော့ မေမေ့ကိုခေါ်ပြီးပြန်ပါ့မယ်"

"သားတိမ်ရဲမာန်လည်း နောင်တတွေရနေပါပြီကွယ် ... သူ့သမီးကိုတောင် သမီးအဖြစ်ကနေ စွန့်လွှတ်တယ်၊ ဖွားစံဆီက အမွေလည်းမယူတော့ဘူး ... သားကြီးက သူ့ဘဝကိုသူဆေးကြောနေပါပြီ၊ သိရှိရှင်းနဲ့ ပေါင်းပါစေ"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မေမေက လက်မခံဘူးဖြစ်နေပါတယ် ... ဘုံနဲ့ပဲလိုက်နေတော့မယ်တဲ့လေ ... လောလောဆယ် မေမေရော ဘုံရော စိတ်ဒဏ်ရာတွေအများကြီး ရထားကြပါတယ် ... ပြန်ပါရစေနော်"

"အေးပါကွယ် ... ဘုံလေးသဘောပါပဲ၊ အဖွားစံကိုတော့ ဖြစ်မထားပါနဲ့ ... လာကြည့်ပါ"

"ဟုတ်ကဲ့ပါ"

"သီရိရှင်းကလည်း ဖွားစံချွေးမပါ၊ မဟာနွယ်စံအိမ်ကြီးထဲမှာ နှစ်ပေါင်းများစွာ အနစ်နာခံပြီး နေထိုင်လာခဲ့ကြတာလေ၊ ဖွားစံအမွေပေးပါရစေ ... လက်ခံဖို့ ပြောပေးပါကွယ်"

"ဒါက နောက်မှစီစဉ်ပါဖွားစံ ... မေမေက ငြင်းနေတယ်၊ ဘာပဲဖြစ်ဖြစ် မဟာနွယ်စံအိမ်ကြီးထဲမှာ အေးချမ်းသွားတာပဲစိတ်ချမ်းသာရပါပြီ ... ဘုံလည်း မမေ့ပါဘူး ဖွား ... စောင့်ရှောက်မှာပါ"

မေမေကလည်း ဖွားစံပေးတဲ့ငွေကြေးနှင့် လက်ဝတ်ရတနာတွေကို လုံးဝ လက်မခံပေ။ ကျေနပ်တဲ့အကြောင်းပြောပြီး ရှိခိုးကန်တော့ခဲ့သည်။ တခြားမိသားစုဝင်တွေကိုလည်း ဘုံနှုတ်မဆက်ချင်။ ကိုငွေလထိန် မာမီက ဂုဏ်သိက္ခာကို ရှေ့တန်းတင်သူဖြစ်နေသည်။ ဘုံတို့သားအမိ မဟာနွယ်ခြံကြီးထဲကနေ ထွက်လာခဲ့၏။ မေမေက ပျော်ရွှင်နေသည်။ ရန်ကုန်ရောက်တော့ ဘုံနှင့်ဖေဖေတို့နေထိုင်ခဲ့တဲ့ တိုက်ခန်းလေးဆီ မေမေ့အား ခေါ်ဆောင်လာခဲ့၏။





မေမေ ပြုံးနေပေမယ့် မျက်ဝန်းတွေထဲမှာ လွမ်းရိပ်တွေပြည့်နေသည်။

"သမီးကို ဖေဖေက ဒီတိုက်ခန်းလေးပဲ ပေးထားခဲ့နိုင်တာလားကွယ်"

"မေမေရယ် ... အိမ်ထောင်ပျက်သွားလို့ ဖေဖေ အလူးအလဲခံစားခဲ့ရတယ်၊ ဘဝမှာ ပေတောလေလွင့်ခဲ့ရတယ်တဲ့ ... စီးပွားလည်းပျက်ရတယ်"

"မေမေကြောင့်ပါ ... အသုံးမကျတဲ့မိန်းမကြောင့် ဘဝမှာမတင့်မတယ်တွေဖြစ်ရတယ် ... သမီးလေးက လိမ္မာလို့ပါ"

ဒေါ်သီရိရှင်း နောင်တတွေရနေမိသည်။ ယောက်ျားက စီးပွားရှာကောင်းပြီး မိသားစုကို ဥပေက္ခာပြုထားသလို ဖြစ်ရတာ မိမိက သည်းမခံနိုင်ခဲ့ပေ။ ယောက်ျားကို အရွဲ့တိုက်ချင်၍ နောက်ယောက်ျားနောက် လိုက်လာခဲ့မိ၏။ နှစ်ပေါင်းများစွာ ကြောက်စရာကောင်းလွန်းတဲ့ ဘဝတွေကို ဖြတ်သန်းခဲ့ရသည်။

"အတိတ်ကအကြောင်းတွေကို မေ့ပစ်လိုက်ပါတော့နော်၊ ဘုံတို့သားအမိ ပျော်ပျော်နေကြမယ်"

"အေးပါကွယ်"

ဘုံလည်း တာဝန်ကျတဲ့ဆေးရုံကို ပြန်၍ဝင်ရသည်။ ဒေါ်တာငွေစင်လည်း အလုပ်ကနေ ထွက်သွားပြီး တိမ်ပန်းဆိုးလက်



www.burmeseclassic.com

www.burmeseclassic.com



ထပ်၍ နိုင်ငံခြားသို့ အပြီးအပိုင် ထွက်သွားပြီဖြစ်၏။ သူမလည်း စိတ်ချမ်းသာသွားရသည်။

"ကိုယ် တောင်းပန်ပါတယ်ဘုံ ... မင်းကိုစော်ကားမိတယ်၊ ကိုယ့်အတွက်တွေ ဒေါသတွေအတွက်လည်း နောင်တရမိပါတယ်၊ မင်း ပျော်ပျော်ရွှင်ရွှင်နေပါ၊ တိမ်ပန်းချီလည်း သူ့အမှားတွေအတွက် နောင်တရနေတယ် ... ကိုယ်ကတော့ အပြီးအပိုင်ထွက်သွားပါပြီ"

ကိုငွေစင်က သူမအား ဖုန်းဖြင့်နောက်ဆုံး နှုတ်ဆက် တောင်းပန်သွားသည်။ သူမ သတိရတမ်းတရဆုံးက ကိုငွေလထိန် ပင်။ မကြာခဏ ဖုန်းဆက်ပေမယ့် သူမက အဆက်အသွယ်မလုပ်ခဲ့။ မေမေနှင့်တော့ အဆက်အသွယ်ရှိနေ၏။ ဘုံ့ဘဝက မသန့်စင်ပါဘူး။ ကိုငွေလထိန်တို့ မိသားစုဘဝလေးကိုလည်း အစွန်းအထေးတွေ မကပ်ငြိတွယ်စေလိုပေ။ သူမ ငြင်းဆန်ပြစ်သည်။

"ဘုံ ... မင်း ဘာဖြစ်လို့ ငြင်းနေရတာလဲကွာ၊ ကိုယ်က ဘုံ့ကိုယုံတယ် ... ချစ်တယ် မြတ်နိုးတယ်၊ ကိုယ်တို့လက်ထပ်ကြရအောင်ပါ"

"မဖြစ်နိုင်ပါဘူးကိုငွေလထိန် ... စိတ်လျှော့ပစ်လိုက်ပါ၊ ပြီးတော့ ... ရှင့်မာမီဘက်ကလည်း စဉ်းစားပေးရမယ်လေ၊ သူ့သားက ထက်မြက်ပြီး တော်တဲ့သားလေ"

"မာမီ သဘောမတူလည်း ကိုယ်ကတော့ချစ်တယ်၊ ဘုံ့ရှေ့





ကနေ မားမားမတ်မတ် ရပ်တည်ပေးပါ့မယ်"

"ကျွန်မ ဘယ်လိုနည်းနဲ့မှ ကိုငွေလထိန်ကို လက်မထပ်ပါဘူး၊ ဘုံ့ကို မေ့ပစ်လိုက်ပါတော့ ... ကျွန်မ ယက်မခံနိုင်လို့ပါ"

ကိုငွေလထိန် မာမီက ဘုံနှင့်လက်ထပ်ဖို့ သဘောမတူတော့ဘဲ ငြင်းဆန်နေသည်။ ဘုံက မဖြူစင်တော့လို့တဲ့။ ကိုငွေလထိန် မာမီက မျိုးရိုးဂုဏ်ကိုအသက်နှင့်ထပ်တူ စောင့်ရှောက်သူဖြစ်သည်။ ကိုငွေလထိန်ကို ဘုံချစ်မိနေပေမယ့် စိတ်ကို ထိန်းချုပ်ထားလိုက်၏။ မေမေ့ကို ပြုစုရင်း ဘုံချစ်မြတ်နိုးတဲ့ လူနာတွေအတွက် ကျန်းမာရေးစောင့်ရှောက်နေရင်း အတိတ်ကို မေ့ပစ်ဖို့ ကြိုးစားသည်။

"သမီးရေ... မဟာနွယ်စံအိမ်ကြီးရဲ့ နာရေးကြော်ငြာပါလာတယ် ... ဖွားစံ ဆုံးပြီတဲ့ ... "

"ဟင်"

"ဒီမှာလေ ... မေမေတို့သွားမှဖြစ်မယ်ထင်တယ်၊ မယ်မယ် ဘယ်လိုဖြစ်ရတာလဲ ... မေမေတို့ထွက်လာတာ ဘာကြာသေးလို့လဲ"

ယောက္ခမကြီး ဘယ်လောက်ပဲ ဆိုးသွမ်းနေပါစေ မိမိကတော့ မိခင်တစ်ယောက်လိုပင် သဘောထားလိုက်သည်။ အတိတ်ကိုလည်း မေ့ပစ်ထားလိုက်၏။ ကွယ်လွန်သွားပြီဆိုတော့လည်း စိတ်မကောင်းဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ငွေလထိန် ဖုန်းဆက်တယ် ... အကောင်းကနေပဲ တဲ့ ... မယ်မယ် အားငယ်နေပုံပဲတဲ့၊ မေမေနဲ့ဘုံ သွားကြရအောင်"

အဖွားစံအတွက် စိတ်မကောင်းဖြစ်ရပေမယ့် ဘုံက မဟာ နွယ်စံအိမ်ကလူတွေနှင့် မပတ်သက်လိုပေ။ အထူးသဖြင့် ကိုငွေ လထိန်ရဲ့ မာမီနှင့်ပဲ။

"သွားရလိမ့်မယ်ဘုံ ... မေမေ့ကို တစ်မျိုးမထင်နဲ့နော်၊ ကိုတိမ်ရဲမာန်နဲ့ မပတ်သက်ပါဘူး၊ သားထိန်ကြောင့်ပါ ... မေမေ့ကို မိခင်အရင်းလို ချစ်ခင်ပြီး စောင့်ရှောက်ပေးနေခဲ့တာလေ"

နာရေးကိစ္စဖြစ်နေ၍ ဖွားစံရဲ့ နောက်ဆုံးခရီးကိုတော့ ဘုံ လည်း လိုက်ပါပို့ဆောင်ပေးလိုသည်။ ဖွားစံက ဘုံ့ကို စောင့်မျှော် နေမယ်ဆိုတာ ဘုံသိနေသည်။

"သွားကြပါစို့သမီးရယ် ... ဖွားစံ နောက်ဆုံးခရီး တာဝန်သိ သိလိုက်ပို့ပေးကြရအောင်ပါ"

"ဟုတ်ကဲ့ မေမေ ... "

ဘုံတို့သားအမိ ကျောက်မဲသို့ တစ်ခေါက်ပြန်ရောက်သွားကြ ပြန်သည်။ မဟာနွယ် မိသားစုဝင်တွေ ဝမ်းနည်းကြေကွဲနေ၏။ သူမ တို့ကိုလည်း ဝမ်းသာအားရ ဆီးကြိုနှုတ်ဆက်ကြသည်။

"ဘုံတို့ရောက်လာတာ ဝမ်းသာတယ်၊ မယ်မယ်က ဘုံ့ကို စောင့်နေတာ ... မင်းကို အမြဲတမ်းမျှော်လင့်နေတယ်၊ ဘုံရှိနေရင်





အားရှိတယ်တဲ့လေ"

ဒေါ်တိမ်လွှာခကပင် ဘယ်တော့မှ ပတ်ပတ်သက်သက် မလုပ်တဲ့သူပါ။ သူမအား ဝမ်းသာအားရ ဆီးကြိုနေသည်။

"ဘုံက စိတ်သဘောထားပြည့်ဝတယ်၊ ချစ်စရာလည်း ကောင်းလွန်းတယ်၊ မင်းကိုရှိစေချင်ကြပါတယ်ကွယ်"

အဖွားစံ အလောင်းကို ရွှေထီးလေးလက်မိုး၍ ခမ်းနားစွာ ပြင်ဆင်ထားသည်။ မျက်နှာက ချောင်ကျသွား၏။ ဘုံမရှိလို့လား အခုတလော ဖွားစံမိသားစုဝင်တွေနှင့် မတွေ့ဆုံတော့ဘဲ တစ် ယောက်ထဲနေသည်တဲ့။ မိသားစုရှေ့နေကြီးနှင့်လည်း တိုင်ပင်နေ ကာ အမွေကိစ္စတွေ စီစဉ်ရင်း ဆုံးသွားခဲ့ရသည်တဲ့။ ဖွားစံဘေးနား မှာ မထတမ်းရှိနေသူက ငွေလထိန်ပင်။

"ကိုငွေလထိန် ... "

"ဘုံ"

"ဘုံလည်း ကိုငွေလထိန်နဲ့ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ နေရပါတယ် ... ဘုံရှိနေဖို့ သင့်တာပါနော်၊ တကယ်တော့ ဘုံ တာဝန်ဆက်ထမ်းဆောင်သင့်ပါတယ်၊ စာချုပ်သက်တမ်းမှ မပြည့် သေးတာပဲ ... တောင်းပန်ပါတယ်နော်"

ငွေလထိန်ကတော့ အဖွားစံအတွက် ဝမ်းနည်းကြေကွဲလို့ မဆုံးနိုင်အောင်ဖြစ်နေရသည်။ သူ့အပေါ်သံယောဇဉ်ကြီးလွန်းခဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖွားစံပါ။ ဘုံ့ကို လက်ထပ်နိုင်ဖို့ ခွဲမလျှော့စေချင်ပေ။ မြေးထိန် အမြဲတမ်း ကြိုးစားနေပါတဲ့လေ။

"မင်း ပြန်ရောက်လာပေးလို့ အဖွားစံ ကျေနပ်မှာပါဘုံ၊ မင်းက သူ့ရင်ထဲက အတ္တတွေကို ချေဖျက်ပေးခဲ့တာတဲ့"

ဘုံလည်း မျက်ရည်တွေ လိမ့်ဆင်းကျလာရသည်။ မဟာနွယ်စံအိမ် မိသားစုဝင်တွေအားလုံး တိမ်ပန်းချီမှလွဲ၍ ရှိနေကြ၏။ တိမ်ပန်းချီကတော့ ဖွားစံက သူမရှိနေတာကို နှစ်သက်မှာမဟုတ်လို့ မလာတော့ပါဘူးတဲ့။ ဖွားစံရဲ့ အသုဘက မိသားစုဝင်တွေနှင့် ပြီးဆုံးသွားခဲ့သည်။ ဖွားစံ အသုဘပြီးသည်နှင့် ဘုံတို့လည်း ပြန်ဖို့ ပြင်ဆင်ကြ၏။ ဦးတိမ်ရဲမာန်က မေမေ့ကို တားနေသည်။ မေမေက လက်မခံပေ။ သူမက မေမေ့ကိုနေခဲ့ဖို့ပြောပေမယ့် မေမေက ဘုံနှင့်ပဲပြန်လိုက်ဖို့ ဆုံးဖြတ်သည်။

"ဘုံ"

"ရှင်"

"သမီးဘုံပြန်သွားရင် အန်တီသားငွေလထိန်ကို ထည့်လိုက်ပါရစေကွယ်"

"ရှင်"

"သမီးကို တမ်းတလွမ်းရလွန်းလို့လေ သားထိန် စီးပွားရေးလုပ်ငန်းတွေမှာပဲ စိတ်မဝင်စားတော့ဘူး၊ အရမ်းကြေကွဲနေရှာတယ်





မာမီ တောင်းပန်ပါတယ်ဘုံ … ရုတ်တရက်တော့ မာမီလည်း တွေဝေသွားတာပါ၊ သားကို လက်ခံပေးပါ၊ လက်ထပ်ဖို့ နောက်မှ အချိန်ယူစဉ်းစားပါ … အခုတော့ သားကိုချစ်သူအဖြစ် လက်ခံပေးစေလိုပါတယ်"

လူကြီးမိဘတွေက ဘုံ့အား ဖွားစံရဲ့ အကြီးမားဆုံးဆန္ဒဟု ပြောကြကာ ကိုငွေလထိန်နှင့် လက်ထပ်ဖို့ ပြောနေကြသည်။ ဘုံလည်း ကြောင်စီစီနှင့် သူမနှင့်မတန်ဘူးဟု ထင်မှတ်ပြီး ဆက်ငြင်း၍လည်း မရတော့။ မနက်ဖြန် ဘုံပြန်လျှင် ကိုငွေလထိန်က လိုက်ဖို့ပြင်နေသည်။

"ဒီတစ်ခါတော့ ကိုယ့်ကိုထားခဲ့ပြီး ဘုံပြန်လို့မရတော့ဘူးနော်၊ ကိုယ်လိုက်မှာပဲ … မိသားစုဝင်တွေအားလုံးက လိုက်သွားဖို့ပဲ တိုက်တွန်းနေကြတယ် … မင်းမလိုက်နဲ့ပြောလည်း ကိုယ်လိုက်မယ်"

"အမယ် … ဒီလိုလုပ်လို့ ဘယ်ရမလဲ … ဘုံလက်မခံနိုင်ပါဘူးနော် … ကိုငွေလထိန်ရဲ့ အနာဂတ်ကို ဘုံဖျက်စီးမပြစ်နိုင်လို့ပါ"

ပြောရင်း … ဘုံအသံလေးက ရှိုက်သံတွေရောစွက်ပြီး ငိုပစ်ချင်သည်။

"ကိုယ့်အနာဂတ်က ဘာလဲ … ဒေါက်တာချစ်ခြင်းဘုံနဲ့ လက်ထပ်မယ် … ကလေးတွေမွေးမယ်၊ ကိုယ်လည်း အလုပ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားမယ်၊ ကိုယ့်အနာဂတ်က အရမ်းလှပနေပြီ"

"အို … ရှင် … ရှင် … "

ကိုငွေလထိန်က ပြောပြောဆိုဆိုနှင့် ဘုံခန္ဓာကိုယ်လေးအား သိုင်းဖက်လိုက်သဖြင့် ဘုံ အထိတ်တလန့် ရှက်ရဲရဲအသံလေးနှင့် တွန်းဖယ်ပစ်မိနေပေမယ့် ကိုငွေလထိန်ကတော့ ချစ်ခြင်းဘုံအား မလွတ်တမ်း တင်းကြပ်စွာ ဖက်ထားရင်း ချစ်တယ်ဆိုတဲ့စကားတွေကို အဆက်မပြတ် ပြောဆိုနေသည်။

သင်မြတ်နိုး

www.burmeseclassic.com